ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇွန်လ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ အင်္ဂါနေ့ (3-12-2013) (၇၆၈၃)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို နိုင်ငံတကာအဆင့်မီ ကုန်သွယ်ရေးဇုန်ဖြစ်လာစေရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာကြရာ လားရှိုးမြို့သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကြပြီး ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဆောက်အအုံ၌ ပြုလုပ်သည့် မျက်စိ၊ သွားနှင့်နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသခွဲစိတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်ကာ စမ်းသပ်ကုသပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါစမ်းသပ်ကုသမှုကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမနှင့် မန်ဆူ(ရှမ်း)ဘုန်းကြီးကျောင်းတို့တွင် နှစ်နေရာခွဲကုသပေးခဲ့ပြီး ယနေ့တွင် လားရှိုးဒေသရှိ လူနာစုစုပေါင်း ၁၀၀၀ ကျော်အား စမ်းသပ်ကုသပေးခဲ့ကြောင်းနှင့် ထိုသို့ကုသရာသို့ မန္တလေး မျက်စိ၊ နား၊ နှာခေါင်းနှင့်လည်ချောင်းအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးနှင့် အထူးကုဆရာဝန်ရှစ်ဦးအပါအဝင် ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၂၉ ဦးတို့က အားဖြည့်ကူညီခဲ့ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတသည် ရဟတ်ယာဉ်ဖြင့် မူဆယ်မြို့သို့ ရောက်ရှိပြီး ဟိုမွန်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မောဝ်ချယ်ရီ၊ မောဝ်နဒီနှင့် မောဝ်ရွှေလီကျောင်းဆောင်သစ်များကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ သိပ္ပံခန်းနှင့်စာသင်ခန်းများကိုလှည့်လည်ကြည့်ရှုခဲ့သည်။

မောဝ်ချယ်ရီဆောင်နှင့် မောဝ်နဒီဆောင်တို့တွင် စာသင်ခန်း ရှစ်ခန်းစီနှင့် မောဝ်ရွှေလီဆောင်တွင် စာသင်ခန်း လေးခန်းပါရှိသည်။ ယခင်ရှိပြီး ကျောင်းဆောင်များမှ စာသင်ခန်းများနှင့်ပေါင်းပြီး ရေတွက်ပါက စုစုပေါင်း ၅၆ ခန်းရှိပြီး ကျောင်းသားအင်အားမှာ ၂၈၆၈ ဦးရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ကျောက်ဆည်တက္ကသိုလ် အဆောင်နေကျောင်းသူ ၅၀ စတင်လက်ခံမည်

သတင်းနှင့်ဓာတ်ပုံ - အောင်မင်း(စဉ့်ကိုင်)

ကျောက်ဆည် ဒီဇင်ဘာ ၂

ကျောက်ဆည်တက္ကသိုလ်(တောမ)၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပထမနှစ်သင်တန်းတက်ရောက်မည့် ကျောင်းသားကျောင်းသူများကို ဒီဇင်ဘာ ၂ ရက် တနင်္လာနေ့မှစ၍ ကျောင်းအပ်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

ဒုတိယနှစ်မှနောက်ဆုံးနှစ်အထိ တက်ရောက်ပညာသင်ယူကြမည့် ကျောင်းသားကျောင်းသူများအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းစတင်ဖွင့်ရက်ကို ဒီဇင်ဘာ ၂ ရက်တွင် ဖွင့်လှစ်ကြောင်း၊ ပထမနှစ်ကျောင်းသားကျောင်းသူများအတွက် ဒီဇင်ဘာ ၅ ရက်ကို ကျောင်းစတင်ဖွင့်ရက် သတ်မှတ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်မည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်စတင်တက်ရောက်မည့် ကျောင်းသားကျောင်းသူများအနက် ကျောင်းသူဦးရေ ၅၀ ကို အဆောင်နေကျောင်းသူများအဖြစ် စီစစ်လက်ခံသွားမည်ဟုသိရသည်။ "အသေးစိတ်စည်းကမ်းသတ်မှတ်ချက်တွေကိုတော့ ဘုတ်အဖွဲ့အစည်းအဝေးထိုင်ပြီးမှ ထုတ်ပြန်နိုင်မှာဖြစ်ပါတယ်။ လောလောဆယ် ကျောင်းသူ ၅၀ ကို လက်ခံနိုင်ဖို့ နေရာစီစဉ်ထားပါတယ်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ဆီးဂိမ်း အထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် ဆီးဂိမ်း အထူးထုတ် လေးမျက်နှာ အပိုပါရှိပါသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ဦးအောင်နိုင်
ရွှေတံဆိပ်ဆုရှင်-CPA
B.Com(Q), CPA, FLCCI (London-UK), DA (LCCI-UK), FFA (IFA-UK)
LCCI Level I, II, III
တရင်းကိုင်သင်တန်းများ
For Series 3/2014
ကျောင်းအပ်လက်ခံပြီ
၂၄၄၊ ဓာတီယလမ်း၊ မိုးမြင့်နှင့် ဗိုလ်တထောင်ကြား၊ ပန်းဆိုးတန်း(အထက်)။ Ph: 01-377 610, 09 730 99 752, 09 730 66 231, 09 515 10 24

ကြေးမုံ စာတည်းရှုထောင့် ၃-၁၂-၂၀၁၃၊ အင်္ဂါနေ့

အသက်သွေးဧရာဝတီ

ဧရာဝတီသည် အမိနိုင်ငံ၏ ပင်ကိုယ်အလှ၊ အမိနိုင်ငံ၏ ပကတိဘဝ၊ အမိနိုင်ငံတော်၏ အသက်သွေးကြောဖြစ်သည်။ ထိုဧရာဝတီ အစဉ်တည်မြဲရေး၊ အလှပီပြင် တလွင်လွင်ရှိနေစေရေးမှာ နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်ဖြစ်သည်။

ဧရာဝတီသည် အမိနိုင်ငံ၏မြောက်ဖျားဒေသ နှင်းတောင်များပေါ်မှ မြစ်ဖျားခံပြီး မိုးနည်းရပ်ဝန်းများသို့ ရေချိုဖြန့်ဝေပေးကာ တောင်ဘက်ကပ္ပလီပင်လယ်ထဲသို့ မြစ်ချောင်းခွဲ၊ မြစ်လက်တက်ပေါင်းများစွာတို့နှင့်အတူ နှစ်ပေါင်းထောင်ချီ စီးဆင်းနေဆဲဖြစ်သည်။

အလျား ၁၅၆၈ ကီလိုမီတာ ရှည်လျားသော ဧရာဝတီမြစ်သည် နှစ်ပရိစ္ဆေဒကြာညောင်းလာမှု၊ လူတို့၏ ပယောဂ၊ သဘာဝပတ်ဝန်းကျင်မှ ဧရာဝတီအပေါ် သက်ရောက်မှု စသည်တို့ကို သတိမမူ မှုတို့ကြောင့် ဧရာဝတီအလှ၊ ဧရာဝတီဘဝများ ယိုယွင်းပျက်စီးလာနေပြီကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ဧရာဝတီတွင် အခြေတည်သည့် မြန်မာပြည်သားတို့ ဧရာဝတီကို ပြန်လည်ထိန်းသိမ်းပုံဖော်ရန် ကြိုးစားလာကြသည်မှာလည်း ဝမ်းမြောက်စရာဖြစ်သည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် တာတမံအနိမ့် ၁၆ ခုတည်ဆောက်ပေးကာ ဧရာဝတီတစ်လျှောက် နွေ၊ မိုး၊ ဆောင်း ရေဖြိုးမောက်အောင် ဆောင်ရွက်သွားမည့် အစီအစဉ်ကိုသိရပါသည်။

လက်ရှိတွင် ဧရာဝတီမြစ်ပြင်တစ်လွှား၌ ရေပြင်အစား သောင်ပြင်ဖွေးဖွေးများ နေရာယူထားသဖြင့် ရေကြောင်းသွား စက်ရေယာဉ်များ အခက်တွေ့နေရသည်။ ထိုအစီအစဉ်အောင်မြင်လျှင် သဲသောင်ပြင်များကို ရှောင်ကွင်းစရာမလိုဘဲ သင်္ဘောကြီးများဖြင့် မြန်မာပြည်အထက်အောက်သို့ စုန်ချီဆန်ချီ လွတ်လွတ်လပ်လပ် သွားလာနိုင်တော့မည်။

ထောက်ကန်ပေးမည့် တာတမံအနိမ့်များ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသများ၏ ရေချိုလိုအပ်ချက်ကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ပေမည်။ ဧရာဝတီရေမျက်နှာပြင် ကျယ်ဝန်းလာမှုကြောင့် မြစ်ကမ်းနှစ်ဘက်ရှိ ကမ်းရိုးတန်းဒေသများ အစိုဓာတ်ကိုရရှိစေကာ စိုက်ပျိုးမြေဧရိယာ ပိုမိုတိုးပွားလာမည်ဖြစ်သည့်အပြင် မိုးလေဝသနှင့်ရာသီဥတုပါ ကောင်းမွန်လာမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ထင်ရှားသည့် ဒင်ညူမြစ်၊ မစ္စစ္စပီမြစ်များတွင် ဤကဲ့သို့ တာတမံအနိမ့်များ တည်ဆောက်ပြီး မြစ်ပြင်ထိန်းသိမ်းမှုကို ဆောင်ရွက်နေရာ ဤနမူနာအတိုင်း ဧရာဝတီကိုပြုပြင်ပေးသွားခြင်းဖြင့် ဧရာဝတီလည်းလှ၊ ပြည်သူတို့၏ဘဝများလည်း စိုပြည်လာမည်ဖြစ်သည်။ ထို့အပြင် နှစ်စဉ်ကြုံတွေ့နေရသည့် အနိမ့်ပိုင်းဒေသများ ရေလွှမ်းမိုးမှုအန္တရာယ်မှလည်း ကင်းဝေးသွားမည်ဖြစ်သည်။

သို့သော် ဤလုပ်ငန်းမှာ အချိန်ယူဆောင်ရွက်ရမည့်ရေရှည်လုပ်ငန်းဖြစ်သည်။ လတ်တလောတွင် ဧရာဝတီမြစ်ထိန်းသိမ်းရေးကို တိုင်းထွာတွက်ချက်ဆောင်ရွက်နေပြီး ကျပ်ငွေသန်းပေါင်းထောင်ချီ အကုန်အကျခံပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ ရန်ကုန်မှ ဗန်းမော်အထိ ရေကြောင်းကျပ်သည့်နေရာ ၄၆ နေရာကို သောင်တူးခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းများ ဦးစွာပြုလုပ်သွားမည်ဖြစ်သည်။

မြစ်ကြောင်းကောခြင်း၏ အဓိကအချက်မှာ သောင်ထွန်းခြင်းဖြစ်သည်။ သောင်ထွန်းခြင်း၏ အကြောင်းအရင်းမှာ မြေဆီလွှာမြေသားများကို ထိန်းသိမ်းထားနိုင်သည့် သစ်တောများပြုန်းတီးလာရခြင်းကြောင့်ဖြစ်သည်။ တစ်ဖက်က သောင်တူးခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းများကို ဆောင်ရွက်နေသလို တစ်ဖက်ကလည်း သစ်တောသစ်ပင်များကို ထိန်းသိမ်းကြရမည်။

ဧရာဝတီဖွံ့ဖြိုးခြင်းသည် တစ်ခုနှင့်တစ်ခုအပေါ် အမှီသဟဲပြုနေသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအလုပ်ကို အလေးထားလိုက်နာဆောင်ရွက်ကြရတော့မည်။ ထိုသို့မဟုတ်လျှင် ပလိုင်းပေါက်နှင့် ဖားကောက်သကဲ့သို့ ရှေ့ကလုပ် နောက်ကပျက်စီးခြင်းသံသရာလည်ကာ ဒုံရင်းကဒုံရင်း အတိုင်းဖြစ်နေပေတော့မည်။

ထို့ကြောင့် ဧရာဝတီကိုထိန်းသိမ်းဖို့ လူတိုင်းလူတိုင်း အသိရှိရှိပါဝင်ဆောင်ရွက်ကြဖို့ အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

မြန်မာ-တရုတ် ရေလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Niu Dun နှင့် အဖွဲ့တို့သည် ယနေ့ နံနက် ၇ နာရီတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံ ဆက်ဆံရေး ဆက်လက်ခိုင်မြဲစွာ ချစ်ကြည်မှုတည်ဆောက်သွားကြရန်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ တရုတ်နိုင်ငံ၌ ကျင်းပခဲ့သော (၁၈) ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအရ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပွင့်လင်းမြင်သာသော ဆက်ဆံရေးများနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေးကို ဆုံးဖြတ်ခဲ့ခြင်းအရလည်းကောင်း၊ မြန်မာနှင့် တရုတ်နှစ်နိုင်ငံအကြား အတူတကွ ပေါင်းစည်းနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အတူ ယခုထိတိုင် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ဆက်သွယ်လျက်ရှိမှု၊ ရေလုပ်ငန်းကဏ္ဍ၏ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများ၊ ရေထွက်ကုန်များ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများပါ ပူးပေါင်းဆောင်ရွက်သွားကြရေး ဆွေးနွေးကြကာ နှစ်နိုင်ငံအကြား ရေလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်	ရွှေဈေး	၆၅၇၉၀၀	-	၆၅၈၉၀၀
မန္တလေး	ရွှေဈေး	၆၅၇၇၀၀	-	၆၅၈၇၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၅. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၁. ၁၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၄၂၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၄. ၃၅
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၃၇
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၈. ၁၀
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၈၂၂
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၆. ၉၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၂. ၅၉

ကလေးဒေသထွက် မိုးစပါးဈေးနှုန်းရ၍ တောင်သူများဝမ်းမြောက်

ကလေး ဒီဇင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကျေးလက်ဒေသတစ်ခွင်တွင် မိုးစပါးများထွက်ရှိလာပြီဖြစ်ကာ တောင်သူဦးကြီးများအနေဖြင့် စပါးအထွက်နှုန်း သင့်တင့်ကောင်းမွန်ကြကာ ဈေးနှုန်းကလည်းသင့်တင့်သည့် ဈေးနှုန်းရရှိသဖြင့် တောင်သူတို့ဝမ်းမြောက်ပျော်ရွှင်နေကြကြောင်း သိရသည်။

"ကလေးဒေသမှာက ဧရာမင်း၊ ဆင်းသုခ၊ ပေါ်ဆန်းဆိုပြီး အစိုက်များပါတယ်၊ ဧရာမင်းဆိုရင် တစ်ဧကကို တင်း ၈၀ နဲ့ ၁၀၀ ကြားထွက်ပါတယ်၊ လက်ရှိစပါးပေါက်ဈေးမှာ တစ်တင်းကို ဧရာမင်းအသစ် ကျပ် ၅၀၀၀၊ ဆင်းသုခ ကျပ် ၄၅၀၀၊ ပေါ်ဆန်း ၄၂၀၀ ရှိပါတယ်၊ ဧရာမင်းဆန်အသစ်က တစ်အိတ်ကို(ရိုးရိုး) ကျပ် ၁၉၀၀၀၊ ဆင်းသုခ ဆန်အသစ်က ကျပ် ၁၈၀၀၀၊ ပေါ်ဆန်းအသစ်က ကျပ် ၁၄၅၀၀ ရှိပါတယ်၊ ထွက်ရှိပြီး စပါးတွေကို ဂန့်ဂေါဘက်ကဝယ်တာ ရှိသလို တောင်ပေါ်ဒေသ ဟားခါး၊ ဖလမ်း၊ တီးတိန်ဘက်က ဝယ်တာတွေလည်းရှိပါတယ်၊ ဒါပေမယ့် ဆန်တွေကြိတ်ပြီး သယ်သွားကြတာကများပါတယ်၊ စပါးဈေးနဲ့ဆန်ဈေးတွေက ယခင်နှစ်ကထက် ဈေးကောင်းရပါတယ်၊ တစ်တင်းကို ယခင်နှစ်က ကျပ် ၃၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ယခုနှစ်စပါးဈေးက ပျမ်းမျှ တစ်တင်းကို ကျပ် ၄၅၀၀ ဝန်းကျင်မှာရှိပါတယ်" ဟု ထိုမာကျေးရွာမှ ဆန်ပွဲစားဦးမျိုးတင့်က ပြောသည်။

ကလေးဒေသသည် စပါးစိုက်ပျိုးမှုကို စက်ယန္တရားများဖြင့် စိုက်ပျိုးရိတ်သိမ်းလာကြပြီး စပါးခြွေလှေ့စက်ငှားရမ်းခမှာ တစ်တင်းလျှင် ကျပ် ၁၅၀ ဖြင့် အငှားလိုက်နေကြပြီး တစ်ရက်လျှင် စပါးတင်းပေါင်း ၂၀၀၀ အထိ ခြွေလှေ့နိုင်ကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

✱ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းမှ

ဆက်လက်၍ ဒုတိယသမ္မတသည် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသုံးထပ် သံကူကွန်ကရစ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုအနေဖြင့် ၉၂ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။ ယခုလကုန်ပြီးစီးမည်ဖြစ်ကြောင်း၊ ယခုကျောင်းဆောင်သည် ဈေး၊ ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပြီး ကျောင်းဆောင်ဟောင်းအစား အသစ်ပြန်လည်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယင်းကျောင်းတွင် ကျောင်းသားအင်အား စုစုပေါင်း ၁၉၇၅ ဦး ပညာသင်ကြားလျက်ရှိကြောင်းနှင့် အထက်တန်းကျောင်းအဖြစ် ၂၀၁၂ ခုနှစ် စက်တင်ဘာလက အဆင့်တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် သိန်းသန်းချိကုမ္ပဏီက တည်ဆောက်လျက်ရှိသည့် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ရေဆိုးထုတ်စနစ်ကို စနစ်တကျဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုမရှိစေရေး နိုင်ငံတကာစံနှုန်းများနှင့်အညီ အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး တည်ဆောက်ပြီးစီးမှုအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းစီမံကိန်း၏ တည်ဆောက်ရေးကာလအနေဖြင့် ၂၀၁၄ ခုနှစ် ဧပြီလအထိဖြစ်ပြီး မြေဧရိယာ ၁၃ ဒသမ ၆၉ ဧက ကျယ်ဝန်းကြောင်း၊ အဆောက်အအုံပေါင်း ၄၁ လုံး၊ အခန်းပေါင်း ၂၀၂ ခန်းပါရှိမည်ဖြစ်ကာ ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ပြီးစီးမှုရာခိုင်နှုန်းမှာ ၇၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒုတိယသမ္မတသည် ရှမ်းပြည်နယ်အစိုးရ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် မူဆယ် ဗဟိုစီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ရှင်းလင်းဆောင်၌ ပုံစံငယ်နှင့်တကွတင်ပြခဲ့ပြီး ဒုတိယသမ္မတက သိလိုသည်များကို မေးမြန်းကာ ၂၀၁၄ ခုနှစ်တွင် ပြီးစီးနိုင်မည့်လုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ပန်ဆိုင်း(ကျူကုတ်)မြို့နယ်ခွဲရှိ လွယ်အင်ကျေးရွာ ကျိန်စန်းကျော့ဂိတ်ရှင်းလင်းဆောင်သို့ရောက်ရှိရာ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တာဝန်ခံက ရှင်းလင်းတင်ပြခဲ့ပြီး ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

ယင်းသို့ပြောကြားရာတွင် ဒုတိယသမ္မတက မူဆယ်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်နိုင်ငံနှင့် ရင်ပေါင်တန်းနိုင်အောင် ရေရှည်ရည်မှန်းထားပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို နိုင်ငံတကာအဆင့်မီကုန်သွယ်ရေးဇုန်ဖြစ်လာစေရေး ပူးပေါင်းဆောင်ရွက်ကြရန်လိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးကို ယခင်ကထက် ဖွံ့ဖြိုးအောင် ပုံမှန်လုပ်ငန်းများအပြင် Import, Export လိုင်စင်လွယ်ကူအောင် ဆောင်ရွက်ပေးခြင်း၊ Individual Trading Card များပြုလုပ်ပေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဗဟိုဌာနကိစ္စ လွယ်ကူမြန်ဆန်အောင် ပြုလုပ်ပေးခြင်း၊ မူဆယ်နှင့် မန္တလေးအကြား ဂိတ်ကြီး၊ ဂိတ်ငယ်များဖျက်သိမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးသည့်အတွက် ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်ပြီး ကုန်သွယ်မှုပမာဏတိုးတက်လာပါကြောင်း၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်သမားများအတွက်လည်း အခွင့်အလမ်းများရရှိပြီး တည်ငြိမ်သည့် ကုန်ဈေးနှုန်းကို အထောက်အကူဖြစ်စေပါကြောင်း။

ထိုကဲ့သို့ နိုင်ငံတော်က ဖြည့်ဆည်းပေးနေသည့်နည်းတူ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းရှင်များအနေဖြင့်လည်း သတ်မှတ်သည့်နည်းလမ်းအတိုင်း တရားဝင်ကုန်သွယ်မှုလုပ်စေလိုပါကြောင်း၊ ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်များကို မှန်မှန်ကန်ကန်ပေးသွင်းကြစေလိုပါကြောင်း၊ မကြာမီရောက်လာတော့မည့် ၂၀၁၅ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့်အတူ ကုန်သွယ်ရေးကျင့်ဝတ်များဖြင့် အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့်မီအောင် ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် မှာကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် မူဆယ်မြို့ရှိ လေ့ကျင့်ရေးဂေါက်ကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် လားရှိုးမြို့၌ ညအိပ်ရပ်နားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ဂျပန်နိုင်ငံ ခမာကူရမြို့တော်ဝန်နှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ခမာကူရ မြို့တော်ဝန် H.E.Mr. Matsuo Takashi အား တွေ့ဆုံနှုတ်ဆက်ပြီး ခမာကူရမြို့တော်ဝန်က တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီတွင် Tokyo Gas ကုမ္ပဏီသို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက Tokyo Gas ကုမ္ပဏီနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ကုမ္ပဏီအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် J-Power ကုမ္ပဏီသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက J-Power ကုမ္ပဏီ၏ ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယကက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော မြန်မာလွှတ်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ခမာကူရ ဗုဒ္ဓမြတ်စွာဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကဦးဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် Gotemba Jukuu no Mori Park သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြခန်းအတွင်း လိုက်လံရှင်းလင်းပြသကာ Gotemba Jukuu no Mori Park View Point မှ Mt. Fuji တောင်အား ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

❖ ကျောက်ဆည်မှ

အဆောင်နေကျောင်းသူတွေအတွက် စားသောက်နေထိုင်ရေးအားလုံးကို စီစဉ်ပေးဖို့ အစီအစဉ်ဆွဲလျက်ရှိပါတယ်၊ မိဝေးဖဝေးရပ်ဝေးဒေသကလာတဲ့ ကျောင်းသူတွေထဲက ကျောင်းသူ ၅၀ ကို စိစစ်ရွေးချယ်ပြီး နေရာချထားပေးမှာဖြစ်ပါတယ်။ ရပ်ဝေးမှကျောင်းသူတိုင်း အဆောင်လျှောက်ထားနိုင်ပါတယ်၊ အဆောင်များကဆောက်လုပ်ဆဲဖြစ်လို့ အခုနှစ်မှာ ကျောင်းသူ ၅၀ ကိုပဲ လက်ခံဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊ လာမယ့်နှစ်တွေမှာ တစ်နှစ်ထက်တစ်နှစ်တိုးချဲ့လက်ခံသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်” ဟု ကျောက်ဆည်တက္ကသိုလ် ကျောင်းသားရေးရာဌာနမှ ရုံးအုပ်ဖြစ်သူ ဒေါ်ခင်မြသွေးက ပြောသည်။

ပြည်သူအားလုံး
ပါဝင်နွှဲ
အရှေ့တောင်အာရှ
အားကစားပွဲ

ဆီးဂိမ်းပြိုင်ပွဲအောင်နိုင်ရေးအတွက် ဖျော်ဖြေရေးယာဉ်ဖြင့် လှည့်လည်ဖျော်ဖြေ

သတင်း-ကေသိန်းဆွေ ❖ ဓာတ်ပုံ-ခင်မောင်ဝင်း

ရန်ကုန် ဒီဇင်ဘာ ၂။ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများကို ပရိသတ်များစိတ်ဝင်စား၍ ပိုမိုအားပေးလာစေရန်အတွက် ဆီးဂိမ်းပြိုင်ပွဲလှုံ့ဆော်ရေးကားဖြင့် လှည့်လည်ဖျော်ဖြေစည်းရုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီးဂိမ်းပြိုင်ပွဲလှုံ့ဆော်ရေးကားသည် ရန်ကုန်မြို့တွင်းလူစည်ကားသော နေရာများသို့ မောင်းနှင်မည်ဖြစ်ပြီး ပရိသတ်များအား ဘောလုံးပွဲစဉ်အစီအစဉ်များပါဝင်သော လက်ကမ်းစာစောင်များဝေငှ၍ မြန်မာအောင်နိုင်ရေးတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသွားကြောင်း သိရသည်။

“သုဝဏ္ဏဘောလုံးကွင်းကနေ ညနေ ၆နာရီတွင် ကားထွက်ပြီး ကန်တော်ကြီးမျှော်စင်ကျွန်းနေရာနဲ့ မြို့တော်ခန်းမရှေ့မှာ အောင်နိုင်ရေးတေးသီချင်းတွေနဲ့ ဖျော်ဖြေသွားမှာပါ၊ လမ်းတစ်လျှောက်မှာ ပြိုင်ပွဲစာရင်းတွေပါတဲ့စာရွက်တွေဝေငှသွားမှာပါ” ဟုဆီးဂိမ်းပြိုင်ပွဲလှုံ့ဆော်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းသို့ဆီးဂိမ်းပြိုင်ပွဲလှုံ့ဆော်မှုပြုလုပ်ရာတွင် ၃၂ ပေအရှည်ရှိ ကားကြီးတစ်စီးဖြင့် ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ဒီဇင်ဘာ ၂၁ ရက်အထိ လှည့်လည်ဖျော်ဖြေသွားမည်ဖြစ်ပြီး ဆီးဂိမ်းဖိုင်နယ်ပွဲစဉ်များတွင် နေပြည်တော်သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂

၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ အတွင်းရေးမှူးဦးကျော်စိုး၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်တင်းနစ်အားကစားသမားများ သတ်မှတ်နေရာတွင် နေရာယူကြပြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ယင်းနောက် သတ်မှတ်ထားသော ပြိုင်ပွဲများကို စတင်ကျင်းပကြောင်း သိရသည်။

(ကြေးမုံ)

သတင်းကြေညာချက်

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ သို့ဖြစ်ပါ၍ ပင်လယ်ပြင်အတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် အန္တရာယ်ကြိုတင်ရှောင်ရှားကာကွယ်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

မိုးမြေရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

လမျက်နှာပြင်စူးစမ်းလေ့လာရေးယာဉ် တရုတ် လွှတ်တင်

ပေကျင်း ဒီဇင်ဘာ ၂

တရုတ်နိုင်ငံသည် ၎င်း၏ရည်မှန်းချက်ကြီးမားသော အာကာသဆိုင်ရာ အစီအစဉ်၏ ခြေလှမ်းသစ်အဖြစ် ပထမဆုံးသော လမျက်နှာပြင် စူးစမ်းလေ့လာရေးယာဉ်ကို ယနေ့လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါယာဉ်ကို တရုတ်နိုင်ငံတောင်ပိုင်း စီချန်အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဒီဇင်ဘာ ၂ ရက် ဒေသစံတော်ချိန် ၁း၃၀ နာရီတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ယင်းခရီးစဉ်အား ချန်ဂီ-၃ အာကာသခရီးစဉ်ဟု အမည်ပေးထားသည်။

လမျက်နှာပြင်ဆင်းယာဉ်နှင့် ဘီးခြောက်ဘီးပါ လမျက်နှာပြင် စူးစမ်းလေ့လာရေးစက်ရုပ်ယာဉ်ကို လောင်းမတ်ချ်-၃ ဘီ အမျိုးအစား ဒုံးယာဉ်၌တင်ဆောင်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအာကာသခရီးမစ်ရှင်သည် ဒီဇင်ဘာလလယ်ခန့်တွင် လကမ္ဘာ၏ မြောက်ဘက်အခြမ်းမျက်နှာပြင်သို့ ဆင်းသက်နိုင်ဖွယ်ရှိသည်။

တရုတ်အစိုးရ ရုပ်မြင်သံကြားမှ ယင်းအာကာသယာဉ်လွှတ်တင်ပုံကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာမြေပြင်မှ လမျက်နှာပြင်ပေါ်သို့ စက်ရုပ်စူးစမ်းလေ့လာရေးယာဉ် လွှတ်တင်နိုင်သော တတိယမြောက်နိုင်ငံဖြစ်လာပြီး ယင်းစူးစမ်းလေ့လာရေးယာဉ်တွင် ခေတ်မီဆန်းပြားသော ပစ္စည်းကိရိယာများ ပါဝင်သည်။ လမျက်နှာပြင်၏ အပေါ်ယံမြေလွှာနှင့် အမာခံမြေသားကို ထွင်းဖောက်တိုင်းတာမှုပြုနိုင်သည့် ရေဒါကိရိယာနှင့် ကျောက်စိမ်းယုန်ငယ်ဟု အမည်ပေးထားသည့် ယင်းစူးစမ်းလေ့လာရေးယာဉ်သည် ၃၀ ဒီဂရီအထိ အမြင့်ရှိသော မြေမျက်နှာပြင်ကုန်းကမူအထိ မောင်းနှင်နိုင်ပြီး တစ်နာရီလျှင် မီတာ ၂၀၀(ပေ ၆၆၀)အထိ သွားလာနိုင်သည်။ ယင်းစက်ရုပ်ယာဉ်ကို ရှန်ဟိုင်းလေကြောင်းအာကာသအင်ဂျင်နီယာ သုတေသနဌာနမှ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

တရုတ်နိုင်ငံ၏ ပထမဆုံးသော လမျက်နှာပြင် စူးစမ်းလေ့လာရေး ယာဉ်အား လွှတ်တင်စဉ်။

ရာထူးမှနုတ်ထွက်ရန် တောင်းဆိုမှု ထိုင်းဝန်ကြီးချုပ် ယင်လတ် ပယ်ချ

ဗန်ကောက် ဒီဇင်ဘာ ၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အစိုးရနှင့် ဆန္ဒပြသူများအကြား တိုက်ခိုက်မှုအသစ်များဖြစ်ပွားနေစဉ်တွင် ဆန္ဒပြသူများက ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုမှုအား ထိုင်းဝန်ကြီးချုပ် ယင်လတ်ရှင်နာဝပ်က ပယ်ချခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိကို ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုမှုများမှာ မဖြစ်နိုင်ကြောင်း၊ ၎င်းအနေဖြင့် ဆန္ဒပြသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် လမ်းဖွင့်ထားကြောင်း ထိုင်းဝန်ကြီးချုပ် မစ္စယင်လတ်က ပြောကြားသည်။

ဒီဇင်ဘာ ၂ရက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားခဲ့ပြီး ဆန့်ကျင်ဆန္ဒပြသူများသည် ထိုင်းဝန်ကြီးချုပ်ရုံးဝင်းအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်။

ထိုင်းနိုင်ငံ၏ နိုင်ငံရေးဝရုန်းသုန်းကား အခြေအနေသည် ၂၀၁၀ ခုနှစ်ကတည်းကပင် စတင်ခဲ့ပြီး ဆန့်ကျင်ဆန္ဒပြမှုများသည် အကြမ်းဖက်တိုက်ခိုက်ခြင်းများနှင့် အဆုံးသတ်ခဲ့ရသည်။

ထိုင်းအစိုးရ ဆန့်ကျင်ရေး ဆန္ဒပြသူများက ဝန်ကြီးချုပ် ယင်လတ်အား ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဆန္ဒပြခေါင်းဆောင် အတိုက်အခံနိုင်ငံရေးသမားဟောင်း ဆူဟက်သာဆူဟန်က မစ္စယင်လတ်အား ဝန်ကြီးချုပ်ရာထူးမှ လာမည့်နှစ်ရက်အတွင်း နုတ်ထွက်ပေးရန် ဒီဇင်ဘာ ၁ရက်တွင် တောင်းဆိုခဲ့သည်။ **ဘီဘီစီ။**

ကျွန်းများပိုင်ဆိုင်ကြောင်း တရုတ်နှင့်အငြင်းပွားမှု ဂျပန်ကို ထောက်ခံကြောင်း အမေရိကန် ပြောကြား

ဝါရှင်တန် ဒီဇင်ဘာ ၂

ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အရှေ့တရုတ်ပင်လယ်အတွင်းရှိ ကျွန်းများပိုင်ဆိုင်ကြောင်း အငြင်းပွားမှုကြီးမားလာစဉ် အမေရိကန်ပြည်ထောင်စုက မဟာမိတ်ဂျပန်နိုင်ငံကို ထောက်ခံကြောင်း ကတိပြုလိုက်ပြီး ပေကျင်းသည် အိမ်နီးချင်းနိုင်ငံများ စိတ်သောကရောက်ရန်ပြုမူလျက်ရှိသည်ဟု အမေရိကန် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက စွပ်စွဲပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးက ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့် ဖုန်းဆက်သွယ်ပြောဆိုရာတွင် နှစ်နိုင်ငံကာကွယ်ရေးစာချုပ်ကို အာမခံချက်ပေးခဲ့သည်။ယင်းစာချုပ်တွင် လွန်ခဲ့သောသီတင်းပတ်၌ တရုတ်က ကြေညာခဲ့သည့် လေကြောင်းရန်ကာကွယ်ရေးဇုန်အသစ်တွင် ကျရောက်နေသော ကျွန်းများပါဝင်သည်။ တိုကျိုကိုလည်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် တောင်းဆိုခဲ့ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တရုတ်ကြေညာချက်သည် ပေကျင်းနှင့်တိုကျိုအကြား ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသောနယ်မြေတွင် တရုတ်က ဝင်ရောက်ပန္နက်ရိုက်လိုက်ခြင်းဖြစ်သည်။ အဆိုပါအငြင်းပွားနယ်မြေတွင် ဂျပန်ဘာသာဖြင့် ရှင်ကာကူ၊ တရုတ်ဘာသာဖြင့် ဒိုင်အိုယုဟုခေါ်သော လူနေထိုင်ခြင်းမရှိသည့် ကျွန်းများပါဝင်သည်။

ယင်းကျွန်းများအနီးပျံသန်းသော လေယာဉ်များသည် တရုတ်အာဏာပိုင်များသို့ အကြောင်းကြားရမည်ဟူသော ပေကျင်း၏တောင်းဆိုချက်ကို အမေရိကန်ကစိန်ခေါ်သည့်အနေဖြင့် ၎င်း၏ လက်နက်တပ်ဆင်ထားခြင်းမရှိသော ဘီ-၅၂ ဗုံးကြဲလေယာဉ်နှစ်စင်းသည် ပေကျင်းအား အကြောင်းကြားခြင်းမပြုဘဲ အင်္ဂါနေ့၌ ယင်းကျွန်းများအပေါ် ပျံသန်းခဲ့သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ အာရှဗဟိုပြု မဟာဗျူဟာသည် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိသည်ဟု မဟာမိတ်နိုင်ငံများက စိုးရိမ်နေစဉ် ယင်းဒေသ၌ ၎င်းတို့၏ ကြီးမားသော စစ်အင်အားရှိဆဲဖြစ်ကြောင်း တရုတ်နိုင်ငံသို့ အမေရိကန်ပြည်ထောင်စုက သတိပေးလိုက်ခြင်းဖြစ်သည်။ **ရိုက်တာ။**

တရုတ်နှင့် ဂျပန် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော အရှေ့တရုတ်ပင်လယ်အတွင်းမှ ကျွန်းများကိုတွေ့ရစဉ်။







အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၂

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌနှင့် အောက်လွှတ်တော် ဥက္ကဋ္ဌတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

(သတင်းစဉ်)

နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂

ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Chong Quan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင် ဦးစိုးဝင်း၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေး ကော်မတီအဖွဲ့ဝင် ဦးသန်းစိန်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ဆွေ၊ ဦးဝင်းသိန်း၊ ဦးနေဝင်းနှင့် ဦးဝင်းမြင့်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ကြည်ရေးတည်တံ့ခိုင်မြဲရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအစိုးရချင်းသာမက နှစ်နိုင်ငံပြည်သူလူထုချင်း ပိုမို ရင်းနှီးကျွမ်းဝင်လာစေရေး၊ နှစ်နိုင်ငံစီးပွားရေးကိစ္စများ မြင့်တင်ဆောင်ရွက်ရေးစသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။**(ဝဲပုံ)**

(သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၂

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ မလေးရှားနိုင်ငံ Palm Resort Golf Club ၌ ကျင်းပမည့် US Kids golf World Championship Malaysia 2013 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် ဒီဇင်ဘာ ၁ ရက်တွင် လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် မြန်မာဂေါက်သီးရိုက်အားကစားသမားများ အောင်မြင်မှုရရှိရေးနှင့် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲတွင် အတွေ့အကြုံရရှိရေးကို ရည်ရွယ်လျက် ယခုပြိုင်ပွဲသို့စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃-၁၂-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	"ရဲရင့်သောစကား" တရားတော် (ဆရာတော်မဗ္ဗဒူတဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
၆း၂၀	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၃၀)
၇း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၇)
၉း၀၀	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၁၃)
၉း၄၅	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း-၁၉)

(၂၇) ကြိမ်မြောက် ဆီးဂိမ်းမီးထွန်းညှိတိုင် လက်ဆင့်ကမ်းသယ်ယူခြင်းမှသည် နိုင်ငံ့အလင်းရောင်သို့

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ရေးသားဆန္ဒပြုသည်။

အားကစားပြိုင်ပွဲများ ဖွင့်လှစ်သည့်အခါ အိမ်ရှင်နိုင်ငံအသီးသီးသည် မိမိတို့၏ ရိုးရာအကများ၊ စိတ်ဝင်စားဖွယ်အကများ၊ အလှအပသဘာဝများဖြင့် တင်ဆက်၍ နိုင်ငံ၏ဂုဏ်တံဆိပ်ကို မြှင့်တင်လာကြပါသည်။ အားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များယူ၍ နိုင်ငံ့ဂုဏ်မြှင့်သလို ဖွင့်ပွဲအခမ်းအနားကြီးများ ထည်ထည်ဝါဝါပြုလုပ်၍ နိုင်ငံ၏ စွမ်းဆောင်နိုင်မှုဂုဏ်ကို မြှင့်တင်ကြပါသည်။

မြန်မာနိုင်ငံသည် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်အခါ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီအား အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကတိကဝတ်ပြုခဲ့သော ပြီးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီ၏ တာဝန်များ၊ မူဝါဒများ ချမှတ်ပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနကို တာဝန်အပ်နှင်းခဲ့ပါသည်။

အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဆိုသည့်အခါ မီးထွန်းညှိတိုင် (မီးရှူးတိုင်ဟုလည်း သုံးကြပါသည်။) torch သယ်ယူရေး၊ ပင်မမီးရှူးတိုင်ကြီး(Cauldron)တွင် မီးကူးညှိရေး၊ အားကစားပြိုင်ပွဲကြီးကို ဖွင့်လှစ်ပေးရေးဆိုသည်များ အလိုလိုပါလာပါသည်။ ဤနေရာတွင် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား၏အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပါဝင်ကပြသည့် အနုပညာကကြိုးကကွက်နှင့် နည်းပညာပြုလုပ်ချက်များကို ကြိုတင်မထုတ်ပြန်သင့်ဟု ပြောသောသူများ ရှိလာပါသည်။ ပြည်သူလူထုကိုလည်း အသိပေးလိုသည်။ စိတ်ဝင်စားမှုလျော့ကျမှုများ၊ ဝေဖန်ရှုတ်ချအပြစ်ရှာမှုများကို ဖြေရှင်းပြနေရ၍ အချိန်ကုန်မှာ စဉ်းစားရမှုများ၊ မိမိတို့ကိုယ်တိုင် အကောင်းဆုံးလုပ်ထား၍ လျှို့ဝှက်ထားလိုမှုများ အမျိုးမျိုးရှိကြပါသည်။ သင်သည်သာ တာဝန်ခံဖြစ်ပါက ဤမေးခွန်းများအတွက် မည်သို့ဖြေရှင်းမည်ဆိုခြင်းမှာ နောက်ဆုံးဆုံးဖြတ်သူနှင့်သာ သက်ဆိုင်ပါလိမ့်မည်။ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်နိုင်ကောင်းသည်ဟု ထင်ပါသည်။ ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌနှင့်လည်း သက်ဆိုင်နိုင်ကောင်းပါသည်။

ရန်ကုန်မြို့တွင် လူဦးရေ ငါးသန်းအထက် ရှိနေပြီဟု ပြောကြပါသည်။ နိုင်ငံတော်သမ္မတကြီးက ရန်ကုန်မြို့နေပြည်သူအများဆုံးဖြစ်၍ လျစ်လျူရှုမထားဘဲ စဉ်းစားသင့်ကြောင်း ပြောပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ အခွင့်အရေးများကိုလည်း အမြဲအလေးထားစဉ်းစားရန် လမ်းညွှန်လေ့ရှိပါသည်။

ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်တွင် ကျင်းပမည်ဖြစ်ရာ ကျွန်တော်သည် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပရေးကော်မတီ တာဝန်ပေးအပ်ခြင်းခံရပြီးနောက် ရန်ကုန်မြို့တွင် မည်သို့ပြုလုပ်ရမည်နည်းဟု စဉ်းစားလာရပါသည်။ ပြည်ပကုမ္ပဏီတစ်ခုက ဆီးဂိမ်းအကြိုမာရသွန်ပြေးရန် ရှိပါသလား၊ လှုပ်ရှားမှုတစ်ခုခုရှိသင့်သည်ဟု အကြံပြုရာမှ ရုတ်ခြည်းပင် torch relay သယ်ရန် စီစဉ်ထားခဲ့သည်ဟု ဖြေလိုက်ပါသည်။ ထို့နောက် ဤကိစ္စစတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲမည်မဟုတ်ဘဲ ပုဂ္ဂလိက အားပေးထောက်ပံ့မှုနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုချက်ရယူပြီး ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ထို့ကြောင့် အချိန်နှင့်အကွာအဝေးတွက်ရပါသည်။ ပြည်ထောင်စုအလံ သယ်ယူသကဲ့သို့ ညအိပ်/ရက်ဆက် သယ်ယူခြင်းမပြုသင့်ကြောင်းလည်း စဉ်းစားခဲ့ပါသည်။ လူထုက စိတ်ဝင်စားမှုဖြင့် လက်ပြကြိုဆိုရန်၊ SEAGF ကသိရန်လည်း စဉ်းစားပါသည်။ ရန်ကုန်မြို့တွင် အခမ်းအနားတစ်ခုခုဖြစ်ရန်လည်းစဉ်းစားပါသည်။ နေပြည်တော်တွင် ဖွင့်ပွဲအခမ်းအနား အချိန်ဇယားအတိုင်း စံချိန်ကိုက်လက်ဆင့်ကမ်း သယ်ယူရေးစဉ်းစားရပါသည်။ လမ်းကြောင်းသယ်ယူရေးနှင့် VIP အပါအဝင် အများသုံးလမ်းမှ ရှောင်ရှားရေးနှင့် လုံခြုံရေးလည်း စဉ်းစားရပါသည်။ အားလုံးကဏ္ဍစုံ၊ အချက်အလက်စုံ စုဆောင်းပြီးသည့်အခါ အကောင်းဆုံးဖြစ်သင့်သော Torch relay Campaing Plan တစ်ခုရရှိခဲ့ပါသည်။ နာယကထံ တင်ပြအတည်ပြုချက်ယူခြင်း၊ လမ်းညွှန်မှုရယူ၍ ပြင်ဆင်စီမံခြင်းပြုလုပ်ကာ လုပ်ငန်းစဉ်ရေးဆွဲခဲ့ပါသည်။

> ❛ မြန်မာမြားပစ်လူစွမ်းကောင်းသည် မီးထွန်းညှိတိုင်မှ မီးကိုမြားတံသို့ ကူးပြောင်းထွန်းညှိ၍ ပန်းရထားသို့တက်ရောက်နေရာယူပါမည်။ ပန်းရထားသည် မြေပြင်မှ ၁၀ မီတာအမြင့်သို့ မတင်ပြီးနောက် သတ်မှတ်နေရာအထိ ရွေ့လျားကာ အကွာအဝေး မီတာ ၇၀ တွင်ရှိသော အားကစားကွင်း၏ အရှေ့တောင်ဘက် အမိုးပေါ်ရှိ ကြာပန်းပွင့်သဏ္ဌာန်ပြုလုပ်ထားသည့် ပင်မမီးရှူးတိုင်ကြီး (cauldron)သို့ မြားပစ်လူစွမ်းကောင်းက မြားပစ်ခတ်၍ မီးထွန်းညှိမည် ဖြစ်ပါသည် ❜

ကော်မတီအစည်းအဝေးကို နေ့စဉ် နံနက် ၈ နာရီအချိန်တွင် ခေါ်ယူစုပေါင်းဆွေးနွေးတိုင်ပင်ရာ ကော်မတီက ဆောင်ရွက်ရမည့်ကိစ္စကဏ္ဍအသီးသီး၏ main event အဓိကလှုပ်ရှားမှုအဖြစ် မီးထွန်းညှိတိုင်သယ်ယူရေးပါလာပါသည်။

မီးထွန်းညှိတိုင် (torch)ကို ဖွင့်ပွဲကျင်းပမည့်ရက်၏ တစ်ရက်အကြိုနေ့ ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ထွန်းညှိရန်၊ ခရီးတိုသယ်ဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ လက်ဆင့်ကမ်းရန်၊ ဝန်ကြီးချုပ်သည် လက်ခံယူ၍ မီးရှူးတိုင်ငယ် (miniature cauldron) အားတစ်ညတာ မီးထွန်းညှိပေးရန်၊ နေရာကို ဆီးဂိမ်းကျင်းပရေးကော်မတီ (MYASOC) က သတ်မှတ်ပေးသော ဆီးဂိမ်းအလံလွှင့်တင်ခြင်း အခမ်းအနားပြုလုပ်မည့် သုဝဏ္ဏအမျိုးသားအားကစားရုံ(၁)တွင် သတ်မှတ်ရန်တို့ ဖြစ်လာပါသည်။

ရန်ကုန်တွင် တစ်ညတာ ထွန်းညှိခဲ့သော ဆီးဂိမ်းမီးညှိတိုင်အား ဖွင့်ပွဲကျင်းပမည့် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ဆက်လက်သယ်ဆောင်ရန်၊ မီးရှူးတိုင်သယ်ဆောင်သည့်အခါ အားကစားပြိုင်ပွဲအသီးသီး၌ မြန်မာ့ဂုဏ်ဆောင် ရွှေတံဆိပ်ရသူများက သယ်ဆောင်ရန်၊ အပို တစ်ကီလိုမီတာကို စပွန်ဆာကုမ္ပဏီက သယ်ယူနိုင်ရေး အခွင့်အရေးပေးရန်တို့ဖြစ်ပါသည်။ နေပြည်တော်သို့ မော်တော်ယာဉ်ဖြင့် တောက်လျှောက်သယ်ယူရာတွင် ပဲခူးတိုင်းဒေသကြီးကို ဖြတ်သန်းရမည်ဖြစ်၍ ပြည်သူများ လက်ဝှေ့ရမ်းနှုတ်ဆက်ကြိုဆိုပေးပါရန်ကို မေတ္တာရပ်ခံ သတင်းထုတ်ပြန်ပေးရန်ဖြစ်သည်။

စီမံချက်၏ အပိုင်းသုံးသည် နေပြည်တော်တွင် လက်ဆင့်ကမ်း သယ်ယူခြင်းဖြစ်ပါသည်။ နေပြည်တော် တစ်ခွင်တစ်ပြင်လုံး ဆီးဂိမ်းလှုံ့ဆော်ရေးပိုစတာများနှင့် လွှမ်းခြုံပြည့်နှက်နေပါသည်။ တကယ့်နေ့တွင် လှုံ့ဆော်ရေးတေးသီချင်းများနှင့်ပါ တစ်မြို့လုံးမြိုင်နေမည်။ လူထုအပေါင်း စည်းလုံးညီညွတ်စွာ တက်ကြွနေလိမ့်မည်ဟု မြင်ယောင်နေမိပါသည်။ နေပြည်တော်မြို့တော်ခန်းမတွင် ရန်ကုန်မြို့မှ ရောက်ရှိ ခေတ္တထွန်းညှိထားသော မီးထွန်းညှိတိုင်ကို မြို့တော်ဝန် ဦးသိန်းညွန့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က စတင်သယ်ဆောင်ပြီးနောက် ရွှေတံဆိပ်ရ အားကစားသမား ၇၀ တို့က လူငယ်များ ခြံရံလျက် ၁၄ ကီလိုမီတာကို လက်ဆင့်ကမ်း သယ်ယူကြမည်ဖြစ်ပါသည်။ မီးထွန်းညှိတိုင်ကို အခမ်းအနားကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစားရုံကြီးရှေ့၌ ခေတ္တနေရာချထားပြီး သတ်မှတ်ချိန်တွင် အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်သယ်ယူကြမည်ဖြစ်ပါသည်။ ရွှေတံဆိပ်များစွာရခဲ့ဖူးသော ဒေါ်ဂျနီဖာတင်လေး၊ (ဂိုး)ဦးတင်အောင်၊ အာရှတာတိုအပြေးမယ် သန်းသန်း၊ အပြေးမယ် ခင်ခင်ထွေး၊ ကျွမ်းဘားဦးမြင့်အောင်၊ အပစ်ချန်ပီယံ ဦးစောဆာလောက၊ ရေကူးချန်ပီယံ ဦးနန္ဒကျော်စွာတို့က ကွင်းကြီးအတွင်း ပြေးလမ်းတစ်လျှောက် နိုင်ငံအကြီးအကဲများ၊ ပရိသတ် ၂၀၀၀၀ ကျော်နှင့် အားကစားသမား ၂၀၀၀ ကျော်ရှေ့မှ ဖြတ်သန်းသယ်ယူကာ နောက်ဆုံးမီးကူးမြားပစ်မည့် မြန်မာ့အားကစားမြားပစ်အားကစားသမား ဆုတံဆိပ်ရှင် ကိုဝေလင်းထွန်းကို ပေးအပ်မည်ဖြစ်ပါသည်။

ရှေးမြန်မာတို့သည် အားမာန်စွမ်းဆောင်နိုင်သူများဖြစ်ပါသည်။ မင်းယောကျ်ားတို့တပ်အပ်သော လေးမြားအတတ်ကိုလည်း တတ်မြောက်ကြပါသည်။ မင်းညီမင်းသားများသည် မြားပစ်အတတ် သင်ယူကြရပါသည်။ နန်းတော်ပြာသာဒ်တွင် ငှက်ခတ်သမားထား၍ လုံခြုံရေးတာဝန်ထမ်းဆောင်ကြရပါသည်။ ပျူစောထီးသည် မြားပစ်ကျွမ်းကျင်မှုဖြင့် ပုဂံသားတို့ ရန်သူ ကျား၊ ငှက်၊ ဝက်၊ ရှူးပျံတို့ကို ချေမှုန်းပေးခဲ့သည်ဟု ပုဂံရာဇဝင်သမိုင်းက ဆိုပါသည်။ ရန်သူကို အဝေးကချေမှုန်းခြင်း၊ ခုခံခြင်းတို့တွင် ရှေးခေတ်ပစ်ကူလက်နက်ဖြစ်ပါသည်။

မြန်မာမြားပစ်လူစွမ်းကောင်းသည် မီးထွန်းညှိတိုင်မှ မီးကိုမြားတံသို့ ကူးပြောင်းထွန်းညှိ၍ ပန်းရထားသို့ တက်ရောက် နေရာယူပါမည်။ ပန်းရထားသည် မြေပြင်မှ ၁၀ မီတာအမြင့်သို့ မတင်ပြီးနောက် သတ်မှတ်နေရာအထိ ရွေ့လျားကာ အကွာအဝေး မီတာ ၇၀ တွင်ရှိသော အားကစားကွင်း၏အရှေ့တောင်ဘက် အမိုးပေါ်ရှိ ကြာပန်းပွင့်သဏ္ဌာန်ပြုလုပ်ထားသည့် ပင်မမီးရှူးတိုင်ကြီး (cauldron) သို့ မြားပစ်လူစွမ်းကောင်းက မြားပစ်ခတ်၍ မီးထွန်းညှိမည်ဖြစ်ပါသည်။

ပျဉ်းမနားခင်မောင်ထွေး၏ ဆောင်းပါးအရ အားကစားပြိုင်ပွဲများတွင် အိုလံပစ်မီးရှူးတိုင်သယ်ယူခြင်းနှင့် ထွန်းညှိခြင်းအစီအစဉ်ကို ၁၉၃၇ ခုနှစ်တွင်မှ စတင်သည်ဟု သိရပါသည်။ ပြီးခဲ့သော SEAP အားကစားပြိုင်ပွဲတွင်လည်း ပြုလုပ်ခဲ့ပါသည်။ ယခု အစီအစဉ်တွင် မီးထွန်းညှိခြင်းကို ရန်ကုန်မြို့၌ စတင်ပြီး နေပြည်တော်သို့ မိုင် ၂၀၀ ကျော် သယ်ဆောင်ကာ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကြီး ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး အမိုးပေါ်၌ ထည်ဝါခံ့ညားစွာ တည်ဆောက်ထားသော ကြာပန်းပွင့်သဏ္ဌာန် ပင်မမီးရှူးတိုင်ကြီးသို့ ထွန်းညှိခြင်းဖြင့် ပြီးဆုံးပါမည်။ အစီအစဉ်သည် လှုပ်ရှားမှုတစ်ခုဟုသာ ထင်မှတ်စရာဖြစ်သော်လည်း မြန်မာတို့သည် ဆောင်ရွက်နိုင်စွမ်းရှိသော စွမ်းရည်ဂုဏ်၊ သပ်သပ်ရပ်ရပ်၊ စည်စည်ကားကား၊ မြူးမြူးကြွကြွ မြို့ကြီးသားပီသစွာ၊ နိုင်ငံသားပီသစွာ ဆောင်ရွက်နိုင်သော စည်းကမ်းဂုဏ်၊ မည်သို့သော ပြဿနာအခက်အခဲ အခြေအနေပင်ရှိစေ သွေးစည်းညီညွတ်စွာ နိုင်ငံအကျိုးဆောင်ရွက်ကြမည်၊ အောင်မြင်ရမည်ဆိုသော စိတ်ဓာတ်ဂုဏ်၊ ပြည်သူအများကို ဦးဆောင်၍ တာဝန်ခံ အစိုးရနှင့် အဖွဲ့အစည်းအသီးသီးတို့၏ ရည်မှန်းချက်တူကိစ္စတိုင်း၌ အများပေါင်းစုဆောင်ရွက်တတ်ကြသော စည်းလုံးညီညွတ်မှုဂုဏ်တို့၏ ပြယုဂ်သက်သေဖြစ်ပါသည်။

ရဲရဲဝံ့ဝံ့၊ မငြိမ်းမလောင်၊ အလင်းရောင်တောက်ပနေသော မီးထွန်းညှိတိုင်လေးကို မြန်မာလူစွမ်းကောင်းတို့က လက်ဆင့်ကမ်းသယ်ယူ၍ ပဒုမ္မာကြာပန်းသဖွယ် ငွားငွားစွင့်စွင့် ပွင့်လန်းနေသော ပင်မမီးရှူးတိုင်ကြီးကို ထွန်းညှိကာ အလင်းရောင်တောက်ပစေမှုသည် ကျွန်တော်တို့မြန်မာနိုင်ငံ၏ အနာဂတ်ဖြစ်သင့်ပါသည်။ ဖွင့်ပွဲအခမ်းအနားဝတ်စုံပြည့် အစမ်းလေ့ကျင့်ပွဲ ကျင်းပနေစဉ် နိုင်ငံတော်သမ္မတကြီးက ဒုတိယသမ္မတ ဦးဉာဏ်ထွန်းကို "ကျွန်တော်တို့ဟာ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် we can do ဆိုတာ ပြသရာရောက်တယ်၊ ဘာမဆို အောင်မြင်အောင်လည်း လုပ်ရမယ်"ဟု တိုက်တွန်းလမ်းညွှန်သံကို ဂုဏ်ယူပီတိ သံစဉ်များအကြားမှ ကြားလိုက်ရပါသည်။

ကျွန်တော်တို့သည် စွမ်းရည်၊ စည်းကမ်း၊ စိတ်ဓာတ်၊ စည်းလုံးညီညာမှုရှိကြသော မြန်မာနိုင်ငံသားများ ဖြစ်ကြပါလျှင် မည်မျှကောင်းပါမည်နည်းဟု (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီးထွန်းညှိတိုင် လက်ဆင့်ကမ်းသယ်ယူခြင်းလှုပ်ရှားမှုကို တာဝန်ခံဆောင်ရွက်သော ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား ပြည်ထောင်စုဝန်ကြီးက ဆန္ဒဖော်ထုတ်တင်ပြအပ်ပါသည်။ ။

မိတ္ထီလာဒုက္ခသည်စခန်းရှိ ချမ်းအေးသာယာရပ်ကွက်မှ ဒုက္ခသည်များအား အိမ်ခြံမြေပြန်ပေး

မိတ္ထီလာ ဒီဇင်ဘာ ၂။ မိတ္ထီလာမြို့တွင် ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်က အကြမ်းဖက်ဆူပူသူများကြောင့် ပဋိပက္ခဖြစ်ကာ လူသတ်မှု၊ မီးရှို့မှု၊ အကြမ်းဖက်မှု၊ သွေးထိုးမြှောက်ပင့်မှုများကြောင့် ပဋိပက္ခအတွင်း မိတ္ထီလာမြို့ ချမ်းအေးသာယာရပ်ကွက်တွင် မတ် ၂၃ ရက်က အိမ်ခြေ ၁၅၉၄ လုံး မီးလောင်ဆုံးရှုံးသွားခဲ့သည်။

မိတ္ထီလာမြို့တွင် ပဋိပက္ခကြောင့်ဒုက္ခသည်များအား ယာယီဒုက္ခသည်စခန်းငါးခုဖွင့်လှစ်ပြီး ဒုက္ခသည်ပေါင်း ၇၈၄၅ ဦးတို့အား ကူညီစောင့်ရှောက်ပေးထားခဲ့သည်။ ထိုမီးဘေးဒုက္ခသည်များအတွက် မြေနေရာပြန်လည်ချထားရေးအစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက်က မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီမံစီးပွားဝန်ကြီး ဦးအောင်ဇံ၊ မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းထွန်းဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ချမ်းအေးသာယာရပ်ကွက်မှ မီးဘေးဒုက္ခသည်များ စုံညီစွာတက်ရောက်ကြသည်။ ယင်းအစည်းအဝေးတွင် ချမ်းအေးသာယာရပ်ကွက်မှ မီးဘေးသင့်ခံရသော အိမ်ထောင်စုများအနက် မြေဂရန်လက်ဝယ်ရှိအရှုပ်အရှင်းကင်းသည့် အိမ်ထောင်စု ၉၃ စုအားစိစစ်၍ ပထမဆုံးအကြိမ်အဖြစ် ပေ ၃၀×ပေ ၄၀ ရှိ မြေကွက်များချထားပေးပြီး မြေကွက်ဂရန်ရှိသော်လည်း ဂရန်အရှုပ်အရှင်းရှိသည့် အိမ်ထောင်စု ၇၇ စုအတွက်မြေဂရန်စိစစ်၍ ဒုတိယအကြိမ်မြေဂရန်ချထားပေးမည်ဖြစ်သည်။ မြေဂရန်မရှိသည့် ၁၉၃ ဦးအတွက် အိမ်ထောင်သည်လိုင်းများတည်ဆောက်ကာ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ချမ်းအေးသာယာရပ်ကွက်တွင် မြေကွက်ပေါင်း ၆၃၇ ကွက်ရှိရာ ၄၄၃ ကွက်မှာ စိစစ်အကွက်ချပေးပြီးဖြစ်ကြောင်းသိရသည်။ သီရိမင်္ဂလာရပ်ကွက်ရှိ မီးဘေးဒုက္ခသည်များကိုလည်း မြေဂရန်များအဆင့်ဆင့်စိစစ်၍ မြေနေရာများပြန်လည်ချထားပေးရန် မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူးရုံးက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(တင်လှိုင်-မိတ္ထီလာ)

တပ်မတော်သည် တိုင်းရင်းသားလူမျိုးအားလုံး ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဖြစ်၍ မိမိတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခိုင်အောင်တည်ဆောက်ရန်လို

နေပြည်တော် ဒီဇင်ဘာ ၂

တပ်များ စွမ်းရည်ထက်မြက်ရန် အရာရှိ/စစ်သည် မိသားစုများအားလုံး၏ စည်းလုံးညီညွတ်သည့်အင်အားများ ဟန်ချက်ညီနေမှသာ အောင်မြင်မှုရနိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှအောက်ခြေအဆင့်အထိ သူ့နေရာနှင့်သူ တာဝန်ရှိသူအဆင့်ဆင့်မှ လုပ်သင့်လုပ်ထိုက်သည်များ အချိန်မီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် သံတွဲတပ်နယ် ငပလီခန်းမ၌ သံတွဲတပ်နယ်မှ အရာရှိ/ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ်ပြောကြားသည်။

ဆက်လက်၍ တပ်မတော်သည် တိုင်းရင်းသားလူမျိုးအားလုံး ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဖြစ်၍ မိမိတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခိုင်အောင် တည်ဆောက်ရန်လိုအပ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိကြောင့်သော်လည်းကောင်း၊ မိမိတပ်ကြောင့်သော်လည်းကောင်း အထင်အမြင် လွဲမှားမှုမဖြစ်စေရအောင် ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

အမှာစကားပြောကြားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်ပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက အားကစားပစ္စည်းများပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှဟန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဇီးကျွန်းကျေးရွာရှိ ကိုးနဝင်းမဟာဝိဟာရကျောင်းတွင် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၅ ဦးအား ထောက်ပံ့ငွေများကိုယ်တိုင်ကိုယ်ကျ ဂါရဝပြုပေးအပ်ခဲ့သည်။**(ဝဲပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇီးကျွန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှု၍ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ရန် အလှူငွေ ကျပ်သိန်း ၂၀ ပေးလှူခဲ့သည်။ ဆက်လက်၍ ဇီးကျွန်းကျေးရွာအတွင်း လှည့်လည်ပြီး ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ရန် လျာထားသည့်နေရာနှင့် သူဌေးချောင်းပေါ်ရှိ ဇီးကျွန်းယာယီတံတား ဆောက်လုပ်ထားသည့် နေရာများသို့ သွားရောက်ကာ ကျေးလက်ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့၍ လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပုလဲသွယ်မိုးစပါးစိုက်ကွင်း၊ ပိန်းဥ၊ ကန်စွန်းစိုက်ခင်း၊ သက်တမ်းတို နှမ်းစပါးစိုက်ခင်းနှင့် ဝင်ငွေရတွက်ခြေကိုက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

နေပြည်တော် ဒီဇင်ဘာ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ပုလဲသွယ်မိုးစပါး ဧက ၄၄၀ စိုက်ကွင်းသို့ သွားရောက်ပြီး ရှင်းလင်းဆောင်၍ တောင်သူလယ်သမားများ၊ စိုက်ကွင်းပညာရှင်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိုးစပါးများအား အလေအလွင့်မရှိအောင် စက်ယန္တရားရာနှုန်းပြည့်အသုံးပြု၍ တလင်းပျောက်စနစ်ဖြင့်ရိတ်သိမ်းရန်နှင့် မိုးစပါးရိတ်သိမ်းပြီးသည်နှင့် နွေစပါးရာသီတွင် မိုးလွတ်၊ လေလွတ်အလေအလွင့်မရှိ အချိန်ကိုက်ရိတ်သိမ်းနိုင်ရေးအတွက် သီးနှံပုံစံ ချမှတ်စိုက်ပျိုးရာတွင် မိုးစပါးအပြီး မည်သည့်သီးနှံစိုက်ပျိုးမည်ကို ဆွေးနွေးညှိနှိုင်းကြရန်နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးနိုင်သည်များကို သင်ခန်းစာယူ၍ တောင်သူများ မိုးလွတ်လေလွတ်ဖြင့် သီးနှံများရွေးချယ်စိုက်ပျိုးတတ်စေရန် ပြောကြားသည်။

ထို့နောက် ပုလဲသွယ်မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှု၊ ပိန်းဥစိုက်ခင်းများ၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ပိန်းဥနှင့် ဂျူးမြစ်ရောနှောစိုက်ခင်း၊ ပိန်းဥနှင့် ကန်စွန်းစိုက်ခင်း၊ နဂါးမောက်သီးစိုက်ခင်း၊ သက်တမ်းတိုဂျပန်မျိုးရင်းမျိုး ဟီတိုမီဘိုရီ နှမ်းစပါးစိုက်ခင်း၊ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်းရှိ ပိန်းဥနှင့် ကန်စွန်းဥ၊ စပ်မျိုးဘူးသီးအမျိုးမျိုး၊ စပ်မျိုးကြက်ဟင်းခါးစင်တင်စိုက်ခင်းများ၊ ဓာတုကင်းလွတ်ရွှေဝါသခွားမွှေးစိုက်ခင်း၊ ဖရဲအမျိုးမျိုးနှင့် ရွှေဖရုံစိုက်ခင်း၊ စပ်မျိုးတိုင်ထောင်ကြီးတန်းခရမ်းချဉ်စိုက်ခင်း၊ စပ်မျိုးသခွားမွှေးစိုက်ခင်းနှင့် ကညွတ်စိုက်ခင်းများ၊ အိန္ဒိယမူရင်းမျိုး ကြံစိုက်ခင်း၊ ဆလတ်မျိုးစုံစိုက်ခင်း၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ဖရဲ၊ ဖရုံ၊ သခွားစိုက်ခင်း၊ ခရမ်း၊ ရုံးပတီ၊ စပ်မျိုးငရုတ်အမျိုးမျိုးစိုက်ခင်းနှင့် ဓာတုကင်းလွတ်အော်ဂဲနစ်သဘော်စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** စံနမူနာပြစိုက်ကွင်းများ ထူထောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြည့်စွက်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇) ကော်လံ(၁)တွင် ပါရှိသော မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားသတင်းတွင် သက်ကြီးစာပေပညာရှင် ၁၇၁ ဦးအား Skynet ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီ ကန်တော့ခဲ့ကြောင်း ပါရှိပါသည်။

ယမန်နှစ်က လက်ရှိစာပေပညာရှင် ၁၅၀ တို့အား Skynet ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီ ကန်တော့ခဲ့ပြီး ဖြစ်၍ ယခုနှစ်တွင် အသစ်တိုးလာသော စာပေပညာရှင် ၂၁ ဦးအတွက် Skynet ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီ ထပ်မံကန်တော့ခဲ့ခြင်း ဖြစ်ပါကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။

(သတင်းစဉ်)

မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့၌ သမဝါယမလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ပင်မသုံးထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ပထမအကြိမ်ဘွဲ့နှင်းသဘင်(အကြို)အခမ်းအနားတွင် အမှာစကားပြောကြားသည်။ ဆက်လက်၍ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူး ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်သမဝါယမကောလိပ်(မန္တလေး)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံသည်။

ထို့နောက် ပြင်ဦးလွင်မြို့ “ရွှေယမုံ” လယ်ယာနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပြင်ဦးလွင်မြို့ ဧရာဝတီခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ သမဝါယမအသင်းအဆင့်ဆင့်မှ အမှုဆောင်အဖွဲ့များ၊ အသင်းသားများနှင့်တွေ့ဆုံပြီး သမဝါယမစနစ်၏ သမိုင်းကြောင်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် အောင်မြင်နေသောသမဝါယမလုပ်ငန်းများ၊ သမဝါယမကဏ္ဍမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြုလုပ်ငန်းစဉ်များ၊ သမဝါယမဝန်ကြီးဌာနမှ ချမှတ်ဆောင်ရွက်လျက်ရှိသော ဦးတည်ချက်(၂)ရပ်နှင့်လုပ်ငန်းစဉ်(၅)ရပ်၊ သမဝါယမအသင်းများဖွဲ့စည်းပြီး ချေးငွေထုတ်ချေးပေးမည့် နည်းလမ်းများကိုရှင်းလင်းပြောကြားပြီး ‘စိုးစံ’ သစ်သီးယိုစုံလုပ်ငန်းကို ကြည့်ရှုအားပေးကာ ပုသိမ်ကြီးမြို့နယ် နေရဉ္စယျကျေးရွာရှိ ‘မြနန္ဒာ’ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းအမှုဆောင် အဖွဲ့ဝင်များနှင့်အသင်းသားများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းအားကစားရွာ၌ Poly Clinic ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အားကစားရွာ Cluster 3 ရှိ Poly Clinic သို့ သွားရောက်ပြီး အရေးပေါ် လူနာစမ်းသပ်ခန်း၊ အထူးကြပ်မတ်ကုသခန်းများပြင်ဆင်ထားရှိမှု၊ Ultrasound နှင့် ဓာတ်မှန်စက်များထားရှိမှုနှင့် ဆေးပေးခန်း၊ အထူးကုဆေးခန်းရှိ အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ အရိုးအကြောရောဂါ၊ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သွားရောဂါအထူးကုဌာနများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးသို့သွားရောက်၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် အရေးပေါ်ဌာနခေတ်မီအသက်ကယ်ခန်းများ၊ ကွန်ပျူတာဓာတ်မှန် (CT Scan)၊ အရေးပေါ် ခွဲစိတ်ခန်း၊ Call Center ရှိအရေးပေါ်လူနာတင်ယာဉ်ခေါ်ဆိုမှုစနစ်၊ Dispatch ခေါ်ဆိုမှုလက်ခံဌာန၊ အရေးပေါ် လူနာတင်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

Call Center သည် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး၊ ပုသိမ်-ရန်ကုန်လမ်းမကြီး၊ နေပြည်တော်ဇုန်တွင် လက်ခံဆောင်ရွက်နိုင်ပြီး ဖုန်း ၁၉၂ သို့ခေါ်ဆိုပါက လိုအပ်သည့်လူနာတင်ယာဉ်ကို ဤဌာနမှ စေလွှတ်ပေးနိုင်မည်ဖြစ်သည်။

အရေးပေါ်လူနာတင်ယာဉ်တွင် ပစ္စည်းကိရိယာစုံလင်စွာတပ်ဆင်ထားသော လူနာတင်ယာဉ်အသစ် ၇၅ စီး စီစဉ်ထားပြီးဖြစ်သည်။ လူနာတင်ယာဉ်တစ်စီးတွင် ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦး၊ ကြက်ခြေနီနှစ်ဦး၊ ယာဉ်မောင်းတစ်ဦးပါရှိပြီး ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းအစရှိသည့် ကျန်းမာရေးဝန်ဆောင်မှုပေးသူပေါင်း ၂၅၀၀ ကိုထားရှိသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြီးစီးသွားပါကလည်း အဝေးပြေးလမ်းမကြီးနှင့် မြို့ကြီးများတွင် Emergency Medical Service (EMS) သည် ဆက်လက်တည်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သံထည်စက်ရုံ ပန္နက်တော်တင်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြင့် နည်းပညာနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် JFE Engineering Corporation တို့ အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံသည့် ဖက်စပ်ကုမ္ပဏီ J & M Steel Solution Co.,Ltd. သံထည်စက်ရုံ ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ JFE Engineering Corporation ဥက္ကဋ္ဌ Mr.S.Kishimoto နှင့် J & M Steel Solution Co.,Ltd, Managing Director Mr.Takashi Ishii နှင့် တာဝန်ရှိသူများက သံထည်စက်ရုံ ပန္နက်တော်များကို တင်ပေးကြပြီး **(အပေါ်ပုံ)** အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် တာဝန်ရှိသူများက တွင်းတော်ဝန်းပေးကြပြီး ဂျပန်ရိုးရာ Daruma မင်္ဂလာပြုလုပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် J & M Steel Solution Co.,Ltd. စတင်တည်ထောင်ခြင်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆီဒိုးနားဟိုတယ် အင်းလျားခန်းမ၌ ကျင်းပရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် JFE Engineering Corporation ဥက္ကဋ္ဌ Mr.S. Kishimoto တို့က ကုမ္ပဏီ စတင်တည်ထောင်ခြင်းစာချုပ် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် JFE Engineering Corporation ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြကြောင်း သိရသည်။ **(သတင်းစဉ်)**

○(၂၇)ကြိမ်မြောက်မှ

ဖိတ်ကြားသည့်သည်၊ ဒိုင်/ဂျူရီနှင့် အားကစားအဖွဲ့ စုစုပေါင်း ၇၂၀၀ ကျော်နှင့် မီဒီယာလေ့လာသူ ၁၄၀၀ ကျော် စုစုပေါင်း ၈၆၀၀ ကျော် လာရောက်ကြမည်ဖြစ်သည်။

ယာဉ်များစီစဉ်ထားရှိမှုကို ညွှန်ကြားရေးမှူးက "လာရောက်ကြမယ့်အဖွဲ့များအတွက် နေပြည်တော်၌ Saloon ၁၃၁ စီး၊ Wagon ၁၉စီး၊ Micro Bus အစီး ၁၁၀၊ City Bus အစီး ၁၀၀၊ Mini Bus ၇၄ စီး စုစုပေါင်း ၄၃၄ စီး စီစဉ်ထားသလို ရန်ကုန်မှာ ၁၂၄ စီး၊ မန္တလေးမှာ ၂၁ စီး၊ ငွေဆောင်မှာ ၂၁ စီး စီစဉ်ထားပါတယ်။ ဖွင့်ပွဲ/ပိတ်ပွဲဖျော်ဖြေရေးမှာ ပါဝင်ကူညီကြသူတွေကို တော့တပ်မတော်မှမော်တော်ယာဉ်အစီး ၂၀၀၊ Micro Bus ၁၀ စီးစီစဉ်ပေးထားပါတယ်။ အဲဒီယာဉ်တွေအတွက် ယာဉ်မောင်း၊ ယာဉ်အကူ၊ ယာဉ်ပြင်၊ ယာဉ်ကြီးကြပ် စုစုပေါင်း ၁၂၀၅ ဦးကိုလည်း ကျွမ်းကျင်မှုရှိစေရန် စနစ်တကျသင်တန်းများပေးထားပါတယ်" ဟု ဆက်လက်ရှင်းပြသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမင်း။

ပြိုင်ပွဲကြည့်ရှုကြမည့် ပရိသတ်များအတွက် နေပြည်တော်တွင် ဘတ်စ်ကားအစီး ၁၃၀၊ ရန်ကုန်မြို့တွင် ဘတ်စ်ကား အစီး ၁၁၄၀၊ မန္တလေးတွင် ဘတ်စ်ကား ၁၃၅ စီး၊ ရန်ကုန်-နေပြည်တော် Express အစီး ၁၅၀၊ မန္တလေး-နေပြည်တော် Express ၁၄၅ စီးပြေးဆွဲပေးသွားနိုင်အောင်စီစဉ်ထားကြောင်း သိရသည်။

သယ်ယူပို့ဆောင်ရေးကော်မတီအနေဖြင့် ပြိုင်ပွဲကြီး မကျင်းပမီ နှစ်နှစ်ခန့်အလိုကတည်းက အချိန်ယူကြိုတင်ပြင်ဆင်ခဲ့ရာ ယခုအချိန်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား ပို့ဆောင်ရေးဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ကြောင်းကို သတင်းစကားပါးလိုက်ရပါသည်။

ဓာတ်ပုံသတင်း မြင်ကွင်း

ဓာတ်ပုံ - ထက်ခိုင်(စမ်းချောင်း)

အာဆီယံမသန်စွမ်းသူများဆိုင်ရာ ပွဲတော်တွင် ပါဝင်မည့် ရန်ကုန်မြို့ နားမကြားကလေးများကျောင်း (မေရီချက်ပ်မင်း)မှ ကလေးငယ်များ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးမှုကို ပြည်သူ့ရင်ပြင်တွင် ဒီဇင်ဘာ ၁ ရက် ညပိုင်းက ပြုလုပ်ကြသည်ကို တွေ့ရစဉ်။

မကြာမီ ကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကြိုဆိုသည့် ဗီနိုင်းများကို ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းတစ်လျှောက်တွင် ဒီဇင်ဘာ ၂ ရက်က မြင်တွေ့ရစဉ်။

ရွှေတိဂုံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမှု ၂၀၁၄-၂၀၁၅ တွင် ပြုလုပ်မည်

ရန်ကုန် ဒီဇင်ဘာ ၂

ရွှေတိဂုံစေတီတော်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမှုကို လာမည့် ၂၀၁၄-၂၀၁၅ ပွင့်လင်းရာသီတွင် ပြုလုပ်ရန် စီစဉ်ထားကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူမှုကို ငါးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး လွန်ခဲ့သော ၂၀၀၉ ခုနှစ်က ကျင်းပခဲ့ခြင်းဖြစ်သည်။ လာမည့် ၂၀၁၄ ခုနှစ် ပွင့်လင်းရာသီတွင် ပြုလုပ်၍ ၂၀၁၅ ခုနှစ်အထိ အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် တန်ဆောင်းများထိန်းသိမ်းမွမ်းမံခြင်း၊ ဆေးသုတ်ခြင်းသာလုပ်ဆောင်နေပြီး အကြီးစားတည်ဆောက်မှုများ ဆောင်ရွက်ခြင်းမရှိသေးဘဲ လာမည့်နှစ်မှသာ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူမည့်အစီအစဉ်ကို စီစဉ်နေကြောင်း သိရသည်။

ထိုရွှေသင်္ကန်းကပ်လှူသောလုပ်ငန်းသည် ယခင်က ချကပ်ထားသည့် မျက်ပါးရွှေသင်္ကန်းနေရာတွင် Gold Coating ရွှေစင်ပြားများကို အစားထိုးလှူဒါန်းလုပ်ဆောင်ခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ကာလတွင် ရွှေပြား ၉၀၀၀ ခန့်ကပ်လှူရန် လျာထားလျက်ရှိသည်။ လွန်ခဲ့သော ၂၀၀၉ ခုနှစ်က လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲပြုလုပ်ရာတွင် ရွှေပြား ၁၀၆၃၆ ချပ် အလေးချိန်အားဖြင့် ၁၇၇၃၁ ကျပ်သားကို ကပ်လှူခဲ့ကြောင်း သိရသည်။ **(၆၈၀)**

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၄၇) ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်းတက်ရောက်၍ သင်တန်း ဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်းသင်တန်းသား ၃၈ဦး၊ သင်တန်းသူ ၃၂ ဦး စုစုပေါင်း ၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ပဲခူး-စစ်တောင်းတူးမြောင်းသည် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော တူးမြောင်းဖြစ်သည်။ သနပ်ပင်မြို့နယ် တာဝကျေးရွာအနီးရှိ ပဲခူးမြစ်မှ ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအနီးရှိ စစ်တောင်းမြစ်သို့ ဆက်သွယ်ထားခြင်းဖြစ်သည်။ အရှည် ၃၇ မိုင် ခုနစ်ဖာလုံ၊ ပျမ်းမျှအကျယ်ပေ ၁၅၀ နှင့် ရေအနက်မှာ ၁၀ ပေရှိသည်။

ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းရှိ ပျဉ်းမနား၊ တောင်ငူ၊ ရွှေကျင်နှင့်မြောက်ပိုင်းရှိ သစ်တောများမှ ထွက်ရှိသော ကျွန်းသစ်များကို စစ်တောင်းမြစ်အတိုင်း ရန်ကုန်မြို့သို့ သယ်ယူရာတွင် ရှေးယခင်က စစ်တောင်းမြစ်ဝမှတစ်ဆင့် ပင်လယ်ဘက်မှမျှောယူရသည်။ မိုးရာသီလှိုင်းလေပြင်းထန်ချိန်တွင် ကျွန်းသစ်ဖောင်များ ပျက်စီးတတ်သဖြင့် ကျွန်းသစ်များ ပျောက်ဆုံးလေ့ရှိသည်။ အချိန်များစွာလည်းကြာမြင့်သည်။ ကျွန်းသစ်အလေအလွင့်မရှိစေရန် ကုန်ကျစရိတ်နှင့်အချိန်ကို သက်သာစေရန် ရည်ရွယ်ပြီး သယ်ယူပို့ဆောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။ ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့ကို ဆက်သွယ်ဖောက်လုပ်လျှင် အသင့်လျော်ဆုံးဖြစ်သဖြင့် ပဲခူး-စစ်တောင်းတူးမြောင်းကို ၁၈၇၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ ၁၈၇၈ ခုနှစ်တွင် ပြီးစီးခဲ့၍ ငါးနှစ်ကြာခဲ့သည်။

ပဲခူး-စစ်တောင်းတူးမြောင်းနှင့် ပတ်သက်သည့် နောက်ခံသမိုင်းအကျဉ်းကို ပြောရလျှင် ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်းဖောက်လုပ်ပြီးစီးသဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျွန်းသစ်နှင့်ဆန်များကို အနောက်နိုင်ငံများသို့ တင်ပို့ရောင်းချရန် လွယ်ကူလာသည့်အချက်သည် ပဲခူး-စစ်တောင်းတူးမြောင်း ဖောက်လုပ်ရေးကို တွန်းအားပေးသကဲ့သို့ဖြစ်သည်။ ပဲခူး-စစ်တောင်းတူးမြောင်းကို ဖောက်လုပ်ရာတွင် တူးမြောင်းအစ တာဝမှ တူးမြောင်းအဆုံး မြစ်ကျိုးထိကို အပိုင်း သုံးပိုင်းခွဲ ဆောင်ရွက်ခဲ့သည်။ မြေမျက်နှာပြင် တည်ရှိမှုအနေအထားအရ သနပ်ပင်မြို့နယ် တာဝကျေးရွာမှ မင်းရွာကျေးရွာအပိုင်းနှင့် ဝေါမြို့နယ် အဗျားကျေးရွာမှ မြစ်ကျိုးကျေးရွာအပိုင်းတို့တွင် မြေကိုတူးဖော်၍ တောင်ဘက်(လက်ယာဘက်)တွင် တာပေါင်ဖြင့် တူးမြောင်း ပုံသဏ္ဌာန်ဖော်ခဲ့သည်။ သနပ်ပင်မြို့နယ် မင်းရွာနှင့် ဝေါမြို့နယ် အဗျားကျေးရွာအကြား အပိုင်းတွင် အင်းအိုင်များကို ဆက်စပ်ဖောက်လုပ်ခဲ့သည်။ ပဲခူး-စစ်တောင်းတူးမြောင်း တစ်လျှောက် တာဝကျေးရွာ တူးမြောင်းမိုင်တိုင်(၀/၀)မှ သနပ်ပင်မြို့(၈/၄)မိုင်အကြားရှိ တာတမံကို ရေဘေးကာကွယ်ရေးတာတမံအဖြစ် သတ်မှတ်ခဲ့သည်။ ပဲခူး-စစ်တောင်းတူးမြောင်းနှင့်အတူ နွေရာသီတွင် ရေဖြည့်ရန် မိုးယွန်းကြီးရေလှောင်ကန်နှင့် ပြွန်တန်ဆာလွင်ပြင်မှ မိုးရာသီကျဆင်းလာသောရေများကာကွယ်ရန် ပုကိုင်တာတို့ကိုပါ ဖြည့်စွက်တည်ဆောက်ခဲ့သည်။

ပဲခူး-စစ်တောင်းတူးမြောင်းတွင် တူးမြောင်းအဆောက်အအုံများ ထည့်သွင်းတည်ဆောက်ထားသည်။ တူးမြောင်းထိပ်နှစ်ဖက်တွင် ရေယာဉ်များ ဝင်၊ ထွက်နိုင်ရေးအတွက် ပေ ၃၀ အကျယ်ရှိသည့် ရေမျက်နှာပြင်ညှိရန် ရေတံခါး(Navigation Lock) နှစ်လုံး တည်ဆောက်ထားသည်။ ပဲခူးမြစ်ဘက်တွင် တာဝရေတံခါး (Tarwa Lock) နှင့် စစ်တောင်းမြစ်ဘက်တွင် မြစ်ကျိုးရေတံခါး (Myintko Lock)တို့ဖြစ်ကြသည်။ အဆိုပါရေတံခါးနှစ်ခုမှာ တူးမြောင်းရေနှင့်မြစ်ရေမျက်နှာပြင်တို့ မညီသည့်အခါတွင် ရေမျက်နှာပြင်ချင်းညှိပေး၍ သစ်ဖောင်များလှေသမ္ဗန်များ၊ ရေယာဉ်များကို အလွယ်တကူ အဝင်အထွက်ပြုလုပ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက အဆိုပါရေတံခါးကြီးများကို လူအင်အားသုံး၍ ဘယ်၊ ညာအလျားလိုက်ဖွင့်၊ ပိတ်ရသော ရင်ခွဲသစ်သားရေတံခါးကြီးများ (Mitre Gates)ဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် တာဝရေတံခါးရွက်များကို ပြည်ပအကူအညီရယူကာ အင်ဂျင်စက်အားဖြင့် ထက်အောက် မ၊ တင်၊ ဖွင့်၊ ပိတ်သော သံမဏိရေတံခါးများအဖြစ်လည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် မြစ်ကျိုးရေတံခါးကို လူအားသုံးစက်သီး(Winch)ဖြင့် ဖွင့်၊ ပိတ်နိုင်သော သံမဏိရေတံခါးအဖြစ်လည်းကောင်း ပြောင်းလဲတပ်ဆင်အသုံးပြုခဲ့သည်။ ယခုအခါလူအား၊ စက်အားသုံးစနစ်ဖြင့် တင်၊ ချ၊ ဖွင့်၊ ပိတ်နိုင်ရန် ဆောင်ရွက်ထားပြီးဖြစ်သည်။

ပဲခူး-စစ်တောင်းတူးမြောင်းတွင် ရေမျက်နှာပြင်ညှိရန် ရေတံခါးအပြင် မိုးရာသီအချိန် တူးမြောင်းအတွင်း သတ်မှတ်ချက်ထက်ရေများလာသည့်အခါ ရေပိုရေလျှံများကို စွန့်ထုတ်ပစ်ရန် ရေလွှဲပေါက် (Escape) လေးခုကိုလည်း တည်ဆောက်ထားသည်၊ (၁) ကျိုက်ပဒိုင်ရေလွှဲပေါက် (၅. ၄' ×၁၀. ၂') ၃၄ ပေါက်၊ (၂) ပုဂံ-ညောင်ပင်ရေလွှဲပေါက် (၅. ၃'×၁၀. ၂') ၃၅ ပေါက်၊ (၃) မင်းရွာရေလွှဲပေါက် (၄' ×၁၀') ၇၅ ပေါက်နှင့် (၄) အဗျားရေလွှဲပေါက် (၆'×၁၁. ၅') ၂၀ ပေါက်တို့ဖြစ်ကြသည်။ ထို့အပြင် နွေရာသီတူးမြောင်းအတွင်း ရေနည်းချိန်တွင် စက်လှေများကောင်းစွာသွားလာနိုင်ရေးအတွက် ရည်ရွယ်၍ စစ်တောင်းမြစ်ရေတက်ချိန်တွင် တူးမြောင်းရေမြင့်တင်နိုင်ရန်အတွက် မြစ်ကျိုးရေယာဉ်ဝင်၊ထွက်တံခါးအနီးတွင် လေးပေအကျယ် ၁၄ ပေါက်ပါသော မြစ်ကျိုးရေသွင်းပေါက်တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် အထက်၊ အောက် တင်၊ ချဖွင့်၊ပိတ်ရသည့် ရေတံခါး (Slide gate)များနှင့် အတူ စစ်တောင်းမြစ်ရေမြင့်တက်ချိန်တွင် တူးမြောင်းအတွင်းသို့ အလိုအလျောက် ရေသွင်းနိုင်ရန်အတွက် အလိုအလျောက် ရေသွင်းတံခါးရွက် (Flap gate Leaves) များကို ဖြည့်စွက်ဆောင်ရွက်ထားပြီးဖြစ်သည်။

စစ်ကြိုခေတ်ကာလတွင် ပဲခူး-စစ်တောင်းတူးမြောင်းရေကို သစ်ဖောင်များ မျှောယူနိုင်မှုကိုသာ အဓိက အသုံးပြုခဲ့သည်။ ထိုစဉ်က ဘုံဘေဘားမားအစရှိသော ပုဂ္ဂလိကကုမ္ပဏီကြီးများသည် သစ်လုပ်ငန်းကို ရာသီမရွေးလုပ်ကိုင်သဖြင့် သစ်ဖောင်မျှောမှုကို နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရသည်။ ထို့အပြင် တူးမြောင်းရေကို အမှီပြုပြီး ဆောင်ရွက်ပေးရသော လုပ်ငန်းတစ်ခုမှာ နွေရာသီ မုရင်းစပါး (ယခုနွေစပါး)စိုက်ပျိုးနိုင်ရေးဖြစ်သည်။ စစ်ပြီးခေတ်ကာလတွင် မိုးတွင်းရာသီသာ သစ်များအများအပြား မျှောယူပို့ဆောင်ပြီး နွေရာသီတွင် သယ်ယူမှုမရှိတော့ပါ။ ယခုအခါ ရေလမ်းဖြင့်သစ်ဖောင်မျှောယူပို့ ဆောင်မှုမှာ အလွန်နည်းပါးသွားပြီဖြစ်သည်။ ၁၉၅၇ ခုနှစ်မှစတင်၍ မိုးရာသီကုန်ဆုံးချိန်တွင် သစ်ဖောင်များမျှောရန်အတွက် တူးမြောင်းကို ရေဖြည့်တင်းချိန် ဒေသဝန်းကျင်ရှိ မုရင်းစပါးစိုက်ပျိုးမှုကိုလည်း အောင်မြင်စွာရေပေးဝေနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့သည်။ တူးမြောင်းရေကို အတိုးအလျှော့ လုပ်သည့်အချိန်တိုင်း ရေနက်ပိုင်းစိုက် မုရင်းတောင်သူများနှင့် ကုန်းမြင့်ပိုင်းစိုက်တောင်သူများအချင်းချင်း ပဋိပက္ခများ ပေါ်ပေါက်လေ့ရှိသဖြင့် သက်ဆိုင်ရာမြို့နယ်များမှ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များ၊ မုရင်းစိုက်တောင်သူကိုယ်စားလှယ်များက အစည်းအဝေးပြုလုပ်ပြီး ဆုံးဖြတ်ချက်အတိုင်း တူးမြောင်းရေကို အတိုးအလျှော့ပြုလုပ်ပေးသည်။ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့တွင် နွေစပါးစိုက်ပျိုးရေးကို ၁၉၉၉ ခုနှစ်မှစတင်၍ ၂၀၁၂၆ ဧက စိုက်ပျိုးရာမှ နှစ်စဉ်တိုးချဲ့စိုက်ပျိုးခဲ့ရာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နွေစပါး ၄၄၃၈၇ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ပဲခူး-စစ်တောင်းတူး မြောင်းတူးဖော်စဉ်က ထွက်ရှိလာသည့် မြေစာများကို တူးမြောင်း၏ လက်ယာဘက်တွင် တူးမြောင်းပေါင်အဖြစ် အသုံးပြုဆောင်ရွက်ထားသဖြင့် ဝေါမြို့နယ်တွင် ၂၂၃၆၄ ဧကနှင့် သနပ်ပင်မြို့နယ်တွင် ဧရိယာ ၂၂၆၃၄ ဧက စုစုပေါင်း ၄၄၉၉၈ ဧကကိုလည်း ရေဘေးကာကွယ်ထားနိုင်သည်။

ယနေ့ ပဲခူး-စစ်တောင်းတူးမြောင်း၏ အခြေအနေမှာ ပဲခူး-စစ်တောင်းတူးမြောင်း ဖောက်လုပ်ပြီးစီးသည့် ၁၈၇၈ ခုနှစ်အချိန်တွင် ရေလွှဲပေါက် လေးခုအနက် မင်းရွာရေလွှဲပေါက်သည် မိုးရာသီတွင် တူးမြောင်းအတွင်း ရေပိုရေလျှံများ၏ ၉၀ ရာခိုင်နှုန်းခန့်ကို အဗျားရေလွှဲပေါက်နှင့်အတူစစ်တောင်းမြစ်အတွင်းသို့ ထုတ်နုတ်နိုင်ခဲ့သည်။ သို့သော်တူးမြောင်းနှင့်နီးကပ်စွာရှိသည့် စစ်တောင်းမြစ်ကွေ့ကြီးသည် ၁၉၂၃ ခုနှစ်တွင် လည်ပင်းပြတ်သွားပြီးနောက် ၄၁ မိုင်ရှိ မြစ်ကွေ့ဟောင်းကြီးတစ်ခုလုံး နုန်းတက်တိမ်ကောသွားခဲ့သည်။

ထိုအချိန်မှစ၍ မင်းရွာ ရေလွှဲပေါက်နှင့်အဗျားရေလွှဲပေါက်တို့သည် ရေနုတ်အားတစ်နှစ်ထက်တစ်နှစ်ကျဆင်းခဲ့ရာ ကျိုက်ပဒိုင်နှင့် ပုဂံညောင်ပင်ရေလွှဲပေါက်မှတစ်ဆင့် ပဲခူးမြစ်ဘက်သို့ ရေပိုရေလျှံများ၏ ၄၀ ရာခိုင်နှုန်းခန့်ကို ထုတ်နုတ်ခဲ့ကာ မိုးရာသီ

ကျိုက်ပဒိုင်ရေလွှဲပေါက်

ရေလမ်းကြောင်းပြောင်းလဲခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် တိမ်ကောနေသော အဗျား-ရှမ်းကိုင်းရေနုတ်မြောင်း၊ မင်းရွာ-ကုက္ကိုရေနုတ်မြောင်း၊ မင်းရွာ-ပိုင်ကျုံရေနုတ်မြောင်းနှင့် အုန်းနဲ့-ကံဘဲ့ရေနုတ်မြောင်းတို့ကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် တိမ်ကောနေသော မင်းရွာ-ဝင်းကဒတ်ရေနုတ်မြောင်း၊ ဘုရားပျို-ဝင်းကဒတ်ရေနုတ်မြောင်းနှင့် ကုလားချောင်းကြီး-ခလပ်စုရေနုတ်မြောင်းတို့ကိုလည်းကောင်း တူးဖော်ပေးခဲ့ရာ ရေကြီးမှုအန္တရာယ်မှ ကာကွယ်နိုင်ခဲ့သည်။

ပဲခူး-စစ်တောင်းဝန်းကျင် မိုးရာသီရေထုတ်နုတ်နိုင်ရေးနှင့် နွေရာသီ ရေပိုမိုရရှိရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ ပဲခူး-စစ်တောင်းတူးမြောင်းသည် ပဲခူး-ခရိုင်အတွင်းရှိ လယ်ယာမြေများအတွက် မိုးရောနွေပါအကျိုးပြုသည့် အဓိက ရေနုတ်၊ ရေထိန်းပေးသည့် ပင်မမြောင်းကြီးဖြစ်သည်။ ပဲခူး-စစ်တောင်းတူးမြောင်းကို အခြေခံလျက် ဆက်စပ်ရေအားအဆောက်အအုံများကို ဖြည့်စွက်တည်ဆောက်ခြင်းကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အဗျားရေလွှဲပေါက်နှင့် ဆက်စပ်လျက် ရှမ်းကိုင်းရေထိန်းတံခါး (၆'×၈') ၂၇ ပေါက်ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် ကျိုက်ပဒိုင်၊ ပုဂံ-ညောင်ပင် ရေလွှဲပေါက်များနှင့်ဆက်စပ်လျက် ပိုင်ကျုံရေထိန်းတံခါးကို (၆'×၁၂') ၃၇ ပေါက်ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် တာဝရေယာဉ်ဝင်၊ ထွက်တံခါးနှင့်ဆက်စပ်လျှက် တာဝရေထိန်းတံခါး(၆'×၁၂') ၃၃ ပေါက်ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် မိုးယွန်းကြီးကန်အတွင်းမှ ရေကိုရေထုတ်ရေထိန်းကောင်းစွာ ပြုလုပ်နိုင်ရန် မိုးယွန်းကြီးရေထိန်းတံခါး ၁၂ ပေအကျယ် ရေလွှဲပေါက် ခြောက်ပေါက်နှင့် ၈ ပေအကျယ် ရေထိန်း ရေထုတ်ပေါက် လေးပေါက်ကိုလည်းကောင်း အသီးသီးတည်ဆောက် အကောင်အထည်ဖော်ပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၇-၁၁-၂၀၁၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများနှင့်တွေ့၍ အားပေးစကားပြောကြားသည့် အခမ်းအနားနှင့် ပဲခူးမြို့မိမြို့ဖများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည့်အခမ်းအနားတို့တွင် **"ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့် ရေတားတမံများ၊ ရေတံခါးများနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ကျန်ရှိနေသေးပါကြောင်း၊ ထိုလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း "** ပြောကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတသည် ၆-၁၁-၂၀၁၃ ရက်နေ့ ညနေ ၃ နာရီတွင် ကေတုမတီမြို့သစ် တိုင်းရိပ်သာကြီးအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်ကလည်း ဆယ်စုနှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် ပဲခူး-စစ်တောင်းတူးမြောင်းကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်ရေကြီးမှုကို ကာကွယ်နိုင်မည့်အပြင် စိုက်ပျိုးရေရရှိရေးအတွက်လည်း အထောက်အကူရရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၅-၁၁-၂၀၁၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းတစ်လျှောက် စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ပဲခူး-စစ်တောင်းတူးမြောင်းနှစ်စဉ်ရေကြီးရေလျှံမှု၊ သဲနုန်းပို့ချမှုတို့ကြောင့် တိမ်ကောနေမှုတို့ကို ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)အဖွဲ့၏ အလွန်သက်သာသောအတိုးနှုန်းချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များကို ဂျပန်ပညာရှင်အဖွဲ့နှင့်အတူ ညှိနှိုင်းဆွေးနွေးပြီး တူးမြောင်းတစ်လျှောက်ရှိ ပုဂံ-ညောင်ပင်ရေလွှဲပေါက်၊ ကျိုက်ပဒိုင်ရေလွှဲပေါက်၊ တာဝရေယာဉ်ဝင်၊ ထွက်တံခါးနှင့် တာဝရေထိန်းတံခါးတို့ကို ကြည့်ရှုစစ်ဆေးပါသည်။ တာဝရေယာဉ်ဝင်၊ထွက် တံခါးတွင် ဂျပန်ပညာရှင်ဒေါက်တာမိုတိုယိုရှီဟီကားဆာနှင့် လာမည့် နှစ်နှစ်အတွင်း ရေကြီးနစ်မြုပ်မှုများကို ထိထိရောက်ရောက်ကာကွယ်ရေးနှင့် ပဲခူး-စစ်တောင်းတူးမြောင်းတိမ်ကောမှုကို တူးဖော်ပြီး မိုးစပါးဧရိယာဧက ၄၅၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရေး၊ နွေစပါးဧရိယာဧက ၄၀၀၀၀ ကျော်အား ရေချိုသိုလှောင်ပေးဝေရေး၊ ရေငန်ဝင်ရောက်မှုမှ တားဆီးကာကွယ်ပေးနိုင်ရေးများ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ပေးမှု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကွင်းဆင်းဆောင်ရွက်ပေးမှုများအပေါ် သနပ်ပင်မြို့နယ်မှ တောင်သူကြီး ဦးဆန်းညွှန့်က "ယခုလို နှစ်ပေါင်းအတော်ကြာ တိမ်ကောနေတဲ့ ပဲခူး-စစ်တောင်းတူးမြောင်းကြီးကို အသစ်ဖြစ်အောင်၊ ပိုမို အကျိုးရှိအောင် ဆောင်ရွက်ပေးမယ်လို့သိရတဲ့အတွက် နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုဝန်ကြီးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းကို ဒေသခံများ ကိုယ်စား ပြောကြားလိုပါကြောင်း" ဝမ်းသာအားရပြောပြသည်ကို ကြားသိရပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို ခေတ်မီ ပြန်လည်ပြုပြင်ထူထောင်ရေး (Rehabilitation) ဆောင်ရွက်ပြီးပါက ယခင်ကထက်ပိုမိုပြီး ရေကြီးကွင်း၊ ရေနက်ကွင်းများမှ ရေတော်မိုးတော်ကွင်းများဖြစ်လာခြင်း၊ နွေစပါးဧရိယာဧက ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ ရေဘေးအန္တရာယ်မှ ထိထိရောက်ရောက်ကာကွယ်နိုင်ပြီး မိုးစပါး ပိုမိုစိုက်ပျိုးနိုင်ခြင်း၊ နွေရာသီတွင် စိုက်ပျိုးမြေများသို့ ရေငန်နှင့်ဆားငန်နုန်းများဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ခြင်း၊ စပါးအပါအဝင်အခြားသီးနှံများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်သဖြင့် ပြည်တွင်းစားသုံးမှုဖူလုံခြင်းအပြင် ပြည်ပသို့ တင်ပို့နိုင်ခြင်း၊ လှေသမ္ဗန်နှင့်စက်တပ်ရေယာဉ်ကြီးငယ်များ ကူးသန်းသွားလာရာတွင် လွယ်ကူလျင်မြန်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ခြင်း၊ တူးမြောင်းတစ်လျှောက်ရှိ ကျေးရွာများ၊ ကျေးရွာချင်းဆက်အချိန်တိုအတွင်းသွားလာနိုင်ခြင်း၊ တူးမြောင်းတစ်လျှောက်တွင် မြို့ပြများရှိသဖြင့် ကျေးလက်နေပြည်သူလူထု ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့်အရေးအားလုံး လျင်မြန်စွာ ဖြေရှင်းပေးနိုင်ခြင်း၊ တူးမြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် နွေရာသီ၌ ရေချိုရှားပါးသော ဒုက္ခမှကင်းလွတ်ခြင်း၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေချိုငါး၊ ပုစွန်များပိုမိုမွေးမြူနိုင်ခြင်း၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥစားဘဲများ ပိုမိုမွေးမြူနိုင်ခြင်း၊ တောင်သူလယ်သမားများဘဝ ဝင်ငွေနှစ်ဆတိုးစေပြီး လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာခြင်း၊ ခြောက်သွေ့ရာသီတွင် သောက်သုံးရေ၊ ကျွဲနွားရေရရှိခြင်းနှင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်ခြင်း၊ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ခြင်းနှင့် ကျေးလက်နေပြည်သူလူထု တူးမြောင်းတစ်လျှောက်သော်လည်းကောင်း၊ ရေထိန်းတံခါးများတွင်လည်းကောင်း၊ ရေလွှဲပေါက်များတွင် လည်းကောင်း၊ ရေသွင်းပေါက်တွင်လည်းကောင်း၊ ရေယာဉ်ဝင်/ထွက် ရေတံခါးများတွင်လည်းကောင်း အပန်းဖြေအနားယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးမြောက်မြားစွာရရှိမည်ဖြစ်ပါသည်။

ဖော်ပြပါ အကျိုးကျေးဇူးများကို ဒေသခံပြည်သူလူထု၊ တောင်သူလယ်သမားကြီးများ သိရှိနားလည်ပြီးဖြစ်သဖြင့် ပဲခူး-စစ်တောင်းတူးမြောင်းကြီးကို ခေတ်မီ ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများ ပြီးစီးမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြပါပြီ။ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာပြုပြင်မှုမရှိခဲ့သော ပဲခူး-စစ်တောင်းတူးမြောင်းကြီးကို ခေတ်မီအောင်၊ အသစ်ပြန်ဖြစ်အောင် လိုလားနေကြပြီ။ နိုင်ငံတော်ကလည်း ဒေသခံပြည်သူလူထု၊ တောင်သူလယ်သမားကြီးများက မျှော်လင့်စောင့်စားကြိုဆိုလိုလားနေကြသော ပဲခူး-စစ်တောင်းတူးမြောင်းကြီးကို အသစ်တစ်ဖန်ပြန်လည်မွေးဖွားပေးတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါး တင်ပြလိုက်ရပါသည်။ ။

ပင်စင်ဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

ရက်စွဲ။ ။ ၂-၁၂-၂၀၁၃

၁။ လက်ရှိပင်စင်ခံစားနေသောအငြိမ်းစားများအား လက်ရှိပင်စင်လစာအပြင် ဝန်ထမ်းများအား လစာတိုးမြှင့်ခွင့်ပြုသည့် ကျပ် ၂၀၀၀၀ အပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ ၂၀၁၃ ခုနှစ် ဧပြီလ လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

၂။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့အထိ မြို့ပြကာကွယ်ရေးပင်စင်စားဦးရေ ၅၇၁၆၄၆ ဦး၊ စာရင်းရှိအင်အား၏ ၁၀၀ ရာခိုင်နှုန်းအတွက် ပင်စင်လစာသစ်ထုတ်ယူခွင့်ကို မြန်မာ့စီးပွားရေးဘဏ်များသို့ အကြောင်းကြားဆောင်ရွက်ပြီးဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဘဏ်များ၌ ပင်စင်လစာထုတ်ယူရန် ကျန်ရှိဦးရေမှာ ၁၀၉၆၃၁ ဦးဖြစ်ပါသည်။

၃။ တိုးမြှင့်ပင်စင်လစာသစ်အား မြန်မာ့စီးပွားရေးဘဏ်များတွင် ပိတ်ရက်မှအပ နေ့စဉ်ထုတ်ပေးလျက်ရှိပါသဖြင့် ဆက်သွယ်ထုတ်ယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၄။ ပင်စင်လစာနှင့်ပတ်သက်၍ အခက်အခဲရှိပါက ကာကွယ်ရေးပင်စင်စားများသည် သက်ဆိုင်ရာကာကွယ်ရေးငွေစာရင်းရုံးခွဲများသို့ ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် မြို့ပြပင်စင်စားများသည် မိမိတို့နှင့်နီးစပ်ရာ ပင်စင်ဦးစီးဌာနရုံးချုပ်၊ တိုင်းဒေသကြီးရုံးနှင့် ပြည်နယ်ရုံးများသို့ အောက်ပါဖုန်း/Fax နံပါတ်များဖြင့် ဆက်သွယ်သတင်းပေးပို့ကြပါရန်နှင့် ပင်စင်ခံစားခွင့်ရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းအသိပေးတင်ပြအပ်ပါသည်-

စဉ်	ရုံးချုပ်နှင့်ပြည်နယ်/တိုင်းဒေသကြီး	လိပ်စာ	Fax နံပါတ်	ဖုန်းနံပါတ်
၁	ပင်စင်ဦးစီးဌာနရုံးချုပ်	ရုံးအမှတ်(၃၄)နေပြည်တော် ဘဏ္ဍာရေးဝန်ကြီးဌာန	၀၆၇-၄၁၀၄၁၉ ၀၆၇-၄၁၀၃၇၂ ၀၆၇-၄၁၀၅၂၁	၀၆၇-၄၁၀၄၁၅ ၀၆၇-၄၁၀၄၁၈
၂	ရန်ကုန်တိုင်းဒေသကြီး	အမှတ်(၂၇)ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	၀၁-၃၇၄၇၆၅	၀၁-၃၇၆၆၄၀ ၀၁-၃၇၆၆၈၅
၃	ဧရာဝတီတိုင်းဒေသကြီး	အမှတ်(၅)၊ ကုန်စုံလမ်း၊ မြို့မဈေးအနောက်ဘက်၊ပုသိမ်မြို့	၀၄၂-၂၅၅၅၃	၀၄၂-၂၅၅၅၃
၄	ရခိုင်ပြည်နယ်	ဆင်ကူးလမ်း၊ သဘော်ဆိပ်အနီး စစ်တွေမြို့	၀၄၃-၂၄၂၇၃	၀၄၃-၂၄၃၁၅
၅	မွန်ပြည်နယ်	ဘိုကုန်းရပ်၊ မော်လမြိုင်မြို့	၀၅၇-၂၇၁၅၀	၀၅၇-၂၇၁၅၀
၆	ကရင်ပြည်နယ်	သီရိလမ်း၊(၄)ရပ်ကွက်၊ ဘားအံမြို့	၀၅၈-၂၂၅၂၂	၀၅၈-၂၂၅၂၂
၇	တနင်္သာရီတိုင်းဒေသကြီး	ဆိပ်ကမ်းသာလမ်း၊ တိုးချဲ့ရပ်ကွက်၊ ထားဝယ်မြို့	၀၅၉-၂၁၆၅၇	၀၅၉-၂၃၄၉၃
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	မြို့တွင်းကြီးရပ်၊ ပဲခူးမြို့	၀၅၂-၂၁၂၁၆	၀၅၂-၂၁၂၁၆ ၀၅၂-၂၁၀၁၇
၉	ပဲခူးတိုင်းဒေသကြီးရုံးခွဲ (ပြည်မြို့)	ဆင်စုရပ်၊ ပြည်မြို့	၀၅၃-၂၆၄၇၆	၀၅၃-၂၆၄၇၆
၁၀	မန္တလေးတိုင်းဒေသကြီး	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	၀၂-၇၁၈၃၂	၀၂-၇၁၈၃၂
၁၁	မကွေးတိုင်းဒေသကြီး	စိုးကောမင်းရပ်၊ မကွေးမြို့	၀၆၃-၂၅၅၈၁	၀၆၃-၂၅၅၈၁
၁၂	စစ်ကိုင်းတိုင်းဒေသကြီး	သာစည်လမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့	၀၇၁-၂၃၄၉၅	၀၇၁-၂၃၆၁၆ ၀၇၁-၂၃၄၉၅
၁၃	ကချင်ပြည်နယ်	အမှတ်(၁၄)၊ ဧဒင်စံပြလမ်း၊ ဧဒင်ရပ်ကွက်၊ တပ်ကုန်းမြောက်၊ မြစ်ကြီးနားမြို့	၀၇၄-၂၂၁၆၄	၀၇၄-၂၂၁၆၄
၁၄	ရှမ်းပြည်နယ်(တောင်ကြီး)	သစ်တောဂိတ်အနီး တောင်ကြီးမြို့	၀၈၁-၂၁၂၅၀၁၉	၀၈၁-၂၁၂၅၀၁၉
၁၅	ရှမ်းပြည်နယ်ရုံးခွဲ(လားရှိုး)	(၉) ရပ်ကွက်၊ လားရှိုးမြို့၊	၀၈၂-၃၀၉၄၁၊	၀၈၂-၃၀၉၄၁
၁၆	ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံ)	၃(ခ)၊ ၁၁၈ ရပ်ကွက်(၃)၊ မြို့တော်ခန်းမအနောက်၊ ကျိုင်းတုံမြို့	၀၈၄-၂၃၀၂၅၊	၀၈၄-၂၃၀၂၅
၁၇	ကယားပြည်နယ်	ဒေါဥခူရပ်ကွက်၊ မြန်မာ့အာမခံရုံး လမ်းကြား၊ လွိုင်ကော်မြို့	၀၈၃-၂၂၅၃၇၊	၀၈၃-၂၂၅၃၇

ပင်စင်ဦးစီးဌာန

ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် အားကစားကွင်းနှင့်လေ့ကျင့်ရေးကွင်းများ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကြည့်ရှု

မန္တလေး ဒီဇင်ဘာ ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီဝင် ဦးဝင်းသူမိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁ ရက်က အမျိုးသမီး ဘောလုံးပြိုင်ပွဲကျင်းပမည့် မန္တလာသီရိအားကစားကွင်း၊ လေ့ကျင့်ရေးကွင်းအဖြစ် သတ်မှတ်ထားသော မန္တလေးဘောလုံးအကယ်ဒမီလေ့ကျင့်ရေးကွင်း၊ ဗထူးအားကစားကွင်းတို့ကို ကြည့်ရှုရာ ဘောလုံးအကယ်ဒမီကျောင်းအုပ်ကြီး ဦးစိုးညွန့်က ကွင်းပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ လုံခြုံရေးနှင့် ဘောလုံးပြိုင်ပွဲလက်မှတ်များ စနစ်တကျ ရောင်းချနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မန္တလေးမြို့ သန့်ရှင်းရေးဆိုင်ရာများ မန်းစည်ပင်နှင့် ဂျပန် ပူးပေါင်းဆောင်ရွက်မည်

မန္တလေး ဒီဇင်ဘာ ၂

မန္တလေးမြို့တော်အတွင်း ရေဆိုးစွန့်ထုတ်မှု၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ Kitakyushu မြို့ရှိ ရေနှင့် ရေဆိုးသန့်စင်မှုဌာနတို့ ပူးပေါင်း၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ သုံးနှစ်စီမံကိန်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ သန့်ရှင်းမှုဆိုင်ရာ ပညာရှင်များက မန္တလေးမြို့ကို တစ်နှစ်ခွဲအချိန်ယူကာ သုတေသနပြုလုပ်ထားကြောင်း သိရသည်။ ဂျပန်နိုင်ငံရေနှင့် ရေဆိုးသန့်စင်မှုဌာနမှ ရေနှင့် သန့်ရှင်းမှုဆိုင်ရာများအတွက် ပစ္စည်းကိရိယာများနှင့် ပိုးသတ်စနစ်အတွက် ပစ္စည်းကိရိယာများကို ပံ့ပိုးပေးသွားမည့်အပြင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများကိုလည်း ဂျပန်နိုင်ငံသို့ ခေါ်ဆောင်သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မောင်ပြည်သူ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၁၂-၂၀၁၃ (အင်္ဂါနေ့)

၆း၀၃	တရားတော်		- ချစ်အိပ်မက်ဆုံရာ အပိုင်း(၁၇)
၆း၃၅	မျိုးချစ်တပ်မတော်	၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၆း၅၅	မြန်မာသံစဉ်ချိုနားဝင်		ယောကျ်ားဂုဏ်ရည် (အပိုင်း-၂၆) ဇာတ်သိမ်း
၈း၂၅	မြတ်နိုးစရာ ရိုးရာလက်မှုပညာ		- ဟာသရုပ်စုံ
၈း၃၅	ခရီးလည်းသွား စကားလည်းဆို		- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
၉း၀၀	တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင်		နွေးထွေးသော
၄း၂၅	အလွမ်းတေးပန်းချီချစ်သူဆီ		ရင်ခွင်ထက်ဆီ (၁၄)
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း		

ဖတ်စရာ »»

ရွှေမြန်မာတို့၏ ဆီးဂိမ်းပွဲတော်မဟာ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် ရက်အနည်းငယ်သာ လိုပါတော့သည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် ပြိုင်ပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများကလည်း နေ့စဉ်နှင့်အမျှ ဘက်စုံထောင့်စုံမှ လိုလေသေးမရှိ ပြင်ဆင်မှုများ အံ့မခန်းကြားသိနေလျက် လက်ချိုးမျှော်နေမိတာ အမှန်ပါ။

အစဉ်အမြဲကြိုးစားလေ့ကျင့်နေသော အားကစားမောင်မယ်များ၏ ယုံကြည်အောင်ပန်းဝေမည့် အားမာန်များသည် ပရိသတ်ပြည်သူများဆန္ဒနှင့် တစ်သားတည်းရှိနေခဲ့ပါပြီ။ ဂုဏ်ပြုဖြေဖျော်တင်ဆက်မှုပြုနေပါသော အနုပညာရှင်အားလုံးရဲ့ ရသပီတိတေးသီချင်းသံသာတို့သည် ရွှေနိုင်ငံကြီးအတွင်း ပျံ့လွင့်နေပါတော့သည်။

နိုင်ငံတကာမှ လူကြီးမင်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားသားဧည့်သည်များ၊ ဧည့်သည်နိုင်ငံတကာ တိုင်းပြည်များအလယ် ဂုဏ်ယူဝင့်ကြွားစွာ မြန်မာတို့၏ စိတ်ဓာတ်၊ စည်းကမ်း၊ မြန်မာ့ထုံးဓလေ့နှလုံးမူခြင်းဖြင့် ကိုယ့်တာဝန်ကိုယ်ယူကြစေချင်ပါသည်။

အသေးအမွှား ဘာမျှမဖြစ်လောက်ပါဘူးဟု ထင်မှတ်ထားသည့် အလွယ်တကူတွေ့ရာနေရာ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်းများ၊ မှားယွင်းသော အားပေးမှုမျိုးများ၊ သူ့အကျိုးမကြည့် ကိုယ့်ကျိုးရှိ စီးပွားရှာသူအချို့ကြောင့် အာဆီယံနိုင်ငံများအလယ် ပြည်မြန်မာကြီး ညှိုးငယ်မည်ကိုတော့ စိုးရိမ်မိပါသည်။

ကမ္ဘာတွင် မြန်မာဟု ထင်ရှားခဲ့ရသည့် ကျွန်ုပ်တို့၏ "ရှုမငြီးစရာ တန်ဖိုးအလှ"အား ထပ်ဆင့်ယှဉ်ကာပြိုင်ဆိုင်ဆင်နွှဲရမည့် ရွှေမြန်မာတို့၏(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်မဟာမှာ Green, Clean, Friendship ကို ယုံကြည်မှုများစွာဖြင့် နိုင်ငံသားတိုင်း ကိုယ်စီအသက်သွင်းလိုက်ကြရအောင်နော်။ ။

ခရေဖြူ(ပညာရေး)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး







ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဒီဂျေထွန်းမြင့် မှတ်ပုံတင်အမှတ်[၁၂/စခန(နိုင်)၀၂၇၄၄၆]၏ စီဒီစီနှင့် မနလစာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၀၇၇၈၅၁

သွေးသည်အသက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရှမ်းလမ်း၊ အမှတ်(၁၈၁)၊ မြေညီထပ်(ခြေရင်း+ထပ်ခိုးအပါအဝင်)ကို ပိုင်ရှင်ဖြစ်သူ ဒေါ်နီလာအောင် [၉/မမန(နိုင်)၀၇၆၆၇၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B,DBL,DML,DILDLP,WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc,Hon(IC),HGP,RL,D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
PH 294866, 294766, 09-5017044, 09-73107094

မက်ဆီမပါဝင်နိုင်သည့် ဘာစီလိုနာ အဝေးကွင်းနှစ်ပွဲဆက်ရှုံးပွဲကြုံ ဘာစီလိုနာ၏ လာလီဂါရှုံးပွဲမရှိစံချိန် ဘီဘာအို ရပ်တန့်စေခဲ့

စပိန်လာလီဂါပွဲစဉ်(၁၅)ကို ဒီဇင်ဘာ ၁ ရက်ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လာလီဂါရပ်ဝန်းတွင် လွှမ်းမိုးထားနိုင်ဆုံး တစ်ခုတည်းသော အသင်းတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းသည် ပွဲစဉ်(၁၅)တွင် ဘီဘာအိုအိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရကာ အသင်းတွင် အားထားရသည့် တိုက်စစ်မှူးမက်ဆီ တံကောက်ကြောဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့သဖြင့် အိမ်ရှင်ဘီဘာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းသည် ဘာစီလိုနာအသင်းအတွက် နှစ်ပွဲဆက် ရှုံးပွဲဖြစ်ခဲ့ရသည့်အပြင် လာလီဂါရပ်ဝန်းတွင်လည်း ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်စေခဲ့သည်။

ဘာစီလိုနာအသင်းသည် နိုဝင်ဘာ ၂၆ ရက်က အိုင်းယက်စ်အသင်းအိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသော ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းပွဲစဉ်တွင်လည်း ဘာစီလိုနာအသင်းအတွက် အားထားရသည့် ကစားသမားများဖြစ်သည့် မက်ဆီ၊ ဒေါ့ဆန်းတို့စ်၊ ဂျော်ဒီအယ်လ်ဘာ စသည့်ကစားသမားများ မပါဝင်နိုင်ခဲ့ခြင်းကြောင့် အဝေးကွင်းရှုံးပွဲကြုံခဲ့ပြီး လက်ရှိဘီဘာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရသည့် လာလီဂါပွဲစဉ်တွင်လည်း အဝေးကွင်းရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည်။ ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် နေမာ၊ ဖာဘရီဂတ်စ်၊ ဆန်းချက်တို့ကို တိုက်စစ်၊ အင်နီယေစတာ၊ ဇာဗီ၊ ဘတ်စကွက်တို့ကို ကွင်းလယ်၊ အက်ဒရီယာနို၊ မာရှေယာနို၊ မွန်တိုယာ၊ ပီကေးတို့ကို နောက်တန်း စသည်ဖြင့် ၄-၃-၃ ပုံစံဖြင့် ပွဲထွက်လာခဲ့သော်လည်း အဝေးကွင်းတွင် ဦးဆောင်ဂိုးမသွင်းယူနိုင်ခဲ့သည့်အပြင် ဘီဘာအိုအသင်းမှ ကွင်းလယ်လူ မူနီယာအင်၏ သွင်းဂိုးကိုပင် ချေပနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ သို့သော် ဘာစီလိုနာအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ရမှတ် ၄၀ ရရှိထားကာ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေဆဲပင်ဖြစ်သည်။

ငွေကြယ်

ထိုင်ဝမ်ရုပ်ရှင်လောက ပိုမိုတိုးတက်စေရန် ဝေဖန်လိုက်သည့် ဒါရိုက်တာအန်းလီ

ထိုင်ဝမ်ရုပ်ရှင်လောကမှတစ်ဆင့် ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ထိုးဖောက်ကာ အော်စကာဆုကိုရယူပေးနိုင်ခဲ့သူ ဒါရိုက်တာအန်းလီက ထိုင်ဝမ်ရုပ်ရှင်လုပ်ငန်းအနေဖြင့် ယခုထက်ပိုမိုအောင်မြင်နိုင်ရန်နှင့် နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန်အတွက် အားနည်းချက်နှင့် လိုအပ်ချက်များ ရှိနေသေးကြောင်း ဝေဖန်ပြောကြားလိုက်သည်။

ဆက်လက်ပြီး Life of Pi ဇာတ်ကားဖြင့် အော်စကာဆုကို ဆွတ်ခူးရရှိခဲ့သည့် ထိုင်ဝမ်ဒါရိုက်တာ အန်းလီက နှစ်စဉ်နှစ်တိုင်း ထွက်ရှိလာသည့် ထိုင်ဝမ်ဇာတ်ကားများတွင် ဖွဲ့စည်းတည်ဆောက်ပုံနှင့် အဓိကဆိုလိုရင်း အာဘော်ပိုင်းဆိုင်ရာများတွင် ပိုမိုနက်ရှိုင်းစွာ ဖန်တီးရန်နှင့် ဇာတ်ညွှန်းပိုင်းဆိုင်ရာများတွင်လည်း ပိုမိုအနှစ်သာရရှိစေရန် လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။

ရုပ်ရှင်ကားကောင်းဖြစ်လာရန် အဓိကလိုအပ်ချက်များနှင့်စပ်လျဉ်းပြီး ဒါရိုက်တာအန်းလီအားမေးမြန်းခဲ့ရာတွင် "ဘယ်အရာက ဇာတ်ကားကောင်းတစ်ကားဖြစ်လာစေမယ်လို့တော့ ကျွန်တော် မပြောလိုပါဘူး။ ဒါပေမယ့် ထိုင်ဝမ်ဇာတ်ကားအများစုမှာ ကိုယ်ဘာကိုဖော်ပြချင်တယ်၊ ပြောချင်တယ်ဆိုတာကို ပရိသတ်ရှင်းရှင်းလင်းလင်းသိအောင်လုပ်ဖို့တော့ လိုအပ်မယ်လို့ ထင်ပါတယ်"ဟု ၎င်းက ဖြေကြားသွားခဲ့သည်။

ဒါရိုက်တာအန်းလီသည် ရုပ်ရှင်ပွဲတော်များတွင် အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး မကြာခင်က ကျင်းပပြီးစီးခဲ့သည့် Golden Horse ရုပ်ရှင်ဆုပေးပွဲတွင်လည်း အကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

မိခင်ကိုရည်စူး၍ အမေများဖောင်ဒေးရှင်းတည်ထောင်ကာ ကူညီပေးမည့် အိန်ဂျလီနာဂျိုလီ

ဟောလိဝုဒ်ကြယ်ပွင့် အိန်ဂျလီနာဂျိုလီနှင့် သူ၏အစ်ကိုဖြစ်သူတို့က ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည့်မိခင်ကို ဂုဏ်ပြုသည့်အနေဖြင့် အမေများဖောင်ဒေးရှင်းကို တည်ထောင်ကာ ကူညီထောက်ပံ့မှုများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျိုလီ၏ မိခင်သည် ၂၀၀၇ ခုနှစ်က သားအိမ်ခေါင်းကင်ဆာဖြင့် ကွယ်လွန်ခဲ့ပြီး ထိုအချိန်ကတည်းက ပရဟိတလုပ်ငန်းများကို ပိုမိုအာရုံစူးစိုက်ကာ အားတက်သရော လုပ်ဆောင်ခဲ့ပါကြောင်း၊ ယခု ဖောင်ဒေးရှင်းကိုလည်း ဂျိုလီ၏ မိသားစုအတွင်းမှ ကင်ဆာရောဂါဖြင့် ကြွေလွင့်ခဲ့ရသည့်သူများ၏ အမည်များကိုထည့်သွင်းကာ အမည်ပေးမည်ဖြစ်ကြောင်းနှင့် ယင်းဖောင်ဒေးရှင်းအတွက် သူ၏ဦးလေးဖြစ်သူနှင့် အစ်ကိုဖြစ်သူတို့ကလည်း ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးကြမည်ဖြစ်ကြောင်းသိရသည်။

"ဂျိုလီဟာ သူရဲ့ ဟောလိဝုဒ်ငွေကြယ်ပွင့်ဆိုတဲ့ဂုဏ်ကို မှန်ကန်တဲ့နည်းလမ်းနဲ့ ကောင်းစွာအသုံးချလိုက်တာပါပဲ။ သူ့အမေသာရှိနေရင် သိပ်ကိုဂုဏ်ယူနေမှာပါ"ဟု ဂျိုလီ၏အစ်ကိုဖြစ်သူက ပြောကြားခဲ့သည်။ဆက်လက်ပြီး ဂျိုလီက သူ၏ချစ်သူ ဘရတ်ဒ်ပစ်နှင့် ကလေးများအားလုံးကိုလည်း သူ၏အစီအစဉ်အားလုံးတွင်အားတက်သရော ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မွန်ပြည်နယ်ရွှေလုပ်ငန်းရှင်များအသင်းမှ ဖိတ်ကြားခြင်း

အမှုဆောင်ကော်မတီသစ် (၂၀၁၄-၂၀၁၅)ခုနှစ်အတွက် အမှုဆောင်အသစ်ရွေးချယ်ရန် အသင်းသားတိုင်း ရွေးချယ်အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

လျှောက်လွှာရက်။ ။ (၂၈-၁၁-၂၀၁၃)မှ (၅-၁၂-၂၀၁၃)
ညနေ(၄)နာရီတိတိ လျှောက်လွှာပိတ်ပါမည်။
ရွေးကောက်ပွဲရက်။ ။ (၁၁-၁၂-၂၀၁၃)၊ မွန်းလွဲ (၁)နာရီ
အသင်းရုံးတွင် တင်မြှောက်ရွေးချယ်မည်။

မွန်ပြည်နယ် ရွှေလုပ်ငန်းရှင်များအသင်း၊
(၄)ထပ်ဈေး၊ မြိုင်ရတနာဈေး၊ မော်လမြိုင်မြို့။



G K T (အိန္ဒိယ-နီပေါ)ဘုရားဖူးခရီးစဉ်များ
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ ၁၅ ရက်
ဒီဇင်ဘာလကုန်ထိသာ (Hot Promotion) ပေးပါမည်
ထွက်ခွာမည့်နေ့ရက်များ ၁။ ၁၈-၁-၂၀၁၄ ၂။ ၂၂-၂-၂၀၁၄
G K T မှ ဒါရိုက်တာကိုယ်တိုင် ခရီးစဉ်အစအဆုံး ပို့ပေးမည်။
ရုံးအမှတ် -(၁၄၁-၁၄၉)၊ ဗားဂရာကွန်ဒို၊ ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း -Hot Line ၀၉-၄၂၁၀၄၆၄၃၄၊ ၀၁-၂၃၀၄၅၃၆၊ ၅၀၀၁၂၅

ပုဂံရှိဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းသည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပုဂံ-ညောင်ဦးမြို့ သီရိပစ္စယာဟိုတယ်၊ ပုဂံသံတွဲဟိုတယ်၊ ပုဂံမြို့သစ်အနီးရှိ ဟိုတယ်ဇုန် အမှတ်(၄)နှင့် အမှတ် (၂) တို့ကို စစ်ဆေးပြီး ပုဂံမြို့သစ်ရှိ မြန်မာ့ခရီးသွားလုပ်ငန်း(ပုဂံရုံးခွဲ)၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ညောင်ဦးလေဆိပ်ခန်းမ၌ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား တွေ့ဆုံနှုတ်ဆက်ကာ ဧည့်သည်များ ဝင်/ထွက် သွားလာမှု၊ Tourist Information ကောင်တာများ ဝန်ဆောင်ပေးမှု၊ လေဆိပ်သန့်ရှင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပုဂံမြို့ AYEAR RIVER VIEW ဟိုတယ်ခန်းမ၌ တာဝန်ရှိသူများ၊ Tourist Police တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များကို တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုနယ်မြေ ပုဂံဘူတာကြီး

ညောင်ဦး ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြန်မာ့မီးရထားဝန်ကြီးဌာန ရှေးမူနှင့်လက်ရာတူ ခံ့ညားထည်ဝါသော ပုဂံဘူတာကြီးနှင့် ပခုက္ကူ-ပုဂံ-ရန်ကုန် ပြေးဆွဲနေသော ရထားကြီးကို နိုဝင်ဘာ ၂၆ ရက်က တွေ့မြင်ခဲ့ရသည်။ ကျောက်ပန်းတောင်း-ပုဂံလမ်းပိုင်းနှင့် ပုဂံဘူတာကြီးကို ၁၉၉၆ ခုနှစ် မေ ၂၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ပုဂံဘူတာကြီး၏ ယာဉ်ဝန်းမှာ သံလမ်းငါးလမ်းဖြင့် ယာဉ်ဝန်းကြီးကို တည်ဆောက်ထားရှိပြီး ပုဂံဘူတာကြီး၏ သုံးလွှာအပေါ်နစ်ထပ်တွင် မြန်မာ့မီးရထား၊ တိုင်းအမှတ် (၁၁) ရုံးထားရှိသည်။ အောက်ထပ်တွင် ဒေသအသီးသီးမှ ခရီးသွားပြည်သူများ လေလုံမိုးလုံ နေထိုင်နိုင်ရေးနှင့် လက်မှတ်လွယ်ကူစွာဝယ် ယူနိုင်ရေးတို့အတွက် စီစဉ်ပေးထားသည်ကို လည်းတွေ့ရသည်။ **(၆၂၇)**

တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂

နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲ၊ ကနီ၊ကလေး၊ ကလေးဝ၊ ယင်းမာပင်၊ ဝန်းသို၊ မင်းကင်း၊ ရွှေဘိုမြို့နယ်များမှ တရားမဝင် ကျွန်း ၁၃ ဒသမ ၃၇၁၂ တန်၊ သစ်မာ ၁၇ ဒသမ ၁၇၁၈ တန်နှင့် အခြားသား ၁၆ ဒသမ ၇၀၂၂ တန် စုစုပေါင်း ၄၇ ဒသမ ၂၄၅၂ တန်၊ နိုဝင်ဘာ ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးစခန်း မန္တလေး-မတ္တရာ ကားလမ်းမှ တရားမဝင် ကျွန်းတံခါးရွက် ၃၇ ရွက် သုည ဒသမ ၅၆၇၆ တန်နှင့် မီးသွေး ၄၅ ပေါင်ဝင် ၂၅ လုံး ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမအသင်း ဆင့်ပွားသင်တန်းဖွင့်

ပဲခူး ဒီဇင်ဘာ ၂

ပဲခူးမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း အမှုဆောင်များ သမဝါယမဆင့်ပွားသင်တန်း အမှတ်စဉ် (၀/၂၀၁၃-၂၀၁၄)ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၅၈၇)**

အထူးကျေးဇူးတင်ရှိပါကြောင်း

ကျွန်တော်၊ ကျွန်မတို့၏ မင်္ဂလာဧည့်ခံပွဲတွင် မအားလပ်သည့်ကြားမှ အချိန်ယူပြီး ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး၊ ဒုတိယဗိုလ်မှူးကြီး ဝုန်ဆွမ်ထန်(ပါမောက္ခ၊ စိတ်ကျန်းမာရေးသူနာပြုစုမှုဌာန၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာပညာတက္ကသိုလ်၊ မင်္ဂလာဒုံ)နှင့် ဇနီး၊ မန္တလေးအထွေထွေဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းနှင့် မိသားစု၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဇော်မင်းမင်းထွန်းနှင့် ဇနီး၊ မိဘဆွေမျိုးများနှင့် မိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မောင်မောင်ချင်းနှင့် နော်တင်တင်ဆိုင်



ပေါက်ပြဲနေသော လျှပ်စစ်ဝါယာကြိုးများ လဲလှယ်သင့်

နေပြည်တော် ဒီဇင်ဘာ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် နီးကပ်လာပြီဖြစ်သည်။ နိုဝင်ဘာ ၃၀ ရက် ညနေ ၆ နာရီခန့်တွင် နေပြည်တော်၏အလယ် အချက်အချာကျသည့် နေရာတစ်ခုဖြစ်သည့် ပျဉ်းမနား-တောင်ညိုလမ်းမကြီးနှင့် ရာဇသင်္ဂဟ လမ်းဆုံတွင်ရှိသည့် သပြေကုန်းအဝိုင်း၏ အရှေ့တောင်ထောင့်တွင်ရှိသည့် ကျောက်သားနံရံအုတ်အင်္ဂတေကွက်များတွင် တွယ်ပတ်၍ သွယ်တန်းထားသည့် လျှပ်စစ်ဝါယာကြိုးတန်းမှ ဝါယာရှော့ခ်ဖြစ်ပွားကာ မီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ထိုသို့ နေပြည်တော်၏ အဓိကအချက်အချာကြသည့် မိန်းလမ်းမကြီးပေါ်တွင် ယခုကဲ့သို့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရာ နေပြည်တော်မြို့တော်ကြီးကို ပြည်တွင်းပြည်ပမှ ဧည့်သည်တော်များ လာရောက်နေချိန်တွင် ယခုကဲ့သို့ အမြင်မတင့်တယ်သောမြင်ကွင်းသည် နေပြည်တော်မြို့တော်ကြီး၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည်။

"လျှပ်စစ်ဝါယာကြိုးက မီးဟာ ညနေ ၆ နာရီအချိန်ကစပြီး လောင်ကျွမ်းတယ်။ မိနစ် ၂၀ ခန့်လောက်မှ ကိရိယာအစုံကိုင်ဆောင်လာတဲ့ အသက် (၅၀) ခန့် အမျိုးသားကြီးတစ်ဦးက သူ့ထံမှ ပါလာတဲ့ ပလာယာနဲ့ မီးလောင်နေတဲ့ ဝါယာကို ဖြတ်ပစ်တယ်။ မီးက နာရီဝက်ခန့်ကြာမှ ငြိမ်းသွားတယ်"ဟု ပတ်ဝန်းကျင်နေသူတစ်ဦးက ပြောပြသည်။

သို့ပါ၍ ပျက်စီးပေါက်ပြဲနေသော ဝါယာကြိုးများကို သက်ဆိုင်ရာမှ အမြန်ဆုံးပြန်လည်ပြုပြင်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အိမ်ဂရန်ငါးခု ခိုးယူပေါင်နှံသူအိမ်အကူကို အရေးယူ

ရန်ကုန် ဒီဇင်ဘာ ၂

အင်းစိန်မြို့နယ်တွင် အိမ်ဂရန်ငါးခုခိုးယူပေါင်နှံသူ အိမ်အကူကို နိုဝင်ဘာ ၃၀ ရက် ညပိုင်းက အရေးယူလိုက်ကြောင်းသိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက်နေ ဦးအေးလွင်သည် နိုဝင်ဘာ ၃၀ ရက် ည ၉ နာရီခန့်တွင် နေအိမ်၌ ရှိနေစဉ် တစ်ရပ်ကွက်တည်းနေ မကြည်ကြည်စိုး ရောက်ရှိလာပြီး ဦးအေးလွင်၏ ယခုနေအိမ်နှင့် ကမာရွတ်မြို့နယ် (၁) ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ နေအိမ်၏ ဂရန်နှစ်ခုကို ဦးအေးလွင်၏ အိမ်အကူဖြစ်သူ မချို(ခ) မနော်ဆဲထီးက ငွေကျပ်သိန်း ၁၀၀ဖြင့် ပေါင်နှံထားကြောင်း ပြောပြသည်။ ဦးအေးလွင်က ဗီရိုအံဆွဲအတွင်း ထားရှိသော အိမ်ဂရန်များကို စစ်ဆေးရာ အိမ်ဂရန်ငါးခုမှာ ပျောက်ဆုံးနေသည်။ မချို(ခ) မနော်ဆဲထီးကို မေးမြန်းရာ ခိုးယူပေါင်နှံထားကြောင်းသိရသဖြင့် မချို(ခ) မနော်ဆဲထီးကို အင်းစိန်မြို့မ ရဲစခန်းက ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(စိုးဝင်း -MLA)

မှော်ဘီ၌ အုတ်သယ်ယာဉ်တိမ်းမှောက်၊ တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

မှော်ဘီ ဒီဇင်ဘာ ၂

မှော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၁ ရက် နံနက် ၆ နာရီ ၁၅ မိနစ်က ရန်ကုန်-ပြည်လမ်းမအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း ကိုနိုင် တိုက်ကြီးမြို့နယ်နေသူ မောင်းနှင်လာသော ခ/-----အေရိုး လပ်(စ်) အုတ်သယ်ယာဉ်သည် မိုင်တိုင်အမှတ် (၃၅/၇) အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ တိမ်းမှောက်သွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အုတ်တင်အုတ်ချ အလုပ်သမားများ ဖြစ်ကြသော တိုက်ကြီးမြို့နယ် နေသူများဖြစ်သည့် သိန်းဝင်းတွင် ဦးခေါင်းပွင့်ထွက်၊ ယာခြေသလုံးရိုးကျိုး ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး အောင်ကိုမင်းနှင့် ရဲမင်းအောင်(ခ) ကုလားကြီးတို့တွင် ပေါက်ပြဲ ပွန်းပဲ့နာကျင်ဒဏ်ရာများ ရရှိကြသည်။ ယာဉ်မောင်း ကိုနိုင်မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

(၀၄၀)

သရက်ကန်ကျေးရွာ စပါးခင်းထဲ၌ လူတစ်ဦးသေဆုံး

သာစည် ဒီဇင်ဘာ ၂

သာစည်မြို့နယ် သရက်ကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက နိုဝင်ဘာ ၃၀ ရက်က သာစည်မြို့မရဲစခန်းသို့ သရက်ကန်ကျေးရွာ ဦးအေးလွင်၏ စပါးခင်းထဲတွင် လူတစ်ဦးသေဆုံးနေကြောင်း သတင်းပေးပို့သဖြင့် သာစည်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမြင့်သိန်းနှင့်အသိသက်သေများသွားရောက်စစ်ဆေးခဲ့သည်။ စပါးခင်းအတွင်း သေဆုံးနေသူမှာ သရက်ကန်ကျေးရွာနေ ဦးမြင့်လွင် (၅၀)နှစ်ဖြစ်ပြီး ပြင်ပဒဏ်ရာမရှိဘဲ နှုတ်ခမ်းရွဲ့ကာ ဘယ်၊ညာလက်များ ကွေးကောက်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

(တင်လှိုင်-မိတ္ထီလာ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၁၂-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၆း၄၅	"နတ်စင်တစ်ရာဆရာတော် ဦးဆောင်လျှဒါန်းသည့် စိန်ရတုစတုဒိသာ"
၆း၅၅	ကြေးမုံရိပ်သွင်တေးနုယဉ်
၇း၂၀	ပြည်သူတို့ရဲ့ စကားသံများ
၁၀း၁၅	မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "တွေးရခက်ကြီး" (အပိုင်း-၁)
၁၁း၀၀	"မင်္ဂလာရှိသော မင်္ဂလာ"
၂း၁၀	အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တေးများ
၂း၃၀	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အိမ်တွင်းစီးပွား အထူးပြု) (အိမ်တွင်းစီးပွား)
၄း၅၀	နှောင်းခေတ်တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း - "ဆိုလိုက်ကြစို့"

အင်းတော်မြို့နယ်၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ကသာ ဒီဇင်ဘာ ၂

ကသာခရိုင် အင်းတော်မြို့နယ် ရဲတပ်ဖွဲ့ စခန်းမှူးဒုရဲမှူး မျိုးညွန့်သန်း၊ ဒုရဲအုပ် သောင်းစိန်ထွန်းနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲက နယ်မြေအတွင်း မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် အင်းတော်မြို့နယ် တံခွန်တိုင်နှင့် တုံစီရွာကြား၌ ဒန်းမောင် စီးလာသောဆိုင်ကယ်နှင့် ယင်းနောက်မှ မဲကျော်မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဒန်းမောင် ဝတ်ဆင်ထားသော ဘောင်းဘီ တိုခါးကြားအတွင်းမှ ပလတ်စတစ်ဖြင့်ထုပ်လျက် ဘိန်းမည်းဟု ယူဆရသော အမည်းရောင်အစေး ၅၀ ဂရမ်ခန့်တစ်ထုပ်၊ မဲကျော်ဝတ်ဆင်ထားသော အင်္ကျီအတွင်းမှ သားရေအိတ်အတွင်းထည့်လျက် ဘိန်းမည်းဟု ယူဆရသော အမည်းရောင်အစေး သုံးဂရမ်ခန့် တစ်ထုပ်၊ ဘိန်းစစ်ဖတ်တစ်ခုကိုတွေ့ရှိခဲ့ကြောင်း သိရသည်။ ကွင်းဆက်ဖော်ထုတ်ချက်အရ ရောင်းချသူ တံခွန်တိုင်အရှေ့ရွာနေ ဝင်းလွင်အားဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရရှိခဲ့သော ဒန်းမောင် မကျီးပင်ရွာ၊ မဲကျော် တုံစီရွာ၊ ဝင်းလွင် တံခွန်တိုင်အရှေ့ရွာတို့ သုံးဦးအား အင်းတော်မြို့နယ်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်းသိရသည်။**(ခရိုင်ပြန်/ဆက်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်









ရောင်းမည်

ဒဂုံမြို့သစ်(အရှေ့)၊ (၈)ရပ်ကွက်၊ တိုးချဲ့ ပေ(၄၀×၆၀)၊ (၃)ကွက်တွဲ၊ မြေပို ပေ(၂၀)ပါ အုတ်တံတိုင်းအပြည့်ခတ်၊ မီတာ(၂)လုံး၊အဝီစိတွင်းရေစက်+စည်ပင်ရေပါ၊ နှစ်ရှည်ပင်ကြီးများ စိုက်ပျိုးထား၊ ဂိုဒေါင်၊ ပန်းခြံအလှလုပ်ငန်း၊ ဘိုးဘွားရိပ်သာ၊ ပရဟိတဆေးရုံဆောက်လုပ်လှူဒါန်းလိုသူအတွက် အထူးသင့်လျော်၊ ဆိုဈေး ကျပ်သိန်း (၁၆၀၀)ညှိနှိုင်း ဖုန်း-၀၉-၇၃၀၇၃၇၂၈၊ ၀၉-၄၃၁၁၄၉၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၅၅၈ စီ၊ မြေကွက်တည်နေရာအမှတ် ၅၅၈/စီ၊ (၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးစိုင်းလူး [ဥက္ကဌ၊ MTAတပ်မဟာ(၁)၊ ၈၆၁/လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ရေးအဖွဲ့]အမည်ပေါက် တစ်နှစ်ယာယီလိုင်စင်မြေအားအမည်ပေါက် ဦးစိုင်းလူးထံမှ ဦးဇော်မျိုးအောင်[၁၂/ဥကမ(နိုင်)၀၅၇၃၀၇]က အပြီးအပိုင်ရောင်းချခြင်းကတိစာချုပ်၊ ကိုယ်စားလှယ်လွှဲစာများတင်ပြ၍ ဦးဇော်မျိုးအောင် အမည်ဖြင့် လိုင်စင်သက်တမ်းတိုးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

လုပ်သားရှားပါးမှုကိုဖြေရှင်းနိုင်ရန်ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာများဖြင့်သရုပ်ပြပွဲကျင်းပ

ညောင်ဦး ဒီဇင်ဘာ ၂

စက်မှုလယ်ယာဦးစီးဌာနက စီစဉ်ကျင်းပသည့်လယ်ယာသုံးစက်ကိရိယာ လက်တွန်းထွန်စက်နှင့် မျိုးစေ့ချကိရိယာများကို တောင်သူများအား လက်တွေ့သရုပ်ပြပွဲကို နိုဝင်ဘာ ၃၀ ရက်က ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ တောင်သူဒေါ်ငွေရင်၏ တောင်ဘကွင်း၌ကျင်းပရာ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက စက်ကိရိယာများနှင့် ပတ်သက်၍ အသုံးပြုပုံများကိုရှင်းလင်းပြောကြားပြီး မောင်းနှင်သရုပ်ပြခဲ့ကြသည်။

အဆိုပါ သရုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်မှာ လယ်ယာလုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး လယ်လုပ်ငန်းများမြန်ဆန်နိုင်ရန်၊ မိုးလေဝသဖောက်ပြန်ပါက အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်ရန်နှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန် စသည်တို့ဖြစ်ကြောင်း၊ ညောင်ဦးဒေသ၏အဓိကသီးနှံမှာ မြေပဲဖြစ်သောကြောင့်ယခုပြသထားသော စက်ကိရိယာများမှာ ဒေသခံတောင်သူများနှင့်ကိုက်ညီသင့်လျော်ပြီး အသုံးပြုနိုင်သော စက်ပစ္စည်းများဖြစ်ကြောင်း၊ စက်ကိရိယာများတွင် မြင်းကောင်ရေ ၄၀ အား နယူးဟော်လန်ထွန်စက်ငယ်၊ မြင်းကောင်ရေ ၂၂ အား ဒေါင်ဖန်း လက်တွန်းထွန်စက်နှင့် နွားအသုံးပြု မြေပဲအစေ့ချကိရိယာတို့ပါဝင်ကြောင်း၊ ယင်းစက်ကိရိယာများကို တောင်သူများအနေဖြင့် အသုံးပြုလိုပါက သင့်တော်သောဈေးနှုန်းဖြင့် ငှားရမ်း/ဝယ်ယူသုံးစွဲနိုင်မည် ဖြစ်ကြောင်းသိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

တောင်သူနည်းပညာပေး စပ်မျိုးစပါး အထွက်ကောင်းစပါးမျိုးသန့်ထုတ်လုပ်ရေး စိုက်ကွင်းပြသ

စဥ့်ကိုင် ဒီဇင်ဘာ ၂

မိုးစပါးရာသီ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ရန်နှင့် အထွက်ကောင်းစပါးမျိုး မျိုးသန့်ထုတ်လုပ်ရေး စိုက်ခင်းကွင်းပြပွဲကို နိုဝင်ဘာ ၂၈ ရက်က စဥ့်ကိုင်မြို့ မျိုးသန့်ခြံ မျိုးစေ့ထုတ်စိုက်ကွင်း၌ ကျင်းပသည်။

စပါးမျိုးသန့်ထုတ်လုပ်ရေး စိုက်ကွင်းပြပွဲတွင်**(အပေါ်ပုံ)** စဥ့်ကိုင်မျိုးသန့်ခြံ ဦးစီးမှူး ဦးမျိုးလှိုင်က မျိုးသန့်ခြံအတွင်း ၂၀၁၃-၂၀၁၄ မိုးစပါးရာသီ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဌာနဦးစီးမှူး ဦးလှမြင့်အောင်နှင့် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး ဦးဟန်ခင်တို့က တောင်သူများအတွက် တင်း ၁၀၀ အထက် ထွက်ရှိသော စပါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်မှုနှင့် စိုက်နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မျိုးသန့်ခြံ ဒုတိယဦးစီးမှူး ဒေါ်ခင်ထားနွယ်က ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းဧက ၃၀ စိုက်ပျိုးထားရှိမှုနှင့် ခေတ်မီစက်ကြီးများဖြင့်စပါးရိတ်သိမ်းနေပုံတို့ကို လက်တွေ့ရှင်းလင်းပြသည်။

စဥ့်ကိုင်မျိုးသန့်ခြံသည် တောင်သူများအား တင်း ၁၀၀ အထက် ထွက်ရှိသော ဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်ပြီး စီးပွားရေးတွက်ခြေကိုက်သည့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ ဒေသတွင်း စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်နေမှုနှင့် အထွက်ကောင်းမျိုးပွားမျိုးစေ့များကိုတောင်သူများ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးရေး နည်းပညာများကို လိုက်နာကျင့်သုံးနိုင်မှုကြောင့် သီးနှံများ အမှန်တကယ် အထွက်နှုန်းတိုးမှု သိရှိရန် တောင်သူများအား နည်းပညာများ အကူအညီပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

မြိတ် ဒီဇင်ဘာ ၂

နယ်စပ်ဒေသရှိတိုင်းရင်းသူလေးများ၏ ဘဝလုံခြုံရေး၊ စီးပွားရေးအထောက်အကူပြုအတတ်ပညာများ တတ်မြောက်စေရေး၊ တတ်မြောက်ထားသည့်ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး မိသားစုဘဝတိုးတက်မြင့်မားစေရေး၊ တိုင်းတစ်ပါးကိုအထင်မကြီးဘဲ ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းတတ်ပြီးလမ်းမှားမရောက်စေရန်၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မြိတ်မြို့အမျိုးသမီးသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၅)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၆၄)ဆင်းပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။ **ခိုင်ထူး (မြိတ်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ကျွန်းချောင်းဓာတ်အားပေးစက်ရုံရှိ GT(3)၏ Generator 11KV Bus ရှိ Surge Suppressor Capacitor (3) Nos ကို မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၂-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၃၁-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲနှင့် (၂၂)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀နာရီ
အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ
(UMFCCI မင်္ဂလာခန်းမ)
မွန်းလွဲ ၂း၀၀နာရီမှ ၄း၀၀နာရီ
နှစ်ပတ်လည်အစည်းအဝေး(UMFCCI မင်္ဂလာခန်းမ)
ကျင်းပမည့်ရက် - ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - UMFCCI မင်္ဂလာခန်းမ၊ အမှတ်(၂၉)(ပထမထပ်)၊
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

မှတ်ချက် - ဖိတ်စာမရရှိပါက အသင်းရုံးခန်းတွင် ထုတ်ယူနိုင်ပါသည်။ ဖိတ်စာမရရှိပါကလည်း ဤဖိတ်ကြားလွှာကို ဖိတ်စာအဖြစ်မှတ်ယူ၍ တက်ရောက်နိုင်ပါသည်။ အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲသို့လည်း မပျက်မကွက်တက်ရောက်ကြပါရန်။

ဆက်သွယ်ရန်ဖုန်း- ၀၁၂၃၀၀၁၉၇၊ ၀၁၃၃၀၀၁၉၈



အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံ အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

ဆေးနှင့်ဆေးဝါးပစ္စည်း၊ Fax Film၊ Tyre & Battery၊ ရုံးအသုံးအဆောင်/ဧည့်ရိပ်သာသုံး/အထွေထွေလုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုထည့်အိတ်ခွံနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ

၂။ တင်ဒါပုံစံထုတ်ပေးရက်-၂၈-၁၁-၂၀၁၃ရက်

၃။ တင်ဒါပိတ်ရက် -၂၇-၁၂-၂၀၁၃ရက်

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်။

(က)အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်-၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ)နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး(ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၆၇-၂၂၁၂၆
(ဂ)ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၀၂၉
(ဃ)စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းစီမံကိန်းရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၉၇၀

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်



အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့်အကြောင်းကြားစာ
တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄
ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၄၈

ဦးကံရွှေလေး နှင့် ဦးမင်းကျော်ဦး
အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၁၃ခုနှစ်၊ မေလ ၁၆ရက်စွဲပါ ပုသိမ်ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်၅/၂၀၁၃၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် ဦးမင်းကျော်ဦး၊ လှိုင်မြို့နယ်၊ အမှတ်(၅၀၁)၊ ရွှေဟင်္သာလမ်း၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် ပုသိမ်ခရိုင်တရားရုံးမှချမှတ်ပေးသည့် စီရင်ချက်နှင့်ဒီကရီကို အယူခံတရားလို ဦးကံရွှေလေးမှ တရားမပထမ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤတရားမပထမအယူခံမှုကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်(၁၃၇၅ခုနှစ်၊ နတ်တော်လဆန်း၁၁ရက်)နေ့တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းတရားမပထမအယူခံမှုကိုသင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်ကဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၁၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ
(သန်းသန်းမြင့်)
လက်ထောက်ညွှန်ကြားရေးမှူး
ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်

ကျွန်းစုမြို့နယ် ကျွန်းပတ်လမ်းများ ပြုပြင်ဆောင်ရွက်လျက်ရှိ

ကျွန်းစု ဒီဇင်ဘာ ၂

ကျွန်းစုမြို့နယ်၌ ကျေးရွာပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ကျွန်းစုမြို့နယ်ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လမ်းဘေးဝဲယာ မြေညှိခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ လမ်း၊ တံတားများဆောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျွန်းပတ်လမ်းအား ယခင်က ကတ္တလူကျေးရွာ (၃)မိုင်(၆)ဖာလုံမှ ကပကျေးရွာ(၁၂)မိုင် အပိုင်းအထိ ဆောင်ရွက်ပြီး ဖြစ်သည်။ ယခုအခါ ကျွန်းစုမြို့နယ်မှ ကတ္တလူကျေးရွာလမ်းအပိုင်းအား စက်ယန္တရားများဖြင့် ထပ်ပိုးလွှာကတ္တရာခင်းခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသော လမ်းအပိုင်းများအား သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင်နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

၎င်းကျွန်းပတ်လမ်းအပိုင်းများအား မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးက ကြီးကြပ်၍ ဆန်းသစ်အောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ အဆင်ပြေစေရန် လုပ်ငန်းခွင်အတွင်း ကျောက်ခဲ့စက်များ ချထား၍ လမ်းခင်းကျောက်များ ကြိတ်ခွဲခြင်းလုပ်ငန်းမျာကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကျွန်းပတ်လမ်းခင်းခြင်းများ ဆောင်ရွက်ပြီးစီးပါက ပြည်သူများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့တွင်းသန့်ရှင်းသာယာလှပရေးနှင့် လမ်းတံတားများဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းကြီးကြပ်ဆောင်ရွက်

မြိတ် ဒီဇင်ဘာ ၁

မြိတ်မြို့တွင်းသန့်ရှင်းသာယာလှပရေးနှင့် လမ်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် မြိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးဂွမ်နှင့် အဖွဲ့ဝင်များက နိုဝင်ဘာလ ၃၀ ရက်၊ နံနက် ၈ နာရီတွင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာတွင် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အောက်ရေပုန်းရပ် လမ်းမကြီး ပေ ၁၀၆၀ × ၁၂ ပေ၊ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်း ပေ ၁၀၀၀×၁၈ပေ၊ နောက်လယ်ရပ် ပိတောက်ရွှေဝါလမ်း ပေ ၈၀၀×ပေ ၂၀ကို လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အထက(၁) ကျောင်းလမ်း (ပေ၈၀၀×၁၈ပေ)ကို လည်းကောင်း ကွင်းဆင်းကြီးကြပ်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် မြိတ်မြို့နယ် စည်ပင်သာယာရေးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်မည့် မြိတ်တောင်နယ်မြေ မြို့မ(၂)ရပ် အဓိပတိလမ်း(ပေ၂၇၀၀ ×၁၂ပေ) နှင့် ကလွင်ကျေးရွာဘိုးဘွားရိပ်သာလမ်း (ပေ ၁၈၀၀× ၁၂ပေ)တို့တွင် လမ်းခင်းရန်အတွက် ပစ္စည်းစုဆောင်းထားရှိမှုအား ကွင်းဆင်းကြီးကြပ်ကြည့်ရှုခဲ့ကြပြီး ပြည်သူများမှ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းဆောင်ရွက်နေသည့် နောက်လယ်(၁၁)လမ်း (ပေ ၄၂၀×၂၅ပေ)ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြိတ်ခရိုင်ပြန်/ဆက်)

ဖလမ်း၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း

ဖလမ်း ဒီဇင်ဘာ ၂

နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများ အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးနှင့် အသိပညာဗဟုသုတ ပိုမိုတိုးပွားလာစေရေးကို ရည်ရွယ်လျက် ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၃၀)အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၄) အခြေခံရက်ကန်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၉ရက် နံနက်၈နာရီတွင် အဆိုပါသင်တန်းခန်းမ၌ ကျင်းပသည်။

ထို့နောက် သင်တန်းထူးချွန်ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က လည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို ကျောင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူးက လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၄၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တ(၁၄)ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်**(ခရိုင်ပြန်/ဆက်)**

မြို့ရွာတစ်ခွင် သာစေချင် မီးကို မပေါ့နှင့်

အစိုးရ/စီးပွားရေးကြော်ငြာ

လမ်းဂိတ်ကြေးကောက်ခံခွင့်အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရား၊ (၅)မိုင်လမ်းမော်တော်ယာဉ်ဖြတ်သန်းခ ကောက်ခံခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ကို အောက်ပါအတိုင်း အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပေးသွင်းသည့်ပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မန်းရွှေစက်တော်ဘုရားဂေါပကရုံး၊ မင်းဘူးမြို့တွင် ရယူနိုင်ပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည့်ကာလ	- ၁-၁-၂၀၁၄မှ ၃၁-၁၂-၂၀၁၄ထိ
တင်ဒါတင်သွင်းရမည့်ရက်	- ၉-၁၂-၂၀၁၃မှ ၁၃-၁၂-၂၀၁၃ထိ
တင်ဒါပိတ်မည့်ရက်	- ၁၃-၁၂-၂၀၁၃
တင်ဒါဖွင့်ဖောက်မည့်ရက်	- ၁၆-၁၂-၂၀၁၃
တင်ဒါတင်သွင်းရမည့်နေရာ	- မန်းရွှေစက်တော်ဘုရားဂေါပကရုံး၊ မင်းဘူးမြို့။

မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့၊ မင်းဘူးမြို့။

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပိတ်သိမ်းပြီးဝင်းသူဇာအရောင်းဆိုင်(ဖျာပုံ)၏ လက်ကျန်ပစ္စည်းများနှင့် ဈေးပွဲတော်များ၏လက်ကျန်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က)	**တင်ဒါရောင်းချမည့်ရက်/အချိန်**	**- ၃-၁၂-၂၀၁၃ရက်မှ ၁၆-၁၂-၂၀၁၃ (၉း၃၀) နာရီမှ (၁၆း၃၀)နာရီအထိ**
(ခ)	**တင်ဒါပိတ်မည့်ရက်/အချိန်**	**- ၁၆-၁၂-၂၀၁၃ရက်နေ့၊ (၁၅း၃၀)နာရီ**
(ဂ)	**တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ**	**- စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ရောင်းချဖြန့်ဖြူးရေးဌာန ရုံး(၄၁)၊ နေပြည်တော်။**

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ နေပြည်တော်။ ဖုန်းအမှတ်-၀၆၇-၄၀၈၃၆၂၊ ၀၆၇-၄၀၈၃၆၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	မီးသတ်ဆေးဗူး (20KG)(Gas Powder) (Trolly Type)	8-Nos
(ခ)	Engine Oil	2-Items
	(၁) Engine Oil API-CG-4 SJ 20W 50(20 Liter/Drum)	25-Drums
	(၂) Hydraulic Oil (M)	1-Drum
(ဂ)	Digital Camera (Canon IXUS-140)	5-Nos
(ဃ)	10-Ton Crane (ISUZU/ TADANO)2001-Model	1-Unit

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး(၁၁-၁၂-၂၀၁၃)ရက်၊ ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၂၃၁/၀၁-၃၈၄၇၂၂





ရွှေမြန်မာတို့၏ ဆီးဂိမ်းပွဲတော်မဟာ

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် ရက်အနည်းငယ်သာ လိုပါတော့သည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် ပြိုင်ပွဲများကျင်းပဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများကလည်း နေ့စဉ်နှင့်အမျှ ဘက်စုံထောင့်စုံမှ လိုလေသေးမရှိပြင်ဆင်မှုများ အံ့မခန်းကြားသိနေလျက် လက်ချိုးမျှော်နေမိတာ အမှန်ပါ။

အစဉ်အမြဲကြိုးစားလေ့ကျင့်နေသော အားကစားမောင်မယ်များ၏ ယုံကြည်အောင်ပန်းဝေမည့် အားမာန်များသည် ပရိသတ်ပြည်သူများဆန္ဒနှင့် တစ်သားတည်းရှိနေခဲ့ပါပြီ။ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုပြုနေပါသော အနုပညာရှင်အားလုံးရဲ့ ရသပီတိတေးသီချင်းသံသာတို့သည် ရွှေနိုင်ငံကြီးအတွင်း ပျံ့လွင့်နေပါတော့သည်။

နိုင်ငံတကာမှ လူကြီးမင်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားသားဧည့်သည်များ၊ ဧည့်သည်နိုင်ငံတကာတိုင်းပြည်များအလယ် ဂုဏ်ယူဝင့်ကြွားစွာ မြန်မာတို့၏စိတ်ဓာတ်၊ စည်းကမ်း၊ မြန်မာ့ထုံးဓလေ့နှလုံးမူခြင်းဖြင့် ကိုယ့်တာဝန်ကိုယ်ယူကြစေချင်ပါတယ်။

အသေးအမွှားဘာမှမဖြစ်လောက်ပါဘူးဟု ထင်မှတ်ထားသည့် အလွယ်တကူ တွေ့ကရာ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်ပစ်ခြင်းများ၊ မှားယွင်းသော အားပေးမှုမျိုးများ၊ သူ့အကျိုးမကြည့် ကိုယ့်ကျိုးစီးပွားရှာသူအချို့ကြောင့် အာဆီယံနိုင်ငံများအလယ် ပြည်မြန်မာကြီး ညှိုးငယ်မည်ကိုတော့ စိုးရိမ်မိပါသည်။

ကမ္ဘာတွင် မြန်မာဟုထင်ရှားခဲ့ရသည့် ကျွန်မတို့၏"ရှုမငြီးစရာ တန်ဖိုးအလှ"အားထပ်ဆင့်ယှဉ်ကာ ပြိုင်ဆိုင်ဆင်နွှဲရမည့် ရွှေမြန်မာတို့၏ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်မဟာမှာ Green,Clean & Friendship ကို ယုံကြည်မှုများစွာဖြင့် နိုင်ငံသားတိုင်း ကိုယ်စီအသက်သွင်းလိုက်ကြရအောင်နော်။

ခရေဖြူ(ပညာရေး)

သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေး

ဇလွန် ဒီဇင်ဘာ ၂

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအသိညာဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက ဇလွန်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မြင့်တို့က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာနှင့် သိထားသင့်သည့်အချက်များကို ရှင်းလင်းပြောကြားကြသည်။ ဇလွန်မြို့ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်ကော်မတီ ၁၃ ယောက်၊ တစ်မြို့လုံးရပ်ကျေးကော်မတီ ၆၁၉ ယောက်နှင့် ကော်မတီဖွဲ့ထားပြီး တစ်မြို့နယ်လုံး စာရင်းကောက်ယူရေးကောက်ကွက် ၂၉၈ ကွက်နှင့် သိလိုသည့်အချက်များကို မေးမြန်းပြန်လည်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၆၀)**

ခြင်ထောင်ဆေးစိမ်နည်း လက်တွေ့သရုပ်ပြ

ရန်ကုန် ဒီဇင်ဘာ ၂

ခြင်ကျားကိုက်မှုကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ရာ ခြင်အကိုက်မခံရအောင် ခြင်ထောင်ဆေးစိမ်သရုပ်ပြခြင်းနှင့် ခြင်ထောင်များဆေးစိမ်ပေးခြင်းလုပ်ငန်းကို လှိုင်မြို့နယ်အတွင်း အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ပေးနေကြောင်း နိုဝင်ဘာ ၃၀ ရက်က လှိုင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လမ်း ၅၀ တွင် ပြုလုပ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေသော စည်ပင်သာယာကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန်းစန်းသွင်က ပြောကြားသည်။

ယင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးမြင့်ဝင်းက ကြီးကြပ်၍ စည်ပင်သာယာကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန်းစန်းသွင်၊ အမှတ်(၈)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ရပ်ကွက်အထောက်အကူပြုအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းဝင်များက ပူးပေါင်းပြီး ခြင်ထောင်ဆေးစိမ် လက်တွေ့သရုပ်ပြခြင်းနှင့် ခြင်ထောင်များ ဆေးစိမ်ပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

မောင်သုည

ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေချင်

ရန်ကုန် ဒီဇင်ဘာ ၂

စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ မြေနီကုန်းမှတ်တိုင်အနီးတွင် မော်တော်ယာဉ်တစ်ချို့စကြံ်လမ်းကို ပိတ်ဆို့ကာ ကားရပ်နားထားသဖြင့် ခရီးသွားများ ကားလမ်းပေါ်မှ သွားလာနေရသောကြောင့် အန္တရာယ်ကိုဖိတ်ခေါ်နေသလို ကြုံတွေ့နေရသဖြင့် ထင်သာမြင်သာပြုပြင်စရာအဖြစ် ရေးသားတင်ပြအပ်ပါသည်။**(ယာပုံ)**

(၁၉၇)

မြိတ်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်း သန်းခေါင်စာရင်းကောက်ယူရေး ရှင်းလင်းဟောပြော

မြိတ် ဒီဇင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားနယ်မြေ၊ ကန်ဖျားရပ်ကွက်၊ မစိုးရိမ်ပရယတ္တိစာသင်တိုက်၊ ဆွမ်းစားကျောင်းဆောင်၌ နိုဝင်ဘာ ၂၉ရက် မွန်းလွဲ၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်း သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟန်းသန်းခေါင်စာရင်းကော်မရှင်မှ ထုတ်ဝေသောလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးသည်။ ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေလင်းက လာမည့် ၂၀၁၄ခုနှစ်တွင် စာရင်းကောက်ယူမည့်လူဦးရေနှင့် အိမ်အကြောင်းအရာများ သန်းခေါင်စာရင်းအကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်များ၊ လူဦးရေနှင့် အိမ်အကြောင်းအရာများ မှန်ကန်မှ အနာဂတ် လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်းနှင့် သန်းခေါင်စာရင်းကောက်ယူရာတွင် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားပြီး တက်ရောက်လာကြသော ရပ်ကွက်နေပြည်သူလူထုတို့က သိလိုသည်များ မေးမြန်းသောအချက်များကို ပြန်လည်ဆွေးနွေးပေးခဲ့သည်။

ယင်းနောက် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်လှလှဌေးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်းများအား ထပ်ဆင့်ဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

မိုးဟိန်း(မြိတ်)

အစိုးရ/စီးပွားရေးကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရုံးချုပ်မော်တော်ယာဉ်ဌာနနှင့် စက်ရုံ ခွဲရုံ လိုင်းရုံးများရှိ ယာဉ်များအတွက် လိုအပ်သော တာယာမျိုးစုံ (၄၁၂၂)လုံး၊ ဘက်ထရီမျိုးစုံ (၁၂၈၁)လုံးနှင့် အင်ဂျင်ဝိုင်(၁၀၄)ပေပါတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၂-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၁၆-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၃)ဗဟန်း[ယခင်အလက(၄)ဗဟန်း၊ YMBA ကျောင်း] ၁၉၆၁ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)နှစ်နှင့် အထက်ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့်ကျောင်းသား၊ ကျောင်းသူဟောင်းသူငယ်ချင်းများ စုံညီစွာမပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်-

နေ့ရက်- ၂၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့)
အချိန်- နံနက်၈း၃၀နာရီမှ ၁၂နာရီထိ
နေရာ- အထက(၃)ဗဟန်း အောင်ဆန်းခန်းမ

လှူဒါန်းလိုသူများဆက်သွယ်ရန်-

ဆရာမဒေါ်ရီရီသန်း -၅၅၅၂၂၂ အထက(၃)ဗဟန်း
ဆရာမဒေါ်ခင်လှမြင့် ၀၉-၇၃၀၄၇၂၅၇
ဆရာမဒေါ်လှခင်-၀၉-၄၂၀၁၇၇၅၉၉
ဦးကိုကိုကြီး(ဆင်မင်းဆပ်ပြာ)၀၉-၇၃၁၅၁၈၅၈
ဦးမြင့်စိုး(တော်ဝင်မြင့်မြတ်သူ Co.,Ltd)၀၉၅၁၀၁၄၇၂
ဦးကျော်လှိုင်-၀၉-၇၃၂၄၆၇၇၉
မသင်းသင်းလွင်-၀၉၇၃၀၁၆၁၃၈
ကိုလှထွေး(ရှိုမို)၀၉-၅၁၆၂၉၁၉

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ



လမ်းကြိတ်စက်ရောင်း/ငှား(၈~၁၀တန်)

ဖုန်း - ၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၃၁၂၂၂
ဒဂုံတောင်၊ ဇုန်(၁)၊ မန္တလေးလမ်း



စစ်ကိုင်းမြို့ သုခကာရီအသင်းမှ မြို့နယ်လုံးကျွတ်သက်ကြီးပူဇော်

စစ်ကိုင်း ဒီဇင်ဘာ ၂

စစ်ကိုင်းမြို့၊ လေးကျွန်းမြေအုဋ္ဌကျောင်းတိုက်တွင် အခြေစိုက်၍ ဖွင့်လှစ်ကူညီလျက်ရှိနေသည့် သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကြီး၏ (၄)နှစ်ပြည့်အထိမ်းအမှတ် တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၃၀ရက်နေ့ နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ကြောင်းသိရသည်။ ယခုနှစ်တွင် သက်တော် (၉၀)နှင့်အထက် သံဃာတော်ကြီးများ (၁၆)ပါး၊ သီလရှင်ဆရာကြီး (၁၇)ပါး၊ မြို့ပေါ်(၁၉)ရပ်ကွက်မှ အဘိုးအဘွား (၁၄၁)ဦးနှင့် ကျေးရွာများမှ အဘိုးအဘွား (၁၅)ဦးတို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် စစ်ကိုင်း ပြည်သူ့ဆေးရုံကြီး၌ အသုံးပြုနိုင်ရန်အတွက် သားဖွားခန်းသုံး ECTION MACHINE စက်တစ်လုံးအား ဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်က သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကြီး၏ ကိုယ်စားလှူဒါန်းရာ စစ်ကိုင်းပြည်သူ့ဆေးရုံအုပ်ကြီးက လက်ခံရယူကြောင်းသိရသည်။ **နန္ဒာမင်းလွင်**

ကျွန်းစုမြို့နယ်ရှိ ပြည်သူများနှင့်ဝန်ထမ်းများ သွားလာရေးအဆင်ပြေ

ကျွန်းစု ဒီဇင်ဘာ ၂

ကျွန်းစုမြို့နယ်သည် ရပ်ကွက်(၄) ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၀)၊ ကျေးရွာပေါင်း(၁၅၂)ရွာဖြင့် ဖွဲ့စည်းထားသော မြို့ဖြစ်သည်။

ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများသည် ကျွန်းရွာများဖြစ်သောကြောင့် အဆိုပါရွာများ၌ တာဝန်ကျဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းလစာများ လာရောက်ထုတ်ယူရန်အတွက် မိမိတာဝန်ကျ ကျေးရွာများမှ စက်လှေများဖြင့် မြိတ်မြို့မှတစ်ဆင့် ကျွန်းစုမြို့သို့ စက်လှေဖြင့် ပြန်လည်စီး၍လာရသည်။ ၎င်းလကုန်သည့်ရက်များ၌ ရွာပေါင်း (၁၅၂) ရွာမှ တာဝန်ကျဝန်ထမ်းများ၊ ရပ်/ကျေးစာရေးများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့သော နေ့များတွင် ကျွန်းစုမြို့နယ်ရှိ အလှည့်ကျစက်လှေ(၁)စင်းမှ (၂)စင်းအထိ ပြေးဆွဲပေးလျက်ရှိသည်။ ၎င်းစက်လှေသည် နေ့စဉ်မြိတ်မြို့မှ နံနက် ၉ နာရီထွက်၍ ညနေ ၄နာရီတွင်လည်းကောင်း၊ ကျွန်းစုမြို့နယ်မှ နံနက် ၉ နာရီ ထွက်ခွာ၍ မြိတ်မြို့မှ ညနေ ၃ နာရီတွင်လည်းကောင်း တစ်နေ့ (၂)ကြိမ် ပြေးဆွဲလျက်ရှိသည်။ အဆိုပါလကုန်သည့်ရက်များတွင် စက်လှေဖြင့် ပြည်သူများ၊ ဝန်ထမ်းများဖြင့် ကျွန်းစုဆိပ်ကမ်းတံတား၌ စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရှိရသည်။ **ရန်နိုင်ထွန်း**

လူမှုရေး/စီးပွားရေးကြော်ငြာ

အလေးထားပါ မြန်မာမုန့်စားစရာ

နိုဝင်ဘာလထုတ် ကြေးမုံသတင်းစာထဲမှာပါတဲ့ အောင်ကျော်ညို(ဆင်ချဆိပ်)ရဲ့"ကျောင်းမုန့်ဈေးတန်းများ" ဆောင်းပါးလေးဖတ်လိုက်မိတဲ့ခဏမှာပဲ စာရေးသူငယ်စဉ်ကျောင်းသူအရွယ်က ကျောင်းမုန့်ဈေးတန်းကို မျက်စိထဲ ပြေးမြင်လိုက်မိပါတယ်။

စာရေးသူတို့ ငယ်စဉ်ကျောင်းသူဘဝမှာ မနက်ပိုင်း စာသင်ပြီး နေ့လယ်မုန့်စားလွှတ်ချိန်ရောက်ရင် အတန်းဖော်သူငယ်ချင်းများနဲ့ မုန့်ဈေးတန်းလေးဆီ အပြေးသွားကြတာ။ အိမ်က မိဘပေးလိုက်တဲ့မုန့်ဖိုးနဲ့ ကိုယ်စားချင်တဲ့ မုန့်ဆိုင်လေးတွေရှေ့မှာရောက်တော့ သူ့ထက်ငါ တိုးဝှေ့ပြီး ဝယ်စားကြတယ်။ ကျောင်းမုန့်ဈေးတန်းမှာ စားစရာသရေစာတွေ ရောင်းနေတာကတော့ အစုံပါပဲ။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ စမူဆာ၊ ဗယာကြော်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်းတွေအပြင် ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း၊ မုန့်ကျွဲသဲ၊ ဘိန်းမုန့်စသည်ဖြင့် စုံစုံလင်လင်ရှိလှပါတယ်။ ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ မုန့်ပေါင်း၊ ဘိန်းမုန့်ဝယ်စားရင်း ဈေးရောင်းသူက ငှက်ပျောဖက်နဲ့ ထည့်ပေးလို့ ငှက်ပျောဖတ်နံ့ သင်းသင်းမွှေးမွှေးလေးနဲ့ အရသာပိုကောင်းသလို ဖြစ်နေလေရဲ့။ ခုခေတ်မှာ ပလတ်စတစ်တို့ ကြွပ်ကြွပ်အိတ်တို့နဲ့ စားစရာတွေ ထုပ်ပိုးကြတော့ ပူနေတဲ့အစားအစာနဲ့တွေ့ရင် ဘေးထွက်ဆိုးကျိုးက စားရတာနဲ့ မကာမိအောင် ဖြစ်ရတာသတိပြုစရာပါ။ စာရေးသူတို့ အလယ်တန်းကျောင်းသူဘဝမှာ မုန့်ဖိုးကို အကြွေနှစ်ဆယ့်ငါးပြား(တစ်မတ်)ရပါတယ်။ အဲဒီတစ်မတ်လို့ခေါ်တဲ့ ပိုက်ဆံနဲ့ ခေါက်ဆွဲလည်းစားလို့ရတယ်၊ မုန့်ဟင်းခါးအကြော်နဲ့ တစ်ပွဲလည်း စားလို့ရတယ်။ ဒါ့ပြင် သံပရာရည်၊ လိမ္မော်ရည်တစ်ခွက်ပါ သောက်လို့ရတယ်လို့ ပြောပြရင်တော့ ဟာသတွေပြောနေတယ်လို့ ဒီနေ့ခေတ်ကလေးတွေက ဟားကြမှာပဲ။ စာရေးသူတို့ ငယ်စဉ်က စာရေးသူရဲ့ အဘိုးအဘွားတွေ ပြောပြဖူးတယ်။ ပိုက်ဆံတစ်ပဲနဲ့ ဘာဝယ်လို့ရတယ်၊ ညာဝယ်လို့ရတယ်လို့ပြောရင် စာရေးသူတို့က ရယ်မောစရာပြောတယ်ထင်ပြီး ဟားတိုက်ပြုံးမိခဲ့ကြတာကိုလည်း သတိရမိတယ်။

သည်နေ့ခေတ် ကျောင်းပတ်ဝန်းကျင်များမှာရှိတဲ့ မုန့်ဈေးတန်းများကိုလည်း အကဲခတ်မိမှာပါ။ နိုင်ငံခြားဖြစ် အသင့်စားမုန့်ထုပ်လေးများ၊ ဂျယ်လီအချိုရည်ဘူးများက မြန်မာ့ရိုးရာမုန့်မျိုးစုံနေရာမှာ နေရာဝင်ယူနေတာကြာပြီ။ နိုင်ငံခြားဖြစ်မုန့်ထုပ်လေးများမှာ သယ်ယူထည့်သွားကိုင်စားလို့ ဟန်မပျက်တော့ အလွယ်တကူ ဝယ်စားကြတာအမှန်ပါ။ ကြာရှည်ခံနိုင်အောင်ထည့်ထားတဲ့ ဆိုးဆေးတွေပါတယ်ဆိုတာ အဲဒီမုန့်ထုပ်ထဲ မုန့်စလေးတွေကို စိုစွတ်တဲ့လက်နဲ့ ကိုင်တွယ်ထိတွေ့တဲ့အခါ အရောင်တွေ စွန်းထင်းနေတာတွေ့ရမှာပေါ့။ မြန်မာပြည်တွင်းမှာတောင် နိုင်ငံခြားဖြစ်မုန့်ထုပ်တွေ တုပပြီး လုပ်လာကြလို့ ဆိုးဆေး အန္တရာယ်အတော့ကို ဝင်ရောက်မွှေနှောက်နေသလိုပါပဲ။ ကလေးငယ်များကတော့ ထုပ်ပိုးထားတဲ့ ရောင်စုံအလှအပနဲ့ အရုပ်လေးတွေကြည့်ပြီး လိုချင်ကြတာပါ။ အရုပ်နဲ့ဆွယ်ထားတော့ ကလေးတွေက အရုပ်တွေလိုချင်၊ လိုချင်တော့ဝယ်စား၊ ဝယ်စားတော့ဆိုးဆေးပါတဲ့ အစာတွေ ဝမ်းဗိုက်ထဲရောက်၊ ကလေးတွေရဲ့ အနာဂတ်မှာ ကျန်းမာရေးနဲ့ပြည့်စုံဖို့ မိဘတွေရယ် ကျောင်းက ဆရာ၊ ဆရာမတွေသာမက သန့်ရှင်းလတ်ဆတ်တဲ့အစားအစာတွေ ရောင်းချရမယ့်ရောင်းချသူတွေမှာပါ တာဝန်ရှိပါတယ်။ မုန့်ထုတ်လုပ်သူတွေဟာ ကိုယ့်စီးပွားတစ်ခုတည်းအတွက် မကြည့်ဘဲ ကိုယ့်သားသမီးတွေကို ကျွေးမွေးမယ့်အစားအစာလို သဘောထားပြီး ထုတ်လုပ်မယ်ဆိုရင်တော့ ကုသိုလ်လည်းရ ဝမ်းလည်းဝမှာပေါ့လေ။ မြန်မာမုန့်တွေဟာ ဆန်၊ ပဲမျိုးစုံနဲ့ ကောက်ညှင်းကို အခြေခံလုပ်တာဖြစ်လို့ အာဟာရလည်း ပြည့်ဝပါတယ် တစ်နေ့က စာရေးသူ Super Market တစ်ခုကိုရောက်တော့ မြန်မာမုန့်တွေပူပူနွေးနွေး ရောင်းချနေတာ တော်တော်များများလည်း ဝယ်စားကြတာ တွေ့ရပါတယ်။ နိုင်ငံခြားဖြစ် ရောင်စုံမုန့်ထုပ်၊ မုန့်ပုံးတွေ များပြားလှတဲ့နေရာမှာ မြန်မာ့ရိုးရာမုန့်တွေ ရောင်းချတာ၊ စားသုံးနေတာတွေ့ရတော့ စိတ်ထဲမှာ ကျေနပ်သလိုမျိုးဖြစ်ရတယ်။

စာရေးသူတို့ရဲ့နိုင်ငံက ကျောင်းတွေမှာ မြန်မာ့ရိုးရာမုန့်မျိုးစုံကို သန့်သန့်ရှင်းရှင်းလတ်လတ်ဆတ်ဆတ်နဲ့ စေတနာကိုရှေ့ထားပြီး ရောင်းချမယ်ဆိုရင် အာဟာရပြည့်ဝပြီး အရသာရှိလှတဲ့ နှစ်သက်စရာ မြန်မာ့ရိုးရာမုန့်မျိုးစုံ ဦးမော့လာမှာအမှန်ပါပဲ။ အဲဒါကြောင့် အရည်အသွေးလည်း ပြည့်ဝ၊ သန့်ရှင်းလတ်ဆတ်တဲ့ မြန်မာ့မုန့်မျိုးစုံကို အာဟာရပြည့်ပြီး အရသာလည်းရှိအောင် ထုတ်လုပ်ရောင်းချသူဘက်ကလည်း ကြိုးစားကြတဲ့အခါ ယနေ့ကလေးငယ်တွေရင်ထဲမှာ မြန်မာ့ရိုးရာမုန့်မျိုးစုံသာ နေရာများစွာ ယူလာကြမယ်လို့ ယုံကြည်တဲ့အကြောင်း စေတနာကောင်းနဲ့ နှိုးဆော်ရေးလိုက်မိပါတယ်။

ကလေးသူငယ်အပေါင်း အစာအဆိပ်တောက်ခြင်းဘေးကင်းပါစေလို့။ ။ **ခင်လပြည့်ဝန်း**

၈၀ ပြည့်နှစ်မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ကျေးဇူးရှင် မေမေ ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီးဦးကြည်သောင်း ၏ ၃.၁၂.၂၀၁၃ ၁၃၇၅ ခု နတ်တော်လဆန်း (၁) ရက်တွင် ကျရောက်သော (၈၀) နှစ်မြောက်မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင် လောကီလောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးမင်္ဂလာတို့အား ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပြီး ချစ်သား၊ချစ်သမီး၊ ချစ်မြေး ချစ်တပည့်များနှင့်အတူ ပိုမိုပြီးပြည့်စုံသောဘဝကိုပိုင်ဆိုင်နိုင်ပါစေလို့ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီး ဒေါ်ခင်ကြည်၊ ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့် ချစ်တပည့်များ-

ဒေါ်ကံဇေအး — ဒေါ်တင်တင်ဝေ
ဦးဇေအောင်ကျော်မြင့် — ဒေါ်မာမာဝေ
ဒေါ်ဇွေး — ဦးသိန်းသန်းစိန်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သမိုင်း၊ မြေကွက်အမှတ် ၁၃/က၉၏အစိတ်အပိုင်း (၀. ၀၈၂)ဧက မြေကွက်တည်နေရာအမှတ်(၂၉)၊ ဒေါ်လှခင် လမ်းနှင့် ဗဟိုလမ်းထောင့်၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးသော်-ဒေါ်လှခင်)အမည်ပေါက်ဘီ-မြေပိုင်မြေ အိမ်ရာမြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၅၀/က/၆၃(၂၄-၄-၁၉၆၃)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်အားရှီ [၉/မရမ(နိုင်)၀၈၀၉၂၁]၏ GP ရရှိသူ ဒေါ်စောသီတာအောင် [၁၂/မရက(နိုင်)၁၀၄၅၅၄]မှ အရောင်းအဝယ်စာချုပ် GP ကျမ်းကျိန်လွှာတို့ တင်ပြ၍ အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၈၅၅၊ မြေကွက်တည်နေရာအမှတ်-၈၅၅၊ (၁၄၇)ရပ်ကွက်၊ ဒဂုံတောင်၊ (ဦးကံထွန်း)[၁၂/သကတ(နိုင်)၀၃၅၆၁၅] အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးကံထွန်းမှပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ဌာနဝန်ခံချက်နှင့်ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်။



လှိုင်သာယာ စက်မှုဇုန်(၁)၊ မြေ (2)ဧကခန့်မှ (1)ဧကပိုင်းရောင်းမည်။

01 684229, 09 5088890
09 421755481, 09 43177001

ပတ္တမြားဘယက်

စံလွင်(ငါးဦးစီး)

ယခု ကျွန်တော်က အငြိမ်းစား (ပင်စင်စား)အရွယ်ဆိုတော့ ကျွန်တော်တို့ ငယ်စဉ်ကဟု ပြောရပါမည်။ ထိုစဉ်က ယခုလို IT ခေတ်မဟုတ်၍ TV, CD၊ ကက်ဆက်၊ အောက်စက်တို့ မပေါ်သေး။ ရေဒီယိုခေတ်ဟု ဆိုရပါမည်။ ရေဒီယိုမှ ညဘက်စံတော်ချိန်တီးလုံး သံကြားရလျှင် ည ၈နာရီထိုးပြီဟု လူတိုင်းသိကြသည်။ မြန်မာ့အသံရေဒီယိုမှလည်း ဇာတ်လမ်းပမာ၊ ဘဝကြေးမုံဇာတ်လမ်းစုံ၊ သီရိဂေဟာ စသဖြင့် ဖျော်ဖြေရေးနှင့် ပညာပေးဇာတ်လမ်းတွေ ထုတ်လွှင့်ကြသည်ကို နားသောတဆင်သူ ပရိသတ်များက အသံလွှင့်ချိန်ကိုမှတ်ပြီး တစ်ခုတ်တစ်ရ နားထောင်ကြသည်။ စွဲလမ်းကြသည်။

တနင်္ဂနွေနေ့ ၁၂နာရီတွင် ထုတ်လွှင့်သည့် ပုံပြင်လက်ဆောင်၊ ဒေါ်ရီကြိန်၏ ပြောပါရစေရှင်၊ ဒဂုံဆရာတင်၏ စာပြောကွက်စိတ် အခန်းကဏ္ဍတွေကိုလည်း ကြိုက်ကြသည်။ ထိုသည်များထဲမှ လူကြိုက်အများဆုံးမှာ စနေနေ့ ည ၈နာရီသတင်းအပြီး ထုတ်လွှင့်သည့် အသံလွှင့်ဇာတ်ဖြစ်သည်။ ဇာတ်လမ်းက ကောင်းပြီး ဆွဲဆောင်မှုရှိသည့်အပြင် ပြည်တော်ချစ် ရုပ်ရှင်သရုပ်ဆောင်များက အသံဖြင့် ပါဝင်သရုပ်ဆောင်ကြရာ မည်သူမည်ဝါဖြစ်မည်ဟု ကြိုတင်ခန့်မှန်းရသည်မှာလည်း ပျော်စရာကောင်းလှသည်။

ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးဒဂုန်ရွှေမျှားတို့၏ ဝတ္ထုများဖြစ်သည့် သိုင်းနယ်မှ ကျားသောင်းကျန်း၊ ကိုးပွင့်ဖူးစာအစရှိသည့် ဝတ္ထုတွေကို ထုတ်လွှင့်သည့် အသံလွှင့်ဇာတ်များမှာ ကောင်းလွန်းလှ၍ ထပ်တလဲလဲ နားထောင်ရသည်ကိုပင် မဝလှပေ။ ပတ္တမြားဘယက်သည်လည်း ထိုသည်များထဲမှ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ "ဇာတ်လမ်းပမာကဏ္ဍ"ဟု ထင်သည်။ အစားအသောက် ခြိုးခြံချွေတာလွန်းလှသော အိမ်ရှင်မတစ်ဦး၏ ဇာတ်လမ်းဖြစ်သည်။ အသားငါးများကို မစားသလောက်ပင်ရှောင်ရှားပြီး ဖြစ်သလို ချွေတာစားကာ ရွှေစုတတ်သည့် အိမ်ရှင်မသည် မိသားစုကို အာဟာရဖြစ်အောင် မကျွေးမွေး၊ သူကိုယ်တိုင်လည်းမစား။ ရသည့်မိသားစုဝင်ငွေကို သူဝတ်ဆင်လိုလှသည့် ပတ္တမြားဘယက်ကြီး ဝယ်နိုင်ဖို့ စုဆောင်းနေရင်းက လက်ကို မတော်တဆ ဓားရှမိသည်။ ဒဏ်ရာကို ပေ့ါပေ့ါတန်တန် သဘောထားကာ ဆရာဝန်ထံမပြ၊ ဆေးမြီးတိုများနှင့် ကျိတ်ကုနေရင်းက မေးခိုင်ပိုးဝင်ကာ အသက်ဆုံးပါးသွားရရှာသည့် အိမ်ရှင်မတစ်ဦး၏ ဇာတ်လမ်းဖြစ်ပါသည်။ သူအင်မတန်ဝတ်လိုလှသည့် ပတ္တမြားဘယက်ကြီးဝယ်ရန် စုဆောင်းထားသည့်ငွေမှာလည်း သူမ၏ အသုဘစရိတ်ဖြစ်သွားသည့် ဇာတ်လမ်းပင်။

ကျွန်တော်၏ ယောက္ခမ(မိန်းမသူ)ကြီးရှိစဉ်က ချွေတာရေးလုပ်လွန်းသည့် သားသမီး၊ မြေးမြစ်များကို တွေ့ရသည့်အခါ နင်တို့ "ပတ္တမြားဘယက်ကြီး"ဇာတ်လမ်းလိုဖြစ်နေမယ်နော်၊ စားသင့်တာစား၊ စုသင့်တာစု၊ လှူသင့်တာလှူ စသဖြင့် အမြဲတမ်းဆုံးမဩဝါဒချွေလေ့ရှိပါသည်။

ယနေ့အခါကာလ လူအများသိကြသည့်အတိုင်း ရောဂါဘယတွေ ထူပြောလှသည်။ ရောဂါဆန်းများကလည်း တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ပေါ်ပေါက်နေသည်ကို တွေ့မြင်ဖတ်ရှုနေရသည်။ ထိုအခါမှာ "အသက်ကို ဉာဏ်စောင့်"ဆိုသလို မိသားစုကျန်းမာရေးအတွက် အာဟာရပြည့်ဝစွာ စားသောက်နိုင်ဖို့ရာ ဖန်တီးချက်ပြုတ်ပေးရမည်မှာ အိမ်ရှင်မများက အဓိကကျသည်ဟု ဆိုချင်ပါသည်။

မကျန်းမာ၍ ဆေးကုသမှုခံယူရပြီဆိုလျှင် ကုန်ကျစရိတ်ငွေကို အထွေအထူး တွက်ချက်ပြရန်ပင် မလိုပေ။ အများသိကြသည်ဟုသာ ဆိုလိုက်ချင်ပါသည်။ သို့ဖြစ်၍ နံနက်တိုင်းဈေးခြင်းဆွဲ၍ ဈေးဝယ်ရသည့် အိမ်ရှင်မများသည် မိမိတို့၏ ကျန်းမာရေးဗဟုသုတများကို အသုံးပြုကာ အာဟာရပြည့်ဝ၍ အဖိုးနှုန်းချိုသာသည့် သားငါး၊ ဟင်းသီးဟင်းရွက်များကို ဝယ်ခြမ်းချက်ပြုတ်ရန် လိုအပ်လှပါသည်။

ဆိုးဆေး၊ ပိုးသတ်ဆေးအသုံးပြုထားသည့် သားငါး၊ ဟင်းသီးဟင်းရွက်များကို ရှောင်ရှားကာ ချက်ပြုတ်ရာတွင် အသုံးပြုရသည့် အမှုန့်မျိုးစုံ၊ အမယ်စုံများကို ကျန်းမာရေးအသိနှင့် စိစစ်ရမည်။ အချို့ဈေးများတွင် ဟင်းချိုမှုန့်များကို မြွေအရေခွံအိတ်ကြီးဖြင့်ပင် ထောင်၍ရောင်းနေသည်ကို တွေ့ဖူးသည်။ အလွယ်တကူဝယ်ယူရရှိသည့် အသင့်စား ချက်ပြုတ်ပြီး ဟင်းလျာများ၊ အတို့အမြုပ်များကိုလည်း သန့်ရှင်းမှုရှိ၊ မရှိ၊ လတ်ဆတ်မှုရှိ၊ မရှိကိုလည်း စဉ်းစားရွေးချယ်သင့်သည်။

ဈေးများတွင် တွေ့ရတတ်သည့် သဘာဝအလျောက်ခူးဆွတ်ကာ ရောင်းချတတ်သော အရိုးနီကန်စွန်းရွက်စည်းလေးများ၊ ပေါက်ပန်းဖြူ၊ ဘူးညွန့်၊ ဖရုံပွင့်၊ ကင်းပုံသီး၊ ကြောင်လျှာသီး၊ မလွှသီး၊ ကင်ပွန်းရွက်၊ မန်ကျည်းရွက်၊ ရဲယိုရွက်စသည်တို့မှာ ဝယ်ချင်စရာတွေချည်းပါ။ ငါးဘဲဖြူ၊ ငါးသံချိတ်၊ ပုစွန်ဆိတ် စသည့်သေးသေးမွှားမွှား ငါးငယ်လေးများသည်လည်း ဟင်းပွဲအမယ်အဖြစ် မထည်ဝါလင့်ကစား မြိန်ရာဟင်းကောင်းပင် ဖြစ်ပါသည်။

"စိုက်ပါ၊ မွေးပါ၊ အရသာ၊ တူတာမရှိ၊ မြတ်ပီတိ"ဟူသော အဆိုအမိန့်ကလည်း မိမိကိုယ်တိုင်စိုက်ပျိုးထားသည့် ချဉ်ပေါင်တစ်ခင်း၊ ဘူးတစ်ခင်း၊ ငရုတ်တစ်ပင်မှ ခူးဆွတ်ရရှိသည်များကို ကိုယ်တိုင်ချက်ပြုတ်၊ စားသောက်လှူဒါန်းရ၊ အိမ်နီးချင်းမိတ်ဆွေများအား ပေးကမ်းဝေငှရသော အရသာမှာလည်း မည်သည့်အရာနှင့်မျှမတူဘဲ ချိုမြိန်လွန်းလှပါသည်။

မိမိခြံထွက် ဟင်းရွက်တစ်ခြင်း၊ နို့တစ်ပုလင်းလောက် လက်ဆောင်ပါးလျှင်ပင် ပေးသူရော ယူသူပါ ဝမ်းသာအားရ နှစ်ခြိုက်ကြသည်ချည်းပင်။ အခုအချိန်သည် သီတင်းဝါလအခါသမယဖြစ်သည်နှင့်အညီ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို ရည်စူး၍ ပူဇော်ကန်တော့ကြချိန်တွင် မိဘ၊ ဆရာများက ကျန်းမာအောင်နေကြရန် အဓိကထား၍ ဂရုပြုဆုံးမသည်ကို ကြိမ်ဖန်များစွာ ကြားရပါသည်။ ငယ်စဉ်က စာတတ်အောင်သင်ရန် အလေးထားဆုံးမသည့် ဆရာ ဆရာမကြီးများက ယခုသူတို့၏ တစ်ပည့်အိုကြီးများအား ကျန်းမာရေးကို ဂရုပြုရန် အလေးထား၍ ဆုပေးဆုံးမနေကြပြန်ပါပြီ။

သို့ဖြစ်ပါ၍ စားဝတ်နေရေးကိစ္စများဖြင့် လုံးချာလိုက်နေကြသော လောကီသူငါအများအား စားသည့်အခါ၊ ဝတ်သည့်အခါနှင့် သွားလာနေထိုင်ကြသည့် အခါများ၌ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများဖြင့် နေထိုင်စားသောက်ကြစေခြင်းငှာ ကောင်းမြတ်သောစိတ်ထားဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

စီးပွားရေးကြော်ငြာ

အာဆီယံဥက္ကဋ္ဌရာထူး လက်ခံရရှိမှု ကြိုဆို တစ်ကိုယ်တော် လမ်းလျှောက်ဂုဏ်ပြု

မော်လမြိုင် ဒီဇင်ဘာ ၂

မော်လမြိုင်မြို့မှ နေပြည်တော်သို့ တစ်ကိုယ်တော် ခြေကျင်လျှောက်၍ မြန်မာနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံတွင် ဥက္ကဋ္ဌရာထူးကို လက်ခံရရှိသော အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုသူတစ်ဦးအား နိုဝင်ဘာ ၃၀ရက် နံနက် ၆နာရီတွင် စစ်တောင်း-ဒိုက်ဦး လမ်းဆုံ၌ တွေ့ရသည်။

အဆိုပါ တစ်ကိုယ်တော် လမ်းလျှောက်သူမှာ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒုန်းကျေးရွာနေ အသက် (၆၀)အရွယ် ဦးထွန်းငွေဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ အမှတ်(၄) တံတားမှ စတင်ထွက်ခွာခဲ့ပြီး လမ်းခရီး၌ အပေါင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့များ၌ ညအိပ်ရပ်နားခဲ့ကြောင်းနှင့် ယခုကဲ့သို့ လမ်းလျှောက် ဂုဏ်ပြုရခြင်းမှာ အနာဂတ်လူငယ်များ နိုင်ငံအတွက် စွန့်စားလိုသော စိတ်ဓာတ်မြှင့်တင်ပေးစေလို၍ဖြစ်သည်ဟု ဦးထွန်းငွေက ပြောကြားကြောင်း သိရသည်။

(အောင်ရဲကျော်-မှူခင်း)

လူကုန်ကူးမှု ပပျောက်ရေး တို့တွေပါဝင်ကူညီပေး









အညာဒေသနယ်ခြားမျဉ်းတစ်ဝိုက် သဲချောင်းငယ်အတွင်းမှ တောရိုင်းပန်းပွင့်များ

ချမ်းသာ (မိတ္ထီလာ)

လွန်ခဲ့သောသုံးနှစ်ခန့်က မန္တလေးမှ ညောင်ဦးသို့မော်တော်ယာဉ်ဖြင့် ခရီးထွက်ခဲ့ဖူးပါသည်။ မြင်းခြံမြို့ဘက်မှ ဖြတ်သန်းမောင်းနှင်ခြင်းဖြစ်ပါသည်။ ယင်းလမ်းမှ ပထမဆုံးအကြိမ်ဖြတ်သန်းခရီးထွက်ဖူးခြင်းဖြစ်ပါသည်။ မိမိတို့ဌာန၏ တိုင်းဒေသကြီးအတွင်းပြုလုပ်ရသည့် စီမံကိန်းတာဝန်တစ်ခု အတွက် အထက်လူကြီးတစ်ဦးနှင့်အတူ မှတ်တမ်းဓာတ်ပုံလိုက်လံရိုက်ကူးပေးသူအဖြစ် လိုက်ပါခဲ့ခြင်းဖြစ်၏။ မြင်းခြံမြို့နယ်မှ နွတ်ခွန်းဆက်သပါ၏ ဆိုင်းဘုတ်အလွန်တွင် တောင်သာနယ်ထဲသို့ရောက်သည်။ အညာဒေသ၏သင်္ကေတ လှည်းလမ်းကြောင်းတစ်လျှောက်ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်လာမြင်ယောင်သေးတော့သည်ဆိုသည့်အတိုင်း မြင်းခြံ-ညောင်ဦးမော်တော်ယာဉ်လမ်း ဖောက်လုပ်ဆဲကာလဖြစ်သည်မို့ မော်တော်ယာဉ်၏နောက်တွင် ဖုန်လုံးဖုန်လိပ်များ တလိမ့်လိမ့်ထကာ ကျန်ရစ်သည်။

တောင်သာနယ်ထဲတွင် ဘိန်းနွယ်ကုန်း၊ ကုန်းပထိုး၊ တမိုက်သာ၊ မင်းကြိုကျပို့စသည်ကျေးရွာများကို ဖြတ်ကျော်မောင်းနှင်လာခဲ့သည်။ လမ်းတစ်လျှောက်စိမ်းလန်းအောင်မြင်နေသည့် စပါးခင်းများ၊ ဝါးထရံရက်လုပ်နေသူများ၊ ဈေးပတ်ကားကြီးများပေါ်မှ အတင်အချပြုလုပ်နေသူ ဒေသခံများကိုမြင်တွေ့ရသည်။ မြင်ကွင်းတိုင်းသည် မိမိအတွက် အသစ်အဆန်းတွေချည်းမို့ စိတ်တွင်တစ်မျိုးခံစားရသည်။ ညောင်ဦးခရိုင် ညောင်ဦးမြို့မှကြိုဆိုပါ၏ ဆိုသည့် အင်္ဂတေဆိုင်းဘုတ်ကို ထန်းတောစပ်အနီး သဲချောင်းတစ်ခုထိပ်တွင် တွေ့မြင်လိုက်ရသည်။ တစ်ဆက်တည်း သဲချောင်းထဲတွင် ကလေးငယ်တစ်သိုက်ချောင်း၏ ဝဲ၊ ယာတွင်ရပ်လျက် လက်ပြနေသည်ကိုတွေ့ရသည်။ နေကပူ၊သဲကပူနေပေမည်။ ဘာကြောင့် သဲပူထဲမှာရပ်နေကြပါလိမ့်။ အသက်သုံးနှစ်အရွယ်၊ လေးနှစ်အရွယ်၊ ငါးနှစ်အရွယ်၊ ခြောက်နှစ် အရွယ်ကလေးငယ်များမှာ တချို့ကအောက်ပိုင်းဘောင်းဘီတိုလေးတွေနှင့် အထက်ပိုင်းအဝတ်ဗလာ၊ တချို့က အထက်ပိုင်းအဝတ်ပါပြီး အောက်ပိုင်းကဗလာ။ နှပ်တွဲလောင်း၊ ဖုန်ပေပေနှင့် အညာဒေသကျေးလက်ကလေးငယ်များ သဘာဝပြေးလွှားဆော့ကစားနေသည်ပဲထင်မိသည်။ သဲချောင်းထဲမော်တော်ယာဉ်ဖြတ်တော့ မော်တော်ယာဉ်နောက်သို့ ကလေးငယ်တစ်သိုက်ပြေးလိုက်ကာ ဦးလေး၊ ဆရာကြီးဆိုပြီး လက်ဖဝါးဖြန့်ပြကြသည်။ ဟော့ဟော့ မတက်နဲ့၊ မတက်နဲ့ခိုက်မိလိမ့်မယ် (ထိခိုက်မိလိမ့်မယ်)ဟု အရှိန်လျှော့မောင်းနှင်နေသည့် မော်တော်ယာဉ်ပေါ် ပြေးတက်ကြသည့် ကလေးငယ်နှစ်ဦးအား မိမိအော်ပြောမိတော့ ငယ်သွားလေးများဖွေးခနဲပေါ်အောင် ချစ်စဖွယ်ရယ်ပြကြသည်။ သဲချောင်းခုံးတက်ရောက်တော့ ပြန်ဆင်းနေခဲ့ကြသည်။ ကျန်နေရစ်ကြသည်။ လက်ပြနေခဲ့ကြသည်။ ပြီးတော့ မိမိတို့နောက်မှ မောင်းနှင်လာသည့် ခရီးသွားမော်တော်ယာဉ်တစ်စီးဆီသို့ အဆိုပါ ကလေးငယ်တစ်သိုက် ပြေးသွားသည်ကို မြင်လိုက်ရသည်။

ရှေ့ခရီးဆက်လာရာ သဲချောင်းငယ်တချို့တွင်လည်း ကလေးငယ်များကို တွေ့မြင်ရသည်။ အနာဂတ်၏ မျိုးဆက်သစ်လေးများ၊ အနာဂတ်ပန်းပွင့်လေးများသည် အညာဒေသ၏ သဲချောင်းငယ်များတွင် ပျော်မွေ့နေကြသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ပထမအပတ်တွင်းက ရေစကြို၊ ပခုက္ကူဒေသမှ အပြန် ညောင်ဦး-မြင်းခြံလမ်းဘက်မှ မိတ္ထီလာသို့ အပြန်ခရီးနှင်ခဲ့ရသည်။ ညောင်ဦးမော်တော်ယာဉ်လမ်းသည်ကား ဖောက်လုပ်ပြီးစီးသွားပေပြီ။ ယာဉ်ဖြတ်သန်းမောင်းနှင်သော်လည်း ဖုန်လုံးကြီးများ တလိမ့်လိမ့် မထတော့။ လမ်းခရီးချောမွေ့သွားပြီဖြစ်သည်။ ယာဉ်ပေါ်လိုက်ပါရင်း လွန်ခဲ့သည့်သုံးနှစ်ခန့်က ဤလမ်းပေါ်ရှိ သဲချောင်းငယ်များအတွင်းမှ ကလေးငယ်များကို မြင်ယောင်မိသည်။ နှပ်တွဲလောင်းနှင့် ကလေးငယ်လေးတွေ မော်တော်ယာဉ်နောက်ကိုပြေးလိုက်ကာ လက်ဖြန့်ပြသည့်ကလေးငယ်များကို အမှတ်ရမိသည်။ မြင်ယောင်အမှတ်ရရင်း သဲချောင်းဖြတ်တော့မည်လုပ်တော့ ရှေ့ဆီမှ သဲချောင်းအတွင်း မျှော်ကြည့်မိသည်။ ဝိုးတိုးဝါးတား ပုံရိပ်ငယ်လေးများကို လှမ်းမြင်ရသည်။မိမိရင်ထဲ ထိတ်ခနဲဖြစ်မိသည်။ မြင်တွေ့ဖူးသည့် ကလေးငယ်များကို မြင်တွေ့ရသည့်အတွက်လား၊ မြင်တွေ့နေရဆဲဖြစ်သည့်အတွက်လား တော့မသိ၊ စိတ်တွင် ဝမ်းနည်းသလို ခံစားလိုက်ရသည်။ ဩော် အနာဂတ်၏ ကြယ်ပွင့်လေးများသည် အညာဒေသနယ်ခြားမျဉ်းတစ်ဝိုက် သဲချောင်းငယ်များအတွင်းမှ တောရိုင်းပန်းပင်ငယ်များနှယ် ဘဝမှန်တိုင်းကို ပျော်ရွှင်ကြည်နူးဖွယ် ထင်မြင်နေကြပေသည်။ အညာဒေသ တောရိုင်းပန်းပွင့်ငယ်များ၏ ဘဝအနာဂတ်အား မည်သို့ပုံဖော်မည်ကို မြော်တွေးကြည့်မိပါသည်။ ။

ကချင်ပြည်နယ်၌ မိုဘိုင်းဖုန်းအပါအဝင် ကြိုးဖုန်းနှင့် အင်တာနက်လိုင်းများ ကောင်းမွန်တော့မည်

မိုးညှင်း ဒီဇင်ဘာ ၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများ တယ်လီဖုန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် စီမံကိန်းချမှတ်ကာ အခြေခံစက်ပစ္စည်းများ အသစ်တပ်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက GSM /UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းအရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Nexus Networks Co.,Ltd. တို့ ပူးပေါင်း၍ အရေးတကြီးလိုအပ်လျက်ရှိသော ရွှေဘို၊ မြစ်ကြီးနား (96 Cores)မြေအောက်ဖိုက်ဘာကေဘယ် ချခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာလ တတိယပတ်မှစတင်၍ ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီကိစ္စကို လွှတ်တော်မှာ ဆွေးနွေးခဲ့ကြပါတယ်၊ ဆက်သွယ်ရေးက ဖိုက်ဘာဆက်ကြောင်းအရှည် ကီလိုမီတာ ၂၄၀၁ ချခင်းမယ်လို့သိရတယ်၊ အဲဒီအတွက် ကိုရီးယားချေးငွေ ၅၅ ဒသမ ၈၇၄ သန်းကို အတိုးနှုန်းသက်သာသော ချေးငွေနဲ့ရယူပြီး ဆောင်ရွက်မယ်လို့ သိရပါတယ်"ဟု မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောကြားသည်။

အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းမန်နေဂျာ ဦးကိုကိုကြီးက "မြေကြီးတူးဖော်ခြင်း လုပ်ငန်းကို အကျယ်နှစ်ပေ၊ အနက်ငါးပေ လိုင်းကျင်းများတူးဖော်ပြီး ဖိုက်ဘာကေဘယ်များကို ချခင်းသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

"ဒီလုပ်ငန်းတွေပြီးစီးတာနဲ့ ဆက်ကြောင်းတည်ရှိရာ ဒေသတစ်လျှောက် မိုဘိုင်းဖုန်းအပြင် ကြိုးဖုန်းနဲ့ အင်တာနက်အတွက်ပါ Transmission ပေးသွားနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိုးညှင်းမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အိတ်ချိန်းတာဝန်ခံ ဦးခင်ဇော်ကလည်း "ဆက်သွယ်မှုပြတ်တောက်ခြင်း၊ခေါ်ဆိုရခက်ခဲခြင်း၊ လိုင်းကျပ်ခြင်းတွေ ပြေပျောက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကေဆိုင်းနော်(ဖားကန့်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်ရန် သူနာပြုသိပ္ပံသင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ည) တပ်မတော်တွင်(၁၀)နှစ်အနည်းဆုံး စစ်မှုထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၂၉) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ(၁၈)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်တို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၂-၂၀၁၃ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၀-၁-၂၀၁၄ ရက်နေ့မှ ၁၁-၁-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၃-၁-၂၀၁၄ ရက်နေ့မှ ၂၄-၁-၂၀၁၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သူနာပြုသိပ္ပံဘွဲ့ **(Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၆၅၀၀၀)ကျပ်၊ ဒုတိယနှစ်(၆၆၀၀၀)ကျပ်၊ တတိယနှစ် (၆၇၀၀၀) ကျပ်၊ စတုတ္ထနှစ်(၆၈၀၀၀)ကျပ် ရရှိမည်။ (၎င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသောအပိုထောက်ပံ့ကြေး (၃၀၀၀၀) ကျပ်ကို ခံစားခွင့်ရှိသည်။ သင်တန်းတက်ရောက်ကာလတွင် နေရေး၊ စားရေး၊ သွားလာရေး၊ သင်တန်းသုံးဝတ်စုံတို့ကို တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးမည်။)

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု **(Nurse)**အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက သူနာပြုမဟာသိပ္ပံဘွဲ့ **(Master of Nursing Science)** နှင့် သူနာပြုပါရဂူဘွဲ့ **(Ph.D Nursing)** ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။ ရာထူးခန့်ထားရေး စည်းမျဉ်းနှင့်အညီ သူနာပြု၊ အထက်တန်းသူနာပြု၊ သူနာပြုဆရာမကြီး၊ ဒုတိယသူနာပြုအုပ်၊ သူနာပြုအုပ် အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်ပြီး ရာထူးအဆင့်အလိုက် လစာနှုန်းထားများ ခံစားခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြအေး

ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

အသက်(၆၅)နှစ်

ဒေါက်တာဒေါ်ခင်မာမာ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသူရိန်
မန်နေဂျင်းဒါရိုက်တာ၊ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြအေး

ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

အသက်(၆၅)နှစ်

ဒေါက်တာဒေါ်ခင်မာမာ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းဦး-ဒေါက်တာဒေါ်ချိုချို(တွဲဖက်ပါမောက္ခ)
(U.R.C) ရန်ကုန်တက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြအေး

ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

အသက်(၆၅)နှစ်

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက် (၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃(သောကြာနေ့)တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်
ဒုတိယပါမောက္ခချုပ်နှင့်
ဘားအံတက္ကသိုလ်မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြအေး

ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

ဒေါက်တာမြအေး ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာနသည် ၂၉-၁၁-၂၀၁၃ (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တာဝန်ခံပါမောက္ခချုပ်နှင့်
စစ်ကိုင်းပညာရေးတက္ကသိုလ်မိသားစု

ဒေါ်ကြည်ကြည်ညွန့်

အသက်(၈၉)နှစ်

(စလင်း/စကုမြို့နယ်)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာ (YCDC Apartment)၊ အခန်းအမှတ်(၄၀၂)နှင့် စလင်း/စကုမြို့နယ်နေ (ဦးဘညွန့်-ဒေါ်အိမ်စော)တို့၏သမီး၊ [ဦးမျိုးစိန် (အငြိမ်းစားညွှန်ကြားရေးမှူး(စစစ)နှင့် အကောက်ခွန်)]၏ဇနီး၊ ရန်ကုန်မြို့နေ ဦးလှသိန်း [ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း]၊ ဒေါ်မာလာမျိုးစိန်၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဒေါက်တာထွန်းအောင်ကျော်၊ ဒေါ်ဥမ္မာမျိုးစိန်၊ ဆစ်ဒနီမြို့နေ ဒေါက်တာဝင်းမောင်၊ ဒေါ်ပန်ထွာမျိုးစိန်တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ကြည်ကြည်ညွန့်သည် အထက်ပါနေအိမ်၌ ၂၈-၁၁-၂၀၁၃ ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၃ ရက် နံနက် ၇း၃၀ နာရီမှ ၁၁ နာရီထိ အထက်ပါအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

တစ်နှစ်ပြည့်အလွမ်း

ဦးခင်ကျော်(ခ)ဦးကျော်

(၃-၁၂-၂၀၁၂၊ ၃-၁၂-၂၀၁၃)

ချစ်သောဖေဖေ

ကွယ်လွန်သွားသည်မှာ တစ်နှစ်ပြည့်မြောက်သော်လည်း တစ်နေ့မှမေ့မရပါဖေဖေ၊ ဖေဖေ့အတွက် ရည်မှန်းပြီးလှူဒါန်းသော ကောင်းမှုအစုစုကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှပေးဝေပါသည်။

ကျန်ရစ်သောသားသမီးမြေးတစ်စု

အထူးဝမ်းနည်းခြေကွဲခြင်း

[illegible]

အသက် (၉၂) နှစ်

[illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-၃၁၈/က၊ မြေကွက်တည်နေရာအမှတ်(၄၁/က) အောင်ဇေယျ(၆)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးကျော်ဟန်[၁၂/သဃက(နိုင်)၀၈၇၉၄၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ဟန် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ညွန့်ရွှေ[၁၂/သဃက(နိုင်)၀၈၈၂၇၃]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးဟုတ်ရောင် (လပ္ပတ္တာ)

အသက်(၉၁)နှစ်

Skyward Int'l Trade Ltd မှ Managing Director ဖြစ်သူ

[illegible]

Skyward Int'l Trade Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဦးဟုတ်ရောင် (လပ္ပတ္တာ)

အသက်(၉၁)နှစ်

Skyward Int'l Trade Ltd မှ Managing Director ဖြစ်သူ

[illegible]

Skyward Int'l Trade Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြအေး

ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

အသက်(၆၅)နှစ်

ဒေါက်တာဒေါ်ခင်မာမာ(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မောင်စည်သူ

ဝမ်းနည်းကြေကွဲခြင်း

ဦးဟုတ်ရောင် (လပ္ပတ္တာ)

အသက်(၉၁)နှစ်

Peace Myanmar Group Co., Ltd. မှ Executive Director ဖြစ်သူ

[illegible]

Board of Director
Peace Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)

နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

အသက်(၈၉)နှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ-ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်(အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့)တို့၏ အစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) အသက်(၈၉)နှစ် နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)သည် ၂၉-၁၁-၂၀၁၃ ရက် ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာကြီး

ဦးဟုတ်ရောင်(လပ္ပတ္တာ) (၉၁)နှစ်

ဦးတင်မြင့် (AGE Co.,Ltd.)၏ဖခင် ဦးဟုတ်ရောင် အသက် (၉၁) နှစ်သည် ၂၄-၁၁-၂၀၁၃ ရက် နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကိုသူရ၊ ကိုလုံးလုံး၊ ကိုခင်ကျော်
ကိုဆန်းထွန်းအောင်နှင့် ညီအစ်ကိုများ

ဝမ်းနည်းကြေကွဲခြင်း

သိက္ခာတော်ရ ဆရာကြီး ဒေါက်တာ ဦးယောရှုလယ်မယ်-ဆရာမကြီး ဒေါ်ခင်ထိုက်တို့၏သမီး ဒေါ်ရေဘက်ခါလယ်မယ်သည် ၂၆-၁၁-၂၀၁၃ ရက် ဝိတိုရိယဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

အင်းစိန်ခရစ်တော်၏အသင်းတော်
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာထင်လှ

အသက်(၅၉)နှစ်

သူငယ်ချင်း ဒေါက်တာဥမ္မာကျော်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာ ထင်လှသည် ၂၇-၁၁-၂၀၁၃ ရက် နံနက် ၄း၂၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(၁၉၇၂-၁၉၈၀)နှစ်
ဆေးတက္ကသိုလ်(၂)သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

မွန်ပြည်နယ်အစိုးရအတွင်းရေးမှူးဦးဇော်လင်းထွန်း၏ဖခင် ဇေယျကျော်ထင် ဗိုလ်မှူးကြီးပေါလ်ထွန်းရှိန်[တပ်မမှူး၊ အမှတ်(၇၇) ခြေမြန်တပ်မ(ငြိမ်း)]သည် ၂၇-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါကြောင်း။

ဦးမျိုးမြင့်(ပြည်နယ်အင်ဂျင်နီယာမှူးကြီး)-ဇနီး ဒေါ်မြင့်မြင့်စိန်
မွန်ပြည်နယ်၊ မော်လမြိုင်မြို့

ကျေးဇူးအထူးတင်ရှိခြင်း

၁၉-၁၁-၂၀၁၃ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားသော ခင်ပွန်းသည် **Dr.ဦးမျိုးမြင့်ဦး(B.V.Sc)D&M(Olive Pharmaceutical Co.,Ltd) (SQUARE)** ၏နာမကျန်းဖြစ်စဉ်က ဆေးကုသမှုပေးကြသော **SGH** မှ ဆရာဝန်ကြီးများ၊ **Sister Juliana**နှင့် စင်ကာပူနိုင်ငံ **Senpawang** မှ ညီအစ်ကိုမောင်နှမများ၊ ဗဟိုစည်ဆေးရုံမှ **Dr.**ဒေါ်ရှုမွန်နှင့် ဆရာဝန်၊ ဆရာမများ၊ အန်ကယ် **Dr.** ဦးအောင်သန်းထွန်း၊ နာမကျန်းဖြစ်စဉ်မှစ၍ စေတနာမေတ္တာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပေးကြသော **(Olive Pharmaceutical Co.,Ltd)**မှ **Mr.Haque-Ma May** နှင့် ညီအစ်ကိုမောင်နှမများအားလုံး၊ ၂၁-၁၁-၂၀၁၃ ရက် ဈာပနဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်တွင် ဓမ္မဒေသနာဟောကြားပေးသော သိက္ခာတော်ရ ဆရာတော်များအားလုံး၊ ဆုတောင်းခွန်အားပေးသော ဆရာမောင်မောင်မြတ်၊ ဆရာမ မန္တယ်နှင့် သိက္ခာတော်ရဆရာ၊ ဆရာမများ၊ အန်ကယ်ဦးထွန်းလှအောင်နှင့် အန်တီ ဒေါ်မိငယ်၊ ဈာပနာအခမ်းအနားတွင် အားပေးနှစ်သိမ့်ကြသော **94 Batch** မှသူငယ်ချင်းများ၊ ဆရာ၊ ဆရာမများ ဖုန်းဖြင့်သော်လည်းကောင်း၊ **e.mail** ဖြင့်သော်လည်းကောင်း၊ နှစ်သိမ့်အားပေးသတင်းမေးမြန်းပြုစုကြပါသော ရပ်ဝေးရပ်နီးမှ နှစ်ဖက်သော မိဘဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူဇနီး Dr.နော်စီစီသိန်း(B.V.Sc)
'သမီး-အလက်ဘဦး(TTC.Grade-E)
သား-သင်္ဂဟဦး(K3-Greenwood Academy)
No,72,7(B)၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးထွန်းတင်(ငြိမ်း)

အသက်(၈၄)နှစ်

သူငယ်ချင်း သီတာထွန်း၏ဖခင် ဗိုလ်ကြီးထွန်းတင်(ငြိမ်း)သည် ၂၆-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါကြောင်း။

အထက(၅)ဗိုလ်တထောင်မှ ကိုမြဝေနှင့်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်ချိုချိုတင့်

အသက်(၆၁)နှစ်

ဦးအေးလွင် (ညွှန်ကြားရေးမှူး၊ စက်မှု-ငြိမ်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)၏ ချစ်လှစွာသောဇနီးသည် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
စစ်တွေမြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြအေး (၆၅)နှစ်
ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅) နှစ်သည် ၂၉-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြအေး (၆၅)နှစ်
ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

ဒေါက်တာဒေါ်ခင်မာမာ(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြို့တော်ဝန်နှင့် ဇနီး
ဒုတိယမြို့တော်ဝန်နှင့် ဇနီး
နေပြည်တော်စည်ပင်သာယာရေးကော်မတီကော်မတီဝင်များ၊အရာထမ်း၊အမှုထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြအေး (၆၅)နှစ်
ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

ဒေါက်တာခင်မာမာ(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃(သောကြာနေ့)နံနက် ၁၁း၁၅နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ဒုတိယဝန်ကြီးများနှင့်အရာထမ်း၊အမှုထမ်းများ
အားကစားဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြအေး (၆၅)နှစ်
ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅) နှစ်သည် ၂၉-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

နေပြည်တော်ကောင်စီဝင်များနှင့်ဇနီး

ဒေါ်သန်းတင့် (၇၄)နှစ်
(တောင်တွင်းကြီး)

တောင်တွင်းကြီးမြို့၊ ရွှေအိုး (၂)ရပ်ကွက်၊ ရေစက်လမ်းနေ (ဦးသာမိုး-ဒေါ်စောဆင့်)တို့၏ သမီး၊ (ဦးဝင်းကြည်) အ. ထ. ပြ (ငြိမ်း)၏ဇနီး၊ ဦးသန်းထိုက်-ဒေါ်မိုးသီတာဝင်း၊ ဦးမိုးစည်သူဝင်း-ဒေါ်ယဉ်ကြည်၊ ဦးမိုးသူရဝင်း-ဒေါ်ရီရီသန့်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂-၁၂-၂၀၁၃ (တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၈၂၊ ၁/က စံပြရပ်ကွက် (၆)လမ်း၊ မင်္ဂလာဒုံမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။ (ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်စိုးမြင့်(၆၈)နှစ်
(B.A,Dip; Ed)
အထပြ(ငြိမ်း)၊ အထက(၃) ပဲခူး

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးဖေသင်-ဒေါ်ငွေကျင်)တို့၏ သမီး၊ (ဦးလွန်းမောင်-ဒေါ်ကျင်ရှိန်)တို့၏ သမီးချွေးမ၊ ဦးနိုင်ဦး(ပဲခူးတိုင်း/သစ်တော)-ဒေါ်ဝင်းမြင့်ခိုင်၊ ဦးမျိုးဇင်-ဒေါ်နွယ်နီခိုင်(အထက-၃၊ ပဲခူး)၊ ဦးဇော်ဝင်း-ဒေါ်မြတ်လေးခိုင်၊ ဒေါ်ယဉ်မြတ်သီ(လူမှုဝန်ထမ်းဦးစီးဌာန၊ CWC တွံတေး)၊ ရန်ကုန်မြို့နေ ဦးကျော်ဦး-ဒေါ်သန့်စင်ထွေး(ကထိက၊ မနုဿဗေဒဌာန)တို့၏ မိခင်၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ (၇/၄)၊ အမှတ်(၂၃၈/၂၄၀)နေ ဦးကြီးမြင့် (တိုင်း/ကျန်းမာငှက်ဖျားမှူး-ငြိမ်း)၏ ဇနီးသည် ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးဌေးကြည်(B.E, Civil)
ဓာတ်ပုံစက်မှုတက္ကသိုလ်၊လိုတရကဖီး
အသက်(၆၃)နှစ်

မော်လမြိုင်မြို့၊ အမှတ်(၃၉၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျင်စု)-ဒေါ်မြစိန်တို့၏သား၊ မော်လမြိုင်မြို့နေ(ဦးငွေလှိုင်-ဒေါ်မြကြွယ်) တို့၏ သားသမက်၊ (ဒေါ်တင်မြင့်)၏ ခင်ပွန်း၊ ဒေါက်တာမိုးဇော်-ဒေါက်တာစုစုရီ၊ ဦးလှမြင့်မောင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ MPPE) (MD, New Day Energy Co.,Ltd) - ဒေါ်စုစုတီ(ရတနာစုမောင်ရတနာရောင်းဝယ်ရေး) တို့၏ မောင်၊ ဦးအေးကြည်(စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်)-ဒေါ်ဌေးဌေးဝင်း၊ ဒေါ်အုန်းမြင့်၊ ဦးလှမြင့်အောင် (MPPE၊ငြိမ်း)-ဒေါ်ခင်အုန်းမြင့်၊ ဦးဌေးအောင်၊ ဦးဝင်းဗိုလ်၊ ဦးဉာဏ်သိန်း - ဒေါ်စုစုလွင်၊ ဦးဉာဏ်ထွန်း(စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်)-ဒေါ်သူဇာထွန်းတို့၏ အစ်ကို၊ ဦးလင်းထက်အောင်(လိုတရကဖီး) ဒေါ်ကေသီမွန်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကျော်လင်းထက်၏ အဘိုးသည် ၂-၁၂-၂၀၁၃ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် နေအိမ်မှ ပိန္နဲကုန်းသုသာန်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သူဇာစိုး (၆၃)နှစ်

ရန်ကုန်မြို့နေ(ဦးဘကြွင်-ဒေါ်ခင်စိုး) တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄)၊ ၃လွှာ၊မေတ္တာညွန့်နေ (ဦးဝင်းတင်)၏ဇနီး၊ဦးအောင်သာထွန်း၊ ဦးရဲထွဋ်-ဒေါ်သန့်သန့်ချောတို့၏မိခင်၊ ဦးသန်းနိုင်ဦး(2E/Chell Ship)-ဒေါ်မိမိကြင်တို့၏အစ်မ၊ မောင်မောင်နိုင်ဦး၊ ညီညီနိုင်ဦး၊ သက်ပိုင်နိုင်ဦးတို့၏ကြီးတော်၊ မောင်နန္ဒအောင် (Grade-9၊ အထက-၄၊ပုဇွန်တောင်) တို့၏အဘွားသည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၂-၂၀၁၃(စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစိုးမင်းအောင်(ခ)မင်းမင်း
အသက်(၄၉)နှစ်
ရန်ကုန်တိုင်းဒေသကြီး
မထသ ဂိုးသမားဟောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ (ဗိုလ်မှူးအောင်တင်-ဒေါ်ခင်စီ)တို့၏ သား၊ ဦးသောင်းစိန်-ဒေါ်လှရွှေတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ဗိုလ်ရန်ပြေလမ်း၊ အမှတ်(၄၃၀)နေ ဒေါ်ခင်စန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးစစ်မှူး (အလုပ်သင်ဆရာဝန်ဗိုလ်၊ တဆတ)၊ မောင်ကောင်းဆက်မှူး(ပ-နှစ်၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ (ဦးတင်နွယ်)၊ (ဒေါ်မြင့်မြင့်သိန်း)၊ ဒေါ်နွဲ့နွဲ့တင်-ဦးတင်ဝင်း၊ ဗိုလ်ကြီးစိုးတင်အောင်(ငြိမ်း)-ဒေါ်မြတ်မော်၊ ဗိုလ်မှူးစိုးမြင့်အောင်(ငြိမ်း)-ဒေါ်ထွေးထွေးဝင်းတို့၏ ညီ/မောင်၊ (ဦးစိုးဝင်းအောင်)၏အစ်ကိုသည် ၂-၁၂-၂၀၁၃(တနင်္လာနေ့)နံနက် ၃း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြမြစန်း(ညောင်တုန်း)
အသက်(၈၀)
မြို့တော်စည်ပင်(ငြိမ်း)

မအူပင်မြို့၊အငြိမ်းစား၊ စာတိုက်မှူး (ဦးထွန်းဝင်း-ဒေါ်နှင်းရီ)တို့၏သမီးကြီး၊ (ဦးသန်းစိန်)-ဒေါ်ခင်ကြည်၊ဦးသန်းတင်-ဒေါ်ဝင်း၊ (ဦးတင်အေး)-ဒေါ်ငွေရင်၊ (ဦးမောင်မောင်သီ-ဒေါ်အေးမြိုင်)၊ (ဒေါ်တင်ရွှေ)၊ဦးသန်းထွန်း-ဒေါ်တင်တင်အေး၊ ဦးစိုးဝင်း-ဒေါ်လှိုင်လှိုင်တို့၏ အစ်မကြီး ဒေါ်မြမြစန်းသည် ၂၈-၁၁-၂၀၁၃ (ကြာသပတေးနေ့)တွင် အမှတ် (၇၂)၊ တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၃(သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးလှမြတ်(ပုလော)(၇၇)နှစ်
ဆောက်လုပ်ရေး-SAE (ငြိမ်း)
အကြံပေးနာယက-
ပုလောမြို့နယ်အသင်း(ရန်ကုန်)
အသင်းဝင်အမှတ်-၃၅၃

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပန်းချယ်ရီလမ်း၊ ခရေပင်ရိပ်မွန် (၂)R-9c နေ ဒေါ်သိန်းရှင်၏ခင်ပွန်းသည် ၂-၁၂-၂၀၁၃(တနင်္လာနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ (ခုတင်-၁၀၀၀၊ မင်္ဂလာဒုံ) ရှိ ငြိမ်းအေးဇရပ်၌ တရားတော်နာ ရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အသင်းမှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးရွှေညွန့် (၇၃)နှစ်

မွန်ပြည်နယ်၊မော်လမြိုင်မြို့၊ ကျောက်တန်းကျေးရွာနေ (ဦးချစ်စိန်-ဒေါ်ဖွားပု)တို့၏သားကြီး၊ (ဦးအုန်းဖေ-ဒေါ်ပန်းရုံ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ လယ်ယာ(၇)လမ်း၊ အမှတ် (၁၁) နေ ဒေါ်စိန်မေ၏ ခင်ပွန်း၊ ဦးရဲလွင်-ဒေါ်ဝင်းဝင်းမော်၊ ဦးမင်းဇင်-ဒေါ်စန္ဒာ၊ ဦးမောင်မောင်ဦး - ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်မင်း၊ ဦးအောင်မြိုင်-ဒေါ်ဥမ္မာဇင်၊ ဦးတင်လှမျိုး-ဒေါ်ဥမ္မာထွေး၊ ဦးကျော်ကျော်ထူးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မီမီဝင်း(၄၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ အုတ်ရေတွင်းလမ်း၊ အမှတ်(၈၂၇)နေ ဦးမွန်အင်တိုး(မြန်မာ့မီးရထား-ငြိမ်း)-ဒေါ်ကြည်ညွန့်တို့၏ သမီး၊ မိခင်မူ၊ ဒေါ်ခင်ကြူ ဦးကြည်တိုး၊ မင်းသိန်းတိုးတို့၏ညီမ၊ ဦးကျော်မိုးနိုင်၏အစ်မ၊ ဦးစောကူသေး၏ ချစ်လှစွာသောဇနီး၊ စောရမ်မွန်ကူသေး၊ နော်ခါရီကူသေးတို့၏မွေးသမိခင် ဒေါ်မီမီဝင်းသည် ၂-၁၂-၂၀၁၃(တနင်္လာနေ့)နံနက် ၈း၄၅နာရီတွင် သယ်န်းကျွန်းစံပြဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် အင်းစိန်မြို့ မွန်နှစ်ခြင်းအသင်းတော်တွင်ဝတ်ပြုပြီးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းပါမည်။

ကျန်ရစ်သူမိသားစု

မောင်နေထက်(ခ)Chirs
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မေတ္တာလမ်း၊ (၉)ရပ်ကွက်၊ အမှတ်(၉၈၆)နေ (ဦးမောင်လှိုင်)-ဒေါ်တင်တင်ဝင်း၊ ဦးဖိုးဆိုင်-(ဒေါ်ကျင်ရွှေမေ)တို့၏ မြေး၊ ဦးဇကျော်-ဒေါ်ဖြူဖြူသွယ်တို့၏ သား၊ ဦးကြည်စိုး-ဒေါ်စိန်မြင့်၊ ဒေါ်မြကြည်၊ ဒေါ်ကြည်ကြည်အေးတို့၏ တူ၊ မခင်နှင်းထက် (ခေတ္တ-Canada)၏ မောင်သည် ၂၆-၁၁-၂၀၁၃ (အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
လင်းရောင်(မင်းလှ)
အသက်(၈၉)နှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ-ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်(အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့)တို့၏ ချစ်လှစွာသောအစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) အသက်(၈၉)နှစ်သည် ၂၉-၁၁-၂၀၁၃ (သောကြာနေ့) ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်
ဝန်ထမ်းမိသားစုများ
နိုင်ငံခြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်လွင် (၆၈)နှစ်
အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးမြင့်လွင် အသက်(၆၈)နှစ်သည် ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

ကျေးဇူးအထူးတင်ရှိခြင်း
ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) (၈၉)နှစ်
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ မော်ကွန်းဝင်(ဒုတိယဆင့်)
စာရေးဆရာလင်းရောင်(မင်းလှ)

၂၉-၁၁-၂၀၁၃(သောကြာနေ့)တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီး လှမိုး(ငြိမ်း)အား နာမကျန်းဖြစ်နေစဉ်မှ ကွယ်လွန်သည်အထိ မေတ္တာစေတနာ အပြည့်ဖြင့် စောင့်ရှောက်ကုသပေးကြပါသော ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး အဆောင်(၁၁၊ ၁၂)မှ ပါမောက္ခဆရာဝန်ကြီး ဦးသန်းထွန်း၊ သမားတော်ကြီး ဒေါက်တာမင်းဇော်ဦးနှင့် အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ သူနာပြုအကူဆရာမများနှင့် ဝန်ထမ်းများအားလုံးအားလည်းကောင်း၊ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ နာရေးကိစ္စအဝဝတွင် မေတ္တာဖြင့်နှစ်သိမ့်အားပေးကြပါသော အသိမိတ်ဆွေများ၊ ဆွေမျိုးသားခြင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်းများ၊ ရေသန့်ပုလင်းများနှင့် လျူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့ပြီး အစစအရာရာကူညီသော ယဉ်ကျေးမှုဝန်ကြီးဌာန မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့အားလည်းကောင်း၊ ပဲခူးတိုင်း မင်းလှမြို့နယ်အသင်းအားလည်းကောင်း၊ နာရေးကူညီမှုအသင်းအားလည်းကောင်း၊ ရေသန့်ပုလင်းများ သီးသန့်လှူဒါန်းပေးပါသော ရှိုးမဟိုတယ်မိသားစုအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ FB မှတစ်ဆင့် အားပေးနှစ်သိမ့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)(၈၉)နှစ်
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
လင်းရောင်(မင်းလှ)

စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့များ၏ ဦးဆောင်နာယက ဦးလှမိုး(ဘဘမိုး)သည် ၂၉-၁၁-၂၀၁၃ရက် ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူညီအစ်ကိုမောင်နှမမိသားစုများနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

အထက်/အောက်မြန်မာပြည်
ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့၊ နာယကနှင့်အမှုဆောင်များ
ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ၊ စစ်ကိုင်းတောင်ရိုး

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးညွန့်ဆွေ(ခ)ဦးကုလားကြီး(Bosun) (၆၇)နှစ်
Socal Representative Hanseatic Department of Marine Administration
(ပန်းတောင်းမြို့နယ်အသင်းဝင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၁၆)နေ ဦးညွန့်ဆွေ(ခ)ဦးကုလားကြီးသည် ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၃(စနေနေ့)နံနက် ၇နာရီမှ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဝေတည်(ဒေးဒရဲ)
ကထိက(ငြိမ်း)ဘောဂဗေဒဌာန
စီးပွားရေးတက္ကသိုလ်
အသက်(၆၀)

ဒေးဒရဲမြို့နေ (ဦးယုံတည်)-ဒေါ်ကျင်စိန်တို့၏ သားကြီး၊ ဒေါ်ခင်မာတည် (ကုန်သွယ်လယ်ယာ-ငြိမ်း)၏ မောင်၊ (ဦးဝင်းတည်)၊ ဒေါ်အေးအေးတည် (တရားလွှတ်တော်ရှေ့နေ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မောင်းတန်းလမ်း၊ အမှတ်(၂)၊ ၃/လေးလွှာနေ (ဒေါ်ခင်အေးဝင်း)၏ ခင်ပွန်း၊ မောင်သက်ပိုင်ထွန်း၊ မောင်နှင်းမောင်(ခ)အဲမောင်၊ မနှင်းဖြူတို့၏ ကျေးဇူးရှင်ဖခင် ဦးဝေတည်သည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်စိုးမြင့်(၆၈)နှစ်
(B.A,Dip; Ed)
အထပြ(ငြိမ်း)၊ အထက(၃) ပဲခူး

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးဖေသင်-ဒေါ်ငွေကျင်)တို့၏ သမီး၊ (ဦးလွန်းမောင်-ဒေါ်ကျင်ရှိန်)တို့၏ သမီးချွေးမ၊ ဦးဝင်းမိုး-ဒေါ်သန်းမြိုင်၊ ဦးစိန်ကြွယ်(လ/ထ စက်ရုံမှူး၊ ငြိမ်း)-ဒေါ်မူမူသိန်း(အထက၊ သိမ်ဇရပ်)၊ ဒေါ်ပိုပိုသင်၊ ဗိုလ်ကြီးမြဝင်း(ငြိမ်း)(မြန်မာနိုင်ငံဆေးဝါးစက်ရုံ၊ ရန်ကုန်) - ဒေါ်သင်းသင်းထွေးတို့၏ အစ်မကြီး၊ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်၊ (၇/၄)၊ အမှတ်(၂၃၈/၂၄၀)နေ ဦးကြီးမြင့်(တိုင်း/ကျန်းမာငှက်ဖျားမှူး-ငြိမ်း)၏ ဇနီးသည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
ပခုက္ကူဆရာတော်ကြီး
ဘဒ္ဒန္တ ကန္တွောဘာသ(အနိစ္စဆရာတော်)
သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၂)နှစ်

ပခုက္ကူမြို့၊ လယ်ယာရွာနေ ခမည်းတော်(ဦးတာ)-မယ်တော်(ဒေါ်ရွှေကြံ)တို့၏စတုတ္ထမြောက်သားရဟန်းတော် ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တ ကန္တွောဘာသ (အနိစ္စဆရာတော်)သည် ဗဟန်းမြို့နယ်၊ ငွေဝတ်မှုန်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၇၁(စီ)၊ ရွှေဂန္ဓဝင်ယာယီစံကျောင်းတော်၌ ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) ည ၁၁း၄၀နာရီတွင် ခန္ဓာဝန်ငြိမ်းတော်မူပါသည်။ အန္တိမအဂ္ဂိစျာပနကျင်းပမည့် အစီအစဉ်ကို ထပ်မံကြေညာမည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးနေ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
တပည့်ဒါယကာ၊ ဒါယိကာမများ

ဓာတ်လုံးဆရာတော်
ဦးဝါယာမိန္ဒ(ခ)ဦးဘသော် (၈၁)နှစ်

၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ တပည့်သားသမီးများအား အကြောင်းကြားအပ်ပါသည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-A)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄၀၀)နေအိမ်မှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူတပည့်သားသမီးများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးဘကြင်(ဒိုက်ဦး) (၉၅)နှစ်

ပြွန်တန်ဆာမြို့နယ်နေ(ဦးဖိုးဆင်-ဒေါ်အေးစိန်)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးချက်ကြီး-ဒေါ်စောရင်)တို့၏ သားသမက်၊ ဒိုက်ဦးမြို့၊ကျောင်းစုရပ်ကွက် မြသီရိလမ်းနေ ဒေါ်သန်းသန်း(အထက-၂၊ငြိမ်း)၊ ဦးဝင်းမြင့်-ဒေါ်ကြည်ကြည်ချိုတို့၏ မွေးသဖခင်၊ မသဇင်ဝင့်(ကမ္ဘောဇဘဏ်၊လှိုင်)၊မောင်ကျော်စည်သူ(ခ)မေဒေး၊ မောင်စွမ်းထက်အောင်တို့၏ အဘိုး၊ (ဒေါ်ကျင်နု)၏ခင်ပွန်းသည် ၁-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရွာတန်းရှည်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ သိမ်း၊ ကျောင်း ဒါယကာကြီး
ဦးလှမြတ်(ပုလော) (၇၇)နှစ်
ဆောက်လုပ်ရေး-SAE(ငြိမ်း)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပန်းချယ်ရီလမ်း၊ ခရေပင်ရိပ်မွန်(၂)၊ R/9c နှင့် တနင်္သာရီတိုင်းဒေသကြီး၊ပုလောမြို့နေ (ဦးသာဆွေ-ဒေါ်ကျင်သက်)တို့၏သား၊ (ဦးဘသိန်း-ဒေါ်ငွေအုံ)တို့၏ သားသမက်၊ ဒေါ်သိန်းရှင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထွန်းထွန်းဦး၊ ဗိုလ်မှူးချုပ်နိုင်ဝင်း-ဒေါ်ခင်ထွေးဦး၊ ဒေါ်ချိုမာအေး၊ ဦးမြင့်နိုင်-ဒေါ်ချိုချိုခိုင်၊ ဦးသန်းထွန်းဇော်-ဒေါ်ချောစုခိုင်တို့၏ဖခင်၊ မောင်သီဟနိုင်၊ မောင်ဝဏ္ဏနိုင်၊ မောင်ဇေယျနိုင်၊ မောင်ဇေယျာလင်း၊ မောင်ထူးသော်လင်း၊ မမေဘယ်လ်ဇော်တို့၏အဘိုးသည် ၂-၁၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံရှိငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်ရွှေ အသက်(၆၆)နှစ်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နေ(ဦးသိန်းဟန်-ဒေါ်ဘေဘီ)တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးစံ-ဒေါ်ထွေးတင်)တို့၏သမီးချွေးမ၊ မဒေစီမြမြဝင်း၊ ကိုတင်မောင်ဝင်း-မသီဂီ၊ ကိုမြင့်ကြည်-မဒေစီလှလှဝင်း၊ ကိုသက်ဦး-မနွယ်နီဝင်း၊ ကိုရဲမင်းဝင်း-မမေဇင် လတ်၊ ကိုခင်မောင်လွင်-မဒေစီပပဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မအိမ့်ကြည်ဖြူ မောင်ခန့်တည်ကြည်၊ မောင်ကောင်းဆက်ပိုင်၊ မောင်ထက် အာကာဦးတို့၏အဘွား၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘောဇပန်းခြံ(၂)လမ်း၊ အမှတ်(၃၆၄/ခ)နေဦးမြဒင်၏ ချစ်လှစွာသောဇနီး ဒေါ်တင်ရွှေသည် ၂၈-၁၁-၂၀၁၃(ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ဦးမြဒင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဝေလွင်(၅၉)နှစ်
(စုံစမ်းရေးမှူး၊ စစစ-ငြိမ်း)

ဦးစိန်မြင့်-(ဒေါ်ပန်းမြင့်)တို့၏ သား၊ ဦးသက်စိန်-ပါမောက္ခဒေါ်အေးအေးမြင့်(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ရောဂါဗေဒဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်-၁)တို့၏ မောင်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းခြံတန်းလမ်း၊ အမှတ်(၉၀)၊ ငါးလွှာ(B)နေ ဒေါ်အေးအေးထွန်း(ဦးစီးအရာရှိ ပတခ-ငြိမ်း)၏ ခင်ပွန်း၊ မောင်မိုးဝေစိုး၏ ဖခင်၊ မောင်ဟိန်းမိုးလွင်၏ အဘိုးသည် ၂-၁၂-၂၀၁၃ ရက် ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

အသစ်တစ်ဖန်ပြန်လည်မွေးဖွားလာမည့် ပဲခူး – စစ်တောင်းတူးမြောင်း

ဘုန်းတင်လှိုင်

ကျိုက်ပဒိုင်၊ ပုဂံ-ညောင်ပင်ရေလွှဲပေါက်များနှင့် ဆက်စပ်လျက်ရှိသော ပိုင်ကျုံရေထိန်းတံခါး

မြောင်းဖြစ်အောင်လူတို့တူးဖော်ဖောက်လုပ်ထားသော ရေလမ်းကြောင်းကို တူးမြောင်းဟု ခေါ်သည်။ ယေဘုယျအားဖြင့် တူးမြောင်းအမျိုးအစား နှစ်မျိုးရှိသည်။ (၁)ရေကြောင်းသွားလာရေးအတွက် တူးမြောင်းများ၊ (၂) စိုက်ပျိုးရေ၊ မြို့ပြရေသုံးစွဲရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် စက်မှုလုပ်ငန်းများအတွက် တူးမြောင်းများဖြစ်ကြသည်။ ရှေးဦးစွာတူးမြောင်းများကို လယ်ယာလုပ်ကိုင်ရေးအတွက်သာ ဖောက်လုပ်ခဲ့ကြ၏။ နောင်မှ ရေကြောင်းသယ်ယူပို့ဆောင်ရေး၌ ခရီးတွင်ကျယ်စေရန် တူးမြောင်းကို ဖောက်လုပ်လာကြသည်။

ကမ္ဘာအနှံ့အပြားတွင် တူးမြောင်းများကို ရည်ရွယ်ချက်မျိုးစုံဖြင့် ဖောက်လုပ်ခဲ့ကြ၏။ ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့်အကြီးဆုံးတူးမြောင်းမှာ တရုတ်နိုင်ငံရှိ မိုင်ပေါင်း ၁၀၀၀ ကျော် ရှည်လျားသော ယူဟိုးတူးမြောင်းကြီးဖြစ်သည်။ ဥရောပတိုက်တွင် ပထမဦးဆုံးဖောက်လုပ်ခဲ့သော တူးမြောင်းမှာ ပြင်သစ်နိုင်ငံရှိ ၁၄၈ မိုင်ရှည်လျားသော လန်းဒေါ့တူးမြောင်း ဖြစ်သည်။ ထို့အတူဂျာမနီနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ရှေးကျသော၊ ကြီးမားသော၊ ရှည်လျားသော၊ ထင်ရှားသော၊ အရေးပါအရာရောက်သော တူးမြောင်းကြီးများ ဖောက်လုပ်ခဲ့ကြ၏၊ အမေရိကတိုက်ရှိ ပနားမားတူးမြောင်းနှင့် အီဂျစ်နိုင်ငံရှိ စူးအက်တူးမြောင်းတို့သည် ကမ္ဘာတွင်ထင်ရှားကျော်ကြား၏။

မြန်မာနိုင်ငံတွင်လည်း ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ပင်းယခေတ်၊ ညောင်ရမ်းခေတ်၊ ဟံသာဝတီခေတ်၊ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ်တို့တွင် လယ်ယာစိုက်ပျိုးရေးအတွက် တူးမြောင်းများ ဖောက်လုပ်ခဲ့ကြသည်။ ထို့ပြင် တွံတေးတူးမြောင်း၊ ကျိုက်ထိုတူးမြောင်း(ယခုတိမ်ကော)နှင့် ပဲခူး-စစ်တောင်းတူးမြောင်းတို့သည် ရေကြောင်းခရီးသယ်ယူပို့ဆောင်ရေးလွယ်ကူစေရန် ဖောက်လုပ်ထားသော တူးမြောင်းများဖြစ်ကြသည်။ မန္တလေးတူးမြောင်း၊ ရွှေဘိုတူးမြောင်း၊ ရေဦးတူးမြောင်း၊ မုန်းတူးမြောင်း၊ စလင်းတူးမြောင်းနှင့် မန်းတူးမြောင်းတို့သည် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နိုင်စေရန်ဖောက်လုပ်ထားသော ရှေးကျပြီးထင်ရှားသည့်တူးမြောင်းများဖြစ်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့●

ယနေ့ မာတိကာ

နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

စာမျက်နှာ - ၅

(၂၇)ကြိမ်မြောက်ဆီးဂိမ်းမီးတွန်းညှိတိုင် လက်ဆင့်ကမ်းသယ်ယူခြင်းမှသည် နိုင်ငံ့အလင်းရောင်သို့

စာမျက်နှာ - ၆

မက်ဆီမပါဝင်နိုင်သည့်ဘာစီလိုနာ အဝေးကွင်းနှစ်ပွဲဆက်ရှုံးပွဲကြုံ

စာမျက်နှာ - ၁၂

ကြော်ငြာစာမျက်နှာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာအပို ရှစ်မျက်နှာ ပါရှိပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်ရေး ပြီးပြည့်စုံသော သယ်ယူပို့ဆောင်ရေးအဖြစ် ပြင်ဆင်ထားပြီးဖြစ်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဇေယျာ(မိုင်ရာ)

ဆီးဂိမ်းပြိုင်ပွဲအား အချိန်ကိုက်ညီစွာရောက်ရှိယှဉ်ပြိုင်နိုင်ရေးအတွက် အဓိကအရေးပါသည့် သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ အားကစားပြိုင်ပွဲတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးစိုးမင်းအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

ကော်မတီအနေဖြင့် အဓိကထားတာဝန်ယူဆောင်ရွက်ပေးမည့် လုပ်ငန်းတာဝန်များကို မေးမြန်းရာမှာ ညွှန်ကြားရေးမှူးက "လုပ်ငန်းတာဝန်သုံးရပ်ချမှတ်ပြီး ဆောင်ရွက်ထားပါတယ်။ ပြိုင်ပွဲကို တရားဝင်လာရောက်ကြမယ့် နိုင်ငံတကာမှ ဖိတ်ကြားထားတဲ့ဧည့်သည်များ၊ ဒိုင်/ဂျူရီအဖွဲ့၊ အားကစားအဖွဲ့များ၊ မီဒီယာနှင့် လေ့လာသူများကို သယ်ယူပို့ဆောင်ပေးပါမယ်၊ ဒုတိယအနေနဲ့ ဖွင့်ပွဲ၊ ပိတ်ပွဲမှာ ပါဝင်တင်ဆက်ကြမယ့် ဖျော်ဖြေရေးအဖွဲ့များကို ပို့ဆောင်ပေးမှာပါ၊ တတိယအနေနဲ့ကတော့ ပြိုင်ပွဲတွေကိုအားပေးကြမယ့် ပြည်သူတွေအတွက် သယ်ယူပို့ဆောင်ရေး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ပဲဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဆီးဂိမ်းအားကစားပြိုင်ပွဲသို့ နိုင်ငံတကာမှ တရားဝင်လာရောက်ကြမည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့○

အားကစားရွာကို ဗဟိုပြုပြေးဆွဲပေးမည့် Shuttle Bus များကို တွေ့ရစဉ်။

ကြေးမုံ
(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးထုတ်

ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ၇ ရက်သာ လိုတော့သည်။ ၃ - ၁၂ - ၂၀၁၃ (အင်္ဂါနေ့)

မြန်မြန်ပြေး ဝေးဝေးပစ် မြင့်မြင့်ခုန်ကြသူများ သို့မဟုတ် ပြေးခုန်ပစ်အားကစားနည်း

စိုးညီ

ပြေးခုန်ပစ်အားကစားနည်း (Track and Field Sport) သည် မျက်မှောက်ကာလအားကစားပြိုင်ပွဲကြီးများ၏ အဓိကကျသောအစိတ်အပိုင်းတစ်ခုဖြစ်ရုံသာမက ရှည်လျားသောသမိုင်းကြောင်းနှင့်အတူ လူသားတို့၏စွမ်းရည်ကို ဖော်ထုတ်ရာရှေးဦးလမ်းပြအားကစားနည်းတစ်ရပ်ဖြစ်ပါသည်။ ပြေးခုန်ပစ်အားကစားနည်းသည် ရွှေတံဆိပ်အရေအတွက်အများအပြားချီးမြှင့်သော အားကစားနည်းလည်း ဖြစ်သည်။ ၂၀၁၂ လန်ဒန်အိုလံပစ်တွင်ပြေးခုန်ပစ်ပွဲစဉ်၌ ရွှေတံဆိပ် ၄၇ ခု ချီးမြှင့်ခဲ့ကာ ၂၀၁၁ ဆီးဂိမ်းတွင်ပွဲစဉ်ပေါင်း ၄၆ ပွဲ ကျင်းပခဲ့သည်။ ရွှေတံဆိပ်အရေအတွက် အမြောက်အမြားချီးမြှင့်သောအားကစားဖြစ်၍ နိုင်ငံအလိုက်ရပ်တည်မှုအဆင့်မြင့်မားစေရန် ပြေးခုန်ပစ်အားကစားနည်းတွင် အောင်မြင်မှုရရှိရန် အရေးကြီးလှသည်။ ထို့အပြင် ကမ္ဘာ့အိုလံပစ်၊ အာရှအားကစားပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတို့တွင် ပြေးခုန်ပစ်အားကစားနည်းသည် မပါမဖြစ် ထည့်သွင်းကျင်းပသောအားကစားနည်းတစ်ရပ်လည်း ဖြစ်ပါသည်။ ပြေးခုန်ပစ်အားကစားနည်းတွင် အပြေး၊ အခုန်နှင့် အပစ်ပွဲစဉ်များကို အခြေခံထားပြီး ကွဲပြားခြားနားသော ပွဲစဉ်အမြောက်အမြားပါဝင်သည်။ အနိုင်အရှုံးရလဒ်သတ်မှတ်ဆုံးဖြတ်မှုမှာ ရိုးရှင်းလှသည်။ စာမျက်နှာ ၃ သို့ » »

ဆီးဂိမ်းအားကစားပြိုင်ပွဲ အားကစားယှဉ်ပြိုင်မှုများ (LED) ဘုတ်များဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသမည်
စာမျက်နှာ ၃ သို့ » »

သက်သောင့်သက်သာ စားနိုင်မယ့် MPC အတွင်းက Food Court ဆိုင်
စာမျက်နှာ ၂ သို့ » »

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကြိုဆိုဂုဏ်ပြု
စာမျက်နှာ ၂ သို့ » »

မြန်မာ့ရုပ်မြင်သံကြားမှ နေ့စဉ် ထုတ်လွှင့်သွားမည့် အားကစားပြိုင်ပွဲများ၏ လျာထားချက်ဇယား
စာမျက်နှာ ၂ သို့ » »

ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရိုက်ကူးထုတ်လွှင့်မည့် မြန်မာ့ရုပ်မြင်သံကြားမှ ရိုက်ကူးရေးယာဉ်များ

နေပြည်တော်　　ဒီဇင်ဘာ　　၂

မြန်မာ့ရုပ်မြင်သံကြားသည် သတင်းနှင့် ဖျော်ဖြေရေးကဏ္ဍများကို အဆင့်မီစွာ ရိုက်ကူးတင်ဆက်ပေးနေသည့်နည်းတူ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်မှုများကိုလည်း နိုင်ငံတကာအဆင့်မီဒစ်ဂျစ်တယ်နည်းပညာများသုံးကာ ပြည်သူများအား တင်ဆက်ပေးနိုင်ရေးကြိုးပမ်းလျက်ရှိသည်။

နေပြည်တော်ရှိ ဆီးဂိမ်းအားကစားပြိုင်ပွဲများမှ အမျိုးသားဘောလုံးပွဲစဉ်များကျင်းပမည့် ဇေယျာသီရိအားကစားကွင်း၊ လှေလှော်ပြိုင်ပွဲကျင်းပမည့် ငလိုက်ဆည်နှင့် မြားပစ်ကွင်းတို့တွင် အားကစားပြိုင်ပွဲများကျင်းပပုံကို တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်နိုင်ရန် ပြင်ဆင်လျက်ရှိနေပြီဖြစ်သည်။

နေပြည်တော် ဇေယျာသီရိအားကစားကွင်းမှ ရိုက်ကူးထုတ်လွှင့်မည့် ရိုက်ကူးရေးယာဉ်သည် ဂျာမနီနိုင်ငံမှ အပြည့်အစုံတပ်ဆင်ကာ အောက်တိုဘာလတွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါယာဉ်တွင် Audio ခန်း၊ Engineering ခန်း၊ Production ခန်း စသည်ဖြင့် စာမျက်နှာ ၂ သို့ » »

သတင်းနှင့် ဓာတ်ပုံ - ဇေယျာ(မိုင်ရာ)

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကြိုဆိုဂုဏ်ပြု

နေပြည်တော်　ဒီဇင်ဘာ　၂

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြု၍ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) မှ စီစဉ်ဆောင်ရွက်သော ရန်ကုန်နှင့် မန္တလေးမှ နေပြည်တော်သို့ သုံးဘီး (Wheel Chair) စွမ်းရည်ပြခရီးစဉ်တွင် ပါဝင်ဆင်နွှဲကြသော မသန်စွမ်းအားကစားသမားများအား ကြိုဆိုဂုဏ်ပြုပွဲကို ယနေ့နံနက် ၉ နာရီက စည်ပင်ဧည့်ရိပ်သာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုချီးကျူးစကားပြောကြားခဲ့ပြီးနောက် ပန်းဝင်လာသည့် အားကစားသမားများအား ဂုဏ်ပြုပန်းကုံးစွပ်ကြိုဆိုခဲ့သည်။

ယင်းစွမ်းရည်ပြခရီးစဉ်တွင် မန္တလေးမှ မသန်စွမ်းအားကစားသမားများသည် နိုဝင်ဘာ ၂၆ ရက် နံနက် ၅ နာရီခွဲမှ စတင်ထွက်ခွာပြီး ပန်းဝင်နေရာအဖြစ် သတ်မှတ်ထားသော နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ရောက်ရှိခဲ့ကြောင်း အားကစားသမားများအနေဖြင့် Wheel Chair ခြောက်စီး၊ စက်ဘီး တစ်စီးပါဝင်ကြောင်း မန္တလေးမှ တာဝန်ခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထို့အတူ ရန်ကုန်-နေပြည်တော်သို့ မသန်စွမ်းအားကစားသမား ရှစ်ဦးပါဝင်ပြီး စက်ဘီးတစ်စီး၊ Wheel Chair ခုနစ်စီးပါဝင်ကြောင်းနှင့် နိုဝင်ဘာ ၂၅ရက် နံနက် ၆ နာရီတွင် ရန်ကုန်မှ စတင်ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ ပန်းဝင်လာခြင်းဖြစ်သည်။ အဆိုပါ ခရီးစဉ်တွင် စုစုပေါင်း ရှစ်ညအိပ် ကိုးရက်ကြာမြင့်ခဲ့ကြောင်း မသန်စွမ်းအားကစားသမားဖြစ်သူ ကိုအောင်မြင့်စိန်က ပြောကြားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ – သန်းနိုင်(ဇမ္ဗူသီရိ)

မြန်မာ့ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်သွားမည့် အားကစားပြိုင်ပွဲများ၏ လျာထားချက်ဇယား

၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)

အချိန်	အကြောင်းအရာ	အားကစားနည်း	ယှဉ်ပြိုင်မည့်အသင်း	ပြိုင်ပွဲအမျိုးအစား
၁၀း၀၀-၁၁း၅၀	SEA Games	ခြင်းလုံး	(၁)ထိုင်း၊ (၂)မြန်မာ(ကျား)	Preliminary
၁၂း၃၀-၁၃း၅၀	SEA Games	ခြင်းလုံး	(၁)လာအို၊ (၂)ထိုင်း(မ)	Preliminary
၁၄း၀၀-၁၆း၀၀	SEA Games	ဘတ်စကက်ဘော	မြန်မာ-အင်ဒိုနီးရှား(မ)	Preliminary
၁၆း၀၀-၁၈း၀၀	SEA Games	ဘတ်စကက်ဘော	မြန်မာ-ကမ္ဘောဒီးယား(ကျား)	Preliminary
၁၈း၄၀-၂၀း၃၀	SEA Games	ဘောလုံးပွဲ	စင်ကာပူ-လာအို (ကျား)	

၉-၁၂-၂၀၁၃ (တနင်္လာနေ့)

အချိန်	အကြောင်းအရာ	အားကစားနည်း	ယှဉ်ပြိုင်မည့်အသင်း	ပြိုင်ပွဲအမျိုးအစား
၁၀း၀၀-၁၁း၀၀	SEA Games	ခြင်းလုံး	1st Group & 2nd Group(မ)	Final
၁၁း၀၀-၁၂း၀၀	SEA Games	ခြင်းလုံး	1st Group & 2nd Group(ကျား)	Final
၁၆း၀၀-၁၈း၀၀	SEA Games	ဘတ်စကက်ဘော	မြန်မာ-အင်ဒိုနီးရှား(ကျား)	Preliminary
၁၈း၄၅-၂၀း၃၀	SEA Games	ဘောလုံးပွဲ	မြန်မာ-တီမော(ကျား)	

၁၀-၁၂-၂၀၁၃ (အင်္ဂါနေ့)

အချိန်	အကြောင်းအရာ	အားကစားနည်း	ယှဉ်ပြိုင်မည့်အသင်း	ပြိုင်ပွဲအမျိုးအစား	မှတ်ချက်
၉း၄၅-၁၀း၃၀	SEA Games	ပိုက်ကျော်ခြင်း	မြန်မာ(မ)	Preliminary	
၁၀း၃၀-၁၁း၁၅	SEA Games	ပိုက်ကျော်ခြင်း	(၁)စင်ကာပူ၊ (၂)မြန်မာ(ကျား)	Preliminary	
၁၅း၀၀-၁၆း၀၀	SEA Games	ဖူဆယ်	မြန်မာ-ဗီယက်နမ်(မ)		၁၅း၀၀-၁၅း၄၅ ပိုက်ကျော်ခြင်း/မ
၁၆း၀၀-၁၈း၀၀	Sport News/ အိန္ဒိယရုပ်ရှင်/Business News				၁၅း၄၅-၁၆း၃၀ ပိုက်ကျော်ခြင်း/ကျား
၁၈း၄၅-၂၀း၃၀	SEA Games	ဘောလုံးပွဲ	မြန်မာ-ဖိလစ်ပိုင်(မ)		

၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

အချိန်	အကြောင်းအရာ	အားကစားနည်း	ယှဉ်ပြိုင်မည့်အသင်း	ပြိုင်ပွဲအမျိုးအစား
၉း၀၀-၁၂း၀၀	SEA Games	ပိုက်ကျော်ခြင်း	မြန်မာ-အင်ဒိုနီးရှား(ကျား)	Preliminary

၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့)

အချိန်	အကြောင်းအရာ	အားကစားနည်း	ယှဉ်ပြိုင်မည့်အသင်း	ပြိုင်ပွဲအမျိုးအစား
၉း၀၀-၁၂း၀၀	SEA Games	ပိုက်ကျော်ခြင်း	မြန်မာ-မလေးရှား(မ)	Preliminary
၁၄း၀၀-၁၆း၃၀	SEA Games	ဘတ်စကက်ဘော	မြန်မာ-မလေးရှား(မ)	RR-WW
၁၅း၀၀-၁၆း၃၀	SEA Games	ဖူဆယ်	မြန်မာ-မလေးရှား(မ)	
၁၅း၀၀-၁၈း၀၀	SEA Games	ပိုက်ကျော်ခြင်း	မြန်မာ-မလေးရှား(ကျား)	Preliminary
၁၆း၀၀-၁၇း၀၀	SEA Games	ဘတ်စကက်ဘော	မြန်မာ-ဖိလစ်ပိုင်(ကျား)	RR-M
၁၈း၃၀	SEA Games	ဘောလုံးပွဲ	လာအို-မလေးရှား(မ)	

* နေ့စဉ် အားကစားနည်းများအလိုက် ယှဉ်ပြိုင်မှုများ၏ အောင်မြင်မှုအပေါ် မူတည်သုံးသပ်၍ နောက်တစ်နေ့ထုတ်လွှင့်ပေးမည့် နေ့စဉ် အသေးစိတ်အားကစားပြိုင်ပွဲအစီအစဉ်များအား မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ နေ့စဉ် ည ၈ နာရီ သတင်းတွင် လည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် လည်းကောင်း၊ Webportal တွင် လည်းကောင်း ထည့်သွင်းဖော်ပြပေးသွားပါမည်။

»»» ရွှေဖိုးမှ　မြန်မြန်ပြေး ဝေးဝေးပစ် မြင့်မြင့်ခုန်ကြသူများ သို့မဟုတ် ပြေးခုန်ပစ်အားကစားနည်း

လူသားတို့၏ ကာယစွမ်းရည်အပေါ် အဓိက အခြေပြုထားသော အားကစားနည်းလည်း ဖြစ်သည်။ အပြေးပွဲစဉ်များ (Racing Events) တွင် အမြန်ဆုံးပြေးနိုင်သူ သရဖူဆောင်းကာ အပစ်နှင့်အခုန်ပွဲစဉ်များ (Throwing and Jumping)တွင် အဝေးဆုံးနှင့် အမြင့်ဆုံး ရောက်ရှိအောင် စွမ်းဆောင်နိုင်သူများအနိုင်ရကြသည်။ ပြေးခုန်ပစ်အားကစားနည်းကို ဘီစီ ၇၇၆ တွင် ဂရိနိုင်ငံ၌ကျင်းပသောခေတ်ဟောင်း Ancient Olympic Games ၌ ထည့်သွင်းခဲ့ကြောင်း သမိုင်းမှတ်တမ်းအချို့ တင်ကျန်ရစ်ပြီး မျက်မှောက်ကာလတွင် ကျင်းပနေသောအနေအထားအထိ အဆင့်ဆင့်ပြောင်းလဲလာသည်။

အပြေးပွဲစဉ်များ

ယှဉ်ပြိုင်ရသည့် အကွာအဝေးပေါ် မူတည်၍ အပြေးပွဲစဉ်များကို သုံးမျိုးခွဲခြားနိုင်သည်။ တာတို(Sprints)ပွဲစဉ်များ၊ တာလတ်(Middle Distance)ပွဲစဉ်များ၊ တာဝေး(Long Distance) ပွဲစဉ်များဖြစ်သည်။ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ နှင့် တန်းကျော်ပြေးပွဲများကို တာတိုပွဲစဉ်များအဖြစ် သတ်မှတ်ထားပြီး လျင်မြန်မှု (Speed)နှင့် ခွန်အားရှိမှု (Power)တို့မှာ အဓိကအကျဆုံးဖြစ်သည်။ တာလတ်ပွဲစဉ်များဖြစ်သည့် မီတာ ၈၀၀၊ မီတာ ၁၅၀၀ နှင့် မီတာ ၃၀၀၀ ပွဲစဉ်များမှာ လျင်မြန်မှု၊ ခွန်အားရှိမှုတို့အပြင် သက်လုံကောင်းမွန်မှုနှင့် ခံနိုင်ရည်ရှိမှုတို့ ပေါင်းစပ်ယှဉ်ပြိုင်ရသော ပွဲစဉ်များဖြစ်သည်။ မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀ နှင့် မာရသွန်ပွဲစဉ်များကို တာဝေးပွဲစဉ်များအဖြစ် သတ်မှတ်ပြီး ယင်းပွဲစဉ်များ၌ သက်လုံကောင်းမွန်မှုနှင့် ခံနိုင်ရည်ရှိမှုတို့ အဓိကကျကာ နည်းစနစ်ပိုင်းလည်း အရေးပါသည်။ မီတာ ၁၀၀ မှ မီတာ ၄၀၀ အထိ ပွဲစဉ်များတွင် တာထွက်ခုံ (Starting Blocks)ကို အသုံးပြုကြပြီး ကျန်ပွဲစဉ်များတွင်မူ တာထွက်ခုံ အသုံးပြုလေ့မရှိပါ။ တာတိုပွဲစဉ်များ၏ အဓိကပြဿနာမှာ တာထွက်စော၍ ပြိုင်ပွဲမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။ ယခင်က (၂)ကြိမ်တိုင် တာထွက်မှားမှ ထုတ်ပယ်သော်လည်း ယခုအခါတွင် တစ်ကြိမ် တာထွက်မှားရုံဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည်ဖြစ်သည်။

တန်းကျော်ပြေးပွဲများ

မီတာ ၁၁၀၊ မီတာ ၄၀၀ နှင့် မီတာ ၃၀၀၀ တားဆီးကျော်ပြေးပွဲတို့ပါဝင်သည်။ မီတာ ၁၁၀ တန်းကျော် (110m hurdles)ပွဲစဉ်တွင် အသုံးပြုသည့် တန်းအမြင့်မှာ ၃ ပေ ၅ လက်မဖြစ်သည်။ တာထွက်သည့် နေရာမှ ၄၅ ပေ(၁၃ ဒသမ ၇၂ မီတာ)အကွာတွင် ပထမဆုံးတန်းကို ထားရှိသည်။ ကျန် ၉ တန်းကို ပေ ၃၀ စီခွာ၍ နေရာချထားသည်။ နောက်ဆုံးကျော်ဖြတ်ရမည့် ဒသမမြောက်တန်းနှင့် ပန်းဝင်သည့်နေရာ အကွာအဝေးမှာ ၄၆ ပေဖြစ်သည်။ မီတာ ၄၀၀ တန်းကျော် ပြေးပွဲတွင်လည်း တန်း ၁၀ တန်းကို အကွာအဝေးတူညီစွာ နေရာချထားသည်။ တန်းကျော်ပြေးပွဲများတွင် တန်းကို တိုက်မိခြင်း၊ တန်းလဲကျခြင်းအပေါ် ပြစ်ဒဏ်အဖြစ် သတ်မှတ်ခြင်းမပြုပါ။ မီတာ ၃၀၀၀ တားဆီးကျော်ပွဲစဉ်သည် သာမန်တန်းကျော်ပြေးပွဲများနှင့် အကွာအဝေးခြားနားသလို နည်းစနစ်ပိုင်းလည်း မတူညီပါ။ မီတာ ၄၀၀ အကွာအဝေးရှိ ပြေးကွင်းကို ခုနစ်ပတ်ခွဲယှဉ်ပြိုင်ရသည်။ ထိုသို့ယှဉ်ပြိုင်စဉ်အတွင်း ၃ ပေအမြင့်ရှိ တန်းများကို ၂၈ ကြိမ် ကျော်ဖြတ်ရကာ ၁၂ ပေအကျယ်ရှိ ရေကန်ငယ်ကို ခုနစ်ကြိမ် ဖြတ်သန်းရသည်။ ရေကန်ငယ်၏ အနက်ဆုံးနေရာသည် ၂ ပေ ၄ လက်မခန့်ရှိကာ လျှောစောက်ပုံစံတည်ဆောက်ထားသည်။

တာလတ်ပွဲစဉ်များ

မီတာ ၈၀၀ နှင့် မီတာ ၁၅၀၀ တို့ဖြစ်ပြီး မီတာ ၃၀၀၀ တားဆီးကျော်ပွဲစဉ်ကိုလည်း တာလတ်ပွဲစဉ်အဖြစ် သတ်မှတ်ကောင်း သတ်မှတ်နိုင်သည်။ တာလတ်ပွဲစဉ်များဟု ဆိုသော်လည်း ပွဲစဉ်တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုများရှိနေသည်။ မီတာ ၈၀၀ ပွဲစဉ်သည် နည်းစနစ်ပိုင်းနှင့် လျင်မြန်မှုတို့ အဓိကကျပြီး မီတာ ၁၅၀၀ ပွဲစဉ်တွင် ယင်းအချက်နှစ်ချက်အပြင် သက်လုံကောင်းမှုလည်း လိုအပ်လာသည်။ မီတာ ၃၀၀၀ တားဆီးကျော်ပွဲစဉ်၌ သက်လုံကောင်းမှုမှာ ပိုမိုအဓိကကျလာသည့်အပြင် အတားအဆီးတန်းကို ကျော်ဖြတ်ယှဉ်ပြိုင်ရသောကြောင့် တန်းကို ဖြတ်ကျော်သည့် နည်းစနစ်ပိုင်း ကောင်းမွန်ရန်ပါ လိုအပ်သောကြောင့် အခြားပွဲစဉ်များနှင့် ကွဲပြား၍ သီးသန့်လေ့ကျင့်ယှဉ်ပြိုင်လေ့ရှိသည်။

တာဝေးပွဲစဉ်များ

မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀ နှင့် မာရသွန်ပွဲစဉ်များကို တာဝေးပွဲစဉ်များအဖြစ် သတ်မှတ်သည်။ မီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ မှာ အားကစားကွင်းအတွင်း ယှဉ်ပြိုင်ရပြီး မာရသွန်ပွဲစဉ်ကို အားကစားကွင်း ပြင်ပလမ်းမပေါ်တွင် ကျင်းပလေ့ရှိသည်။ မီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ ပွဲစဉ်ကို တွဲဖက်လေ့ကျင့်ကာ ပြိုင်ပွဲနှစ်မျိုးလုံး၌ ယှဉ်ပြိုင်လေ့ရှိသော်လည်း မာရသွန်ပြိုင်ပွဲဝင်များအနေဖြင့်မူ မီတာ ၅၀၀၀ နှင့် ၁၀၀၀၀ တို့တွင် ပါဝင်ယှဉ်ပြိုင်လေ့မရှိတော့ဘဲ မာရသွန်ပွဲစဉ်တစ်ခုတည်းကိုသာ သီးသန့်ယှဉ်ပြိုင်လေ့ရှိသည်။ မာရသွန်ပွဲစဉ်သည် ၂၆ မိုင်၊ ၃၈၅ ကိုက် အကွာအဝေးကို ယှဉ်ပြိုင်ရသောပွဲစဉ်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲအမျိုးအစား နှစ်ခုစလုံးအတွက် သတ်မှတ်ချက်အကွာအဝေး အတူတူပင်ဖြစ်ပါသည်။

အပစ်ပွဲစဉ်များ

ပြေးခုန်ပစ်ပြိုင်ပွဲမှ အပစ်ပွဲစဉ်(Throwing Events)များတွင် သံလုံးပစ်(Shot Put)၊ သံပြားဝိုင်းပစ်(Discus)၊ လှံတံပစ်(Javelin)နှင့် ကြိုးတပ်သံလုံးပစ် (Hammer)ပွဲစဉ်တို့ပါဝင်သည်။ သံလုံးပစ်၌ အမျိုးသားပြိုင်ပွဲဝင်များအတွက် သံလုံး၏အလေးချိန်သည် ၁၆ ပေါင်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲဝင်များအတွက် ၈ ဒသမ ၈ ပေါင်ဖြစ်သည်။ သံပြားဝိုင်းပစ်ပွဲစဉ်တွင် အမျိုးသားပြိုင်ပွဲဝင်များသည် ၄ ဒသမ ၄ ပေါင်အလေးချိန်ရှိ သံပြားဝိုင်းဖြင့် ယှဉ်ပြိုင်ရပြီး အမျိုးသမီးပွဲစဉ်၌ အသုံးပြုသော သံပြားဝိုင်း၏ အလေးချိန်သည် ၂ ဒသမ ၂ ပေါင်ဖြစ်သည်။ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲဝင်များအတွက် ၁၆ ပေါင်အလေးချိန်ရှိသော သံလုံးကို အသုံးပြုကာ ကြိုး၏အရှည်သည် သုံးပေ ၁၁ လက်မဖြစ်သည်။ အမျိုးသမီးပွဲစဉ်များ၌ ၈ ဒသမ ၈၂ ပေါင် အလေးချိန်ရှိ သံလုံးကို အသုံးပြုကာ ကြိုးအရှည် ၃ ပေ ၁၁ လက်မဖြစ်သည်။ အပစ်ပွဲစဉ်များတွင် ပြိုင်ပွဲဝင်များသည် ခြောက်ကြိမ်ခန့် အလှည့်ကျယှဉ်ပြိုင်ရလေ့ရှိပြီး ယင်းခြောက်ကြိမ်အနက် အကောင်းဆုံး တစ်ကြိမ်ကိုသာ မှတ်တမ်းတင်ပြီး အနိုင်အရှုံးအတွက် ဆုံးဖြတ်မှုပြုလုပ်သည်။

အခုန်ပွဲစဉ်များ

အလျားခုန်၊ သုံးဆင့်ခုန်၊ အမြင့်ခုန်နှင့် တုတ်ထောက်ခုန်ပွဲစဉ်တို့ ပါဝင်သည်။ အလျားခုန်နှင့် သုံးဆင့်ခုန်ပွဲစဉ်တို့တွင် ပြိုင်ပွဲဝင်၏ နောက်ဆုံးကျမှတ်နှင့် ခုန်စည်းတို့၏ အကွာအဝေးကို တိုင်းတာစံချိန်ယူပြီး တစ်ဦးလျှင် ခြောက်ကြိမ်စီ ယှဉ်ပြိုင်ရကာ အကောင်းဆုံးစံချိန်တစ်ကြိမ်ကိုသာ မှတ်တမ်းတင်သည်။ အမြင့်ခုန်နှင့် တုတ်ထောက်ခုန်ပွဲစဉ်တို့တွင် ပိုမိုမြင့်မားစွာ ခုန်နိုင်သူများကို အနိုင်ပေးခြင်းဖြစ်သည်။ အမြင့်တူညီစွာခုန်နိုင်သူ နှစ်ဦးထက်ပို၍ ရှိနေပါက ယှဉ်ပြိုင်မှုတစ်လျှောက် တန်းကို အကြိမ်အရေအတွက် ပိုမိုလွတ်အောင်ခုန်နိုင်ခဲ့သူအား အနိုင်ပေးသော စည်းမျဉ်းသတ်မှတ်ထားသည်။

လက်ဆင့်ကမ်းပွဲစဉ်များ

ပြေးခုန်ပစ်အားကစားနည်း၌ အသင်းလိုက် စုပေါင်းယှဉ်ပြိုင်ရသော ပွဲစဉ်အချို့လည်းရှိသည်။ (၄×၁၀၀)မီတာ လက်ဆင့်ကမ်းပြေးပွဲနှင့် (၄×၄၀၀)မီတာ လက်ဆင့်ကမ်းပွဲစဉ်တို့ဖြစ်သည်။ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ရပ်ခွဲခြားထားသည်။ (၄×၁၀၀)မီတာလက်ဆင့်ကမ်းပွဲစဉ်တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် မီတာ ၁၀၀ စီ ယှဉ်ပြိုင်ရပြီး ပြိုင်ပွဲအစမှ အဆုံးတိုင် သတ်မှတ်ပြေးလမ်းမှ ယှဉ်ပြိုင်ရသည်။ (၄×၄၀၀)မီတာလက်ဆင့်ကမ်းပွဲစဉ်တွင် တစ်ဦးလျှင် မီတာ ၄၀၀ စီ ယှဉ်ပြိုင်ရသည်။ ယင်းပွဲစဉ်၌ စတင်တာထွက်ယှဉ်ပြိုင်သူသာ သတ်မှတ်ပြေးလမ်းအတိုင်း ယှဉ်ပြိုင်ရပြီး ဒုတိယလူမှစ၍ စိတ်ကြိုက်ပြေးလမ်းမှ ယှဉ်ပြိုင်နိုင်သည်။

(၁၀)မျိုးစုံနှင့် (၇)မျိုးစုံ

ပြေးခုန်ပစ်အားကစားနည်း၌ အသင်းလိုက်ယှဉ်ပြိုင်ရသော လက်ဆင့်ကမ်းပြေးပွဲများ ပါဝင်သလို အားကစားနည်းပေါင်းစုံ ပေါင်းစပ်ယှဉ်ပြိုင်ရသည့် ၁၀ မျိုးစုံ (Decathlon) ပွဲစဉ်နှင့် ခုနစ်မျိုးစုံ(Heptathlon)ပွဲစဉ်တို့လည်း ပါဝင်သည်။ အမျိုးသားပြိုင်ပွဲဝင်များအနေဖြင့် ပြေးခုန်ပစ်အားကစားနည်းမှ ကွဲပြားခြားနားသော ပွဲစဉ် ၁၀ မျိုးအား ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲဝင်များအနေဖြင့်မူ ပွဲစဉ် ခုနစ်မျိုးကို ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲဝင်များသည် မီတာ ၁၀၀၊ အလျားခုန်၊ သံလုံးပစ်၊ အမြင့်ခုန်၊ မီတာ ၄၀၀၊ မီတာ ၁၁၀ တန်းကျော်၊ သံပြားဝိုင်းပစ်၊ တုတ်ထောက်ခုန်၊ လှံတံပစ်နှင့် မီတာ ၁၅၀၀ အပြေးပွဲစဉ်တို့ကို ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ယင်းပွဲစဉ် ၁၀ မျိုးအနက် ပွဲစဉ်တစ်ခုချင်းစီကို သတ်မှတ်ထားသော စံညွှန်းများအတိုင်း အမှတ်များပေးကာ စုစုပေါင်းအမှတ်ရရှိမှုပေါ် မူတည်၍ ဆုတံဆိပ်ချီးမြှင့်ခြင်းဖြစ်သည်။ အမျိုးသမီး (၇)မျိုးစုံပြိုင်ပွဲ၌ ပါဝင်သောပွဲစဉ်များမှာ မီတာ ၂၀၀၊ မီတာ ၈၀၀၊ မီတာ ၁၀၀ တန်းကျော်၊ အမြင့်ခုန်၊ အလျားခုန်၊ သံလုံးပစ်နှင့် လှံတံပစ်ပွဲစဉ်တို့ဖြစ်ကာ စုစုပေါင်းရမှတ်ဖြင့် အနိုင်အရှုံး သတ်မှတ်ခြင်းဖြစ်ပါသည်။ ■

»»» ကျော်ဖုံးမှ　ပြင်ဆင်မှုအကောင်းဆုံးအနေအထားတွင်ရှိနေသည့် မြန်မာဝူရှူး

ယှဉ်ပြိုင်မည့် ပွဲစဉ်အမျိုးအစားများအနေဖြင့် ဆန်းဆို(San Shou)တွင် သိန်းထိုက်ဦး(၄၈ ကီလို)၊ ထွန်းထွန်းဝင်း (၅၂ ကီလို)၊ ရာစုမောင်(၅၆ ကီလို)၊ ဝါဆိုခိုင်(၄၈ ကီလို)၊ စုလှိုင်ဦး(၅၂ ကီလို)တို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ထောက်လု (Taolu) အားကစားနည်းတွင် သူရစိုး(ချန်းချွမ်)၊ ကျော်ဇင်သစ်(ဓားမောက်၊ တုတ်ရှည်၊ လက်နက်ဖြင့် အတွဲအတိုက်)၊ အောင်စည်သူ(ချန်းချွမ်၊ ဓားမောက်၊ တုတ်ရှည်)၊ ဝေဖြိုးအောင်(နန်းချွမ်၊ နန်းသောင်း၊ နန်းကွန့်၊ လက်နက်ဖြင့် အတွဲအတိုက်)၊ စိုးကျော်(နန်းချွမ်၊ နန်းသောင်း၊ နန်းကွန့်)၊ ငြိမ်းချမ်းကိုကို(ထိုက်ချီချွမ်၊ ထိုက်ချီကျန့်)၊ ထက်ဟန်ကျော် (လက်နက်မဲ့ အတွဲအတိုက်)၊ အိမ့်မီမီ(နန်းချွမ်၊ နန်းသောင်း၊ နန်းကွန့်၊ လက်နက်မဲ့အတွဲအတိုက်)၊ အေးသစ္စာမြင့် (နန်းချွမ်၊ နန်းသောင်း၊ နန်းကွန့်၊ လက်နက်ဖြင့်အတွဲအတိုက်)၊ ဝေမာထွန်းသိန်း (ထိုက်ချီချွမ်၊ ထိုက်ချီကျန့်)၊ စန္ဒီဦး(ချန်းချွမ်၊ လှံရှည်၊ နှစ်ဖက်သွားဓား၊ လက်နက်မဲ့အတွဲအတိုက်)၊ မြတ်သက်ဆုဝေဖြိုး(ချန်းချွမ်၊ လှံရှည်၊ နှစ်ဖက်သွားဓား၊ လက်နက်ဖြင့် အတွဲအတိုက်)စသည်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဝူရှူးအားကစားနည်းတွင် မြန်မာနိုင်ငံအတွက် အဓိကပြိုင်ဘက်နိုင်ငံမှာ အင်ဒိုနီးရှားနှင့်ဗီယက်နမ်တို့ဖြစ်ကြောင်း သိရသည်။ နေပြည်တော် လယ်ဝေး TC 2 တွင် လွန်ခဲ့သည့် တစ်နှစ်ခွဲကျော် နှစ်နှစ်နီးပါးကတည်းက အချိန်ယူပြင်ဆင်ခဲ့သော မြန်မာဝူရှူးအသင်းသည် ပြိုင်ပွဲဝင်ရန် အသင့်အနေအထားတွင်ရှိနေပြီး အားကစားသမားတစ်ဦးချင်း၏ လိုအပ်ချက်များကို နည်းပြဆရာများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းအုပ်ချုပ်သူများအနေဖြင့် အားကစားသမားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ဒဏ်ရာအနာတရမရှိစေရေးတို့အတွက် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်ပင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပွဲစဉ်များကို ဒီဇင်ဘာလ ၇၊ ၈၊ ၉ ၊ ၁၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ■

ဓာတ်ပုံ - ALEZ

သက်သောင့်သက်သာစားနိုင်မယ့် MPC အတွင်းက Food Court ဆိုင်

နေပြည်တော်　ဒီဇင်ဘာ　၂

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၄ ရက်တွင် သတ်မှတ်ကွင်းများ၌ အကြိတ်အနယ် စတင်ယှဉ်ပြိုင်ကြတော့မည်ဖြစ်သည်။

International Broadcasting/ Main Press Center များရှိရာ နေပြည်တော် ဇမ္ဗူသီရိရှိ မဏ္ဍိုင်ရတနာကျောက်စိမ်းခန်းမ၌လည်း ပြည်တွင်းပြည်ပမီဒီယာများက သတင်းများရယူပေးပို့နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ
ဇေယျာ(မိုင်ကျ)

အဆိုပါ ခန်းမအပြင်ဘက်ရှိ All Media Information က တာဝန်ယူဖွင့်လှစ်သည့် Food Court တွင် အီတာလျံ၊ ဥရောပ၊ အာရှအစားအသောက်များကို နံနက်မှ ညတိုင် မီဒီယာသမားများ လွယ်ကူစွာ ဝယ်ယူစားသောက်နိုင်ပြီဖြစ်သည်။ ပြည်တွင်း မီဒီယာသမားများအတွက် ထမင်းနှင့်ဟင်း တစ်ခါပြင်ကိုငွေကျပ် ၃၅၀၀ ဖြင့် ဝယ်စားနိုင်သလို ပြည်ပမီဒီယာသမားများအတွက် အမေရိကန် ရှစ်ဒေါ်လာဖြင့် မှာယူချင်သည့် အစားအစာကိုပြင်ဆင်ပေးကြောင်း သိရသည်။ ကော်ဖီတစ်ခွက်ကို ငွေကျပ် ၅၀၀ ဖြင့်ရောင်းချပြီး လွယ်ကူစွာ သယ်ဆောင်သွားနိုင်ရန် ဖော့ဘူးများဖြင့် ရောင်းချပေးသည်ကို တွေ့ရသည်။

IBC/MPC အတွင်းရှိ ဖွင့်လှစ်ထားသော ရွှေပုစွန်၊ ဘားကောင်တာ စသည်တို့ရှိ အစားအသောက်များကို All Media Information ကပင် ကိုယ်စားလှယ်ယူ လုပ်ကိုင်ခြင်းဖြစ်သည်။ "ဘားကောင်တာမှာ သောက်စရာတွေကို စုံစုံလင်လင် ထားပေးထားပါတယ်။ ည ၁၂ နာရီလောက်အထိ ဖွင့်မှာပါ" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

»»» ရွှေဖိုးမှ　ဒစ်ဂျစ်တယ်နည်းပညာဖြင့်ရိုက်ကူးထုတ်လွှင့်မည့် မြန်မာ့ရုပ်မြင်သံကြားမှ ရိုက်ကူးရေးယာဉ်များ

အပြည့်အစုံပါရှိပြီး Program တစ်ခုလုံးကို အရည်အသွေး ပြည့်မီကောင်းမွန်စွာ ထုတ်လုပ်နိုင်သည်။ ကင်မရာရှစ်လုံးကို ထိန်းချုပ်နိုင်ကာ ထပ်မံ၍လည်းကင်မရာများ ဖြည့်စွက်ချိတ်ဆက် ရိုက်ကူးနိုင်ကြောင်း သိရသည်။ ရိုက်ကူးလျက်ရှိသည့် ရုပ်ပုံအချက်အလက်များကို တိုက်ရိုက်ထုတ်လွှင့်နိုင်သကဲ့သို့ သိမ်းထားလိုပါက သိမ်းထားနိုင်သည့်စနစ်ပါရှိသည်။

၎င်း HD OB Van တွင် Satellite တွဲဖက်ပါဝင်ခြင်းမရှိသည့်အတွက် အဆိုပါယာဉ်ကို တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ရာတွင် အသုံးပြုမည်ဆိုပါက Satellite စနစ်ကို ရိုက်ကူးမည့်နေရာ၌ ကြိုတင်စီမံထားရန်လိုအပ်ကြောင်းလည်း သိရသည်။

လေ့လေ့ာ်အားကစားနှင့် မြားပစ်အားကစားတို့တွင် အသုံးပြုမည့် ရိုက်ကူးရေးယာဉ် HD DSNG Van များသည် အကောင်းဆုံးပစ္စည်းများကို ပြည်ပနိုင်ငံများမှ မှာယူကာ မြန်မာနိုင်ငံတွင် တပ်ဆင်ထားခြင်းဖြစ်သည်။ အဆိုပါယာဉ်များသည် ယာဉ်အတွင်းမှပင် ကင်မရာသုံးလုံးကို ကိုင်တွယ်ထိန်းချုပ်နိုင်ပြီး ထပ်မံ၍လည်း ကင်မရာများချိတ်ဆက်နိုင်ကြောင်း သိရသည်။

အဆိုပါ HD DSNG Van များသည် Satellite ပါဝင်သည့်အတွက် HD OB Van များထက် သာလွန်သည့် အချက်ဖြစ်သည်။ HD DSNG Van သည် လတ်တလော ထူးခြားဖြစ်စဉ်များ ရိုက်ကူးထုတ်လွှင့်ရာတွင် များစွာအသုံးဝင်ကြောင်း သိရသည်။ ပြင်ပကင်မရာများမှ ရိုက်ကူးလိုက်သည့် ရုပ်ပုံအချက်အလက်များကို Satellite သို့ တစ်ပြိုင်တည်း တင်ပို့နိုင်ပြီး ပြည်သူများသို့ အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်သည်။ နိုင်ငံတကာတွင် အများဆုံးအသုံးပြုလျက်လည်းရှိကြောင်း သိရသည်။

၎င်းကဲ့သို့ အရုပ်အသံ အရည်အသွေးပြည့်မီစွာထုတ်လွှင့်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရုပ်မြင်သံကြား၏ ကြိုးစားရိုက်ကူးတင်ဆက်မှုများကို မကြာမီယှဉ်ပြိုင်တော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ပြည်သူအများကြည့်ရှုခံစားရတော့မည်ဖြစ်ကြောင်းကို ကြိုတင်သတင်းကောင်းပါးရေးသားလိုက်ရပါသည်။ ■

»»» ကျော်ဖုံးမှ　အောင်ပွဲဆွတ်ခူးမည့် မြန်မာ့ခြင်းလုံး အားကစားအဖွဲ့

ခတ်ရမည်ဖြစ်သည်။ စည်းမျဉ်းအနေဖြင့် ပခုံးနှစ်ဖက်ကြားမှ နောက်သို့ကျော်ကျသော ခြင်းလုံးကိုသာ ခတ်ခွင့်ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ နေပြည်တော် Gold Camp တွင် စခန်းသွင်းလေ့ကျင့်ခဲ့သော မြန်မာ့လက်ရွေးစင်ခြင်းအဖွဲ့သည် ရွှေတံဆိပ်ရရှိရန် သေချာနေပြီဖြစ်ကြောင်း နည်းပြ ဦးခင်မောင်ဝင်းက ပြောကြားသည်။ အဓိကပြိုင်ဘက်အသင်းမှာ ထိုင်းအသင်းဖြစ်ပြီး ပွဲစဉ်များကို ဒီဇင်ဘာ ၄ ရက်တွင် စတင်မည်ဖြစ်သည်။ ■

ဆီးဂိမ်းအားကစားပြိုင်ပွဲ (LED) ဘုတ်များဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော်　ဒီဇင်ဘာ　၂

27th SEA Games အားကစားပြိုင်ပွဲမှ အားကစားယှဉ်ပြိုင်နေမှုများကို မိဘပြည်သူများ အလွယ်တကူကြည့်ရှုနိုင်စေရေးအတွက် LED ဘုတ်များဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသမှုကို အားကစားဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ LED ဘုတ်များကို နေပြည်တော် မြို့တော်ခန်းမရှေ့ တစ်ခု၊ နေပြည်တော် မြို့မဈေးတွင် တစ်ခု၊ သပြေကုန်းဈေးရှေ့တွင် တစ်ခု၊ တပ်ကုန်းမြို့တွင် တစ်ခု၊ လယ်ဝေးအားကစားကွင်းအနီးရှိ လမ်းဆုံတွင် တစ်ခု၊ လယ်ဝေးမြို့လယ်မီးပွိုင့်တွင်တစ်ခု စုစုပေါင်း LED ဘုတ်ခြောက်ခု တပ်ဆင်ပြီးစီးပြသလျက်ရှိကြောင်း အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မိုးမင်းက ပြောကြားခဲ့သည်။

(သန်းနိုင်-ဇမ္ဗူသီရိ)

ပြင်ဆင်မှုအကောင်းဆုံး အနေအထားတွင်ရှိနေသည့် မြန်မာဝူရှူး

သတင်း-မေစုလင်း

နေပြည်တော်　ဒီဇင်ဘာ　၂

အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းနှင့် မြန်မာ ၁၀ နိုင်ငံပါဝင်ကြမည့် ဝူရှူးအားကစားပြိုင်ပွဲအတွက် မြန်မာ့ဝူရှူးအားကစားသမားများ၏ ပြင်ဆင်လေ့ကျင့်နေမှုနှင့် ဖွဲ့စည်းပုံအခြေအနေများကို မိဘပြည်သူများသိစေရန် ရေးသားဖော်ပြလိုက်ပါသည်။

မြန်မာ့ဝူရှူးလက်ရွေးစင်အဖွဲ့ကို အဖွဲ့ခေါင်းဆောင် ဦးထွန်းထွန်းဦး (အတွင်းရေးမှူး)၊ အုပ်ချုပ်သူအဖြစ် ဦးစိန်ဝမ်း၊ နည်းပြဦးဟာဟုန်း (ဆန်းဆို)၊ နည်းပြဦးမင်းမင်းထွန်း(ဆန်းဆို)၊ နည်းပြ Mr.Ba Tu Gi Ri GeLa (ဆန်းဆို)၊ နည်းပြ Mr.Zhang Zhong Xin (ထောက်လု)၊ နည်းပြ Mr.Zheng Dong Yang (ထောက်လု)၊ နည်းပြ Mr.Hou Gou Wang (ထောက်လု)တို့ဖြင့် ဦးဆောင်ဖွဲ့စည်းထားသည်။

ဝူရှူးအားကစားနည်း နှစ်မျိုးအနက် ဆန်းဆို (San Shou) တွင် အမျိုးသားအမျိုးသမီးကီလိုတန်း ငါးမျိုးရှိသည်။ အမျိုးသား ၄၈ ကီလို၊ ၅၂ ကီလို၊ ၅၆ ကီလိုနှင့် အမျိုးသမီး ၄၈ ကီလို၊ ၅၂ ကီလိုတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အပြီးသတ်အားကစားသမားရွေးချယ်မှုအဖြစ် ဆန်းဆိုတွင် သိန်းထိုက်ဦး၊ ထွန်းထွန်းဝင်း၊ ရာစုမောင်၊ စုလှိုင်ဦးနှင့် ဝါဆိုခိုင်တို့ ငါးဦးအား ရွေးချယ်ထားသည်။

ထောက်လု (Taolu) အားကစားနည်းတွင် အောင်စည်သူ၊ သူရစိုး၊ ကျော်ဇင်သစ်၊ ဝေဖြိုးအောင်၊ စိုးကျော်၊ ငြိမ်းချမ်းကိုကို၊ ထက်ဟန်ကျော်၊ စိန်သီဟအောင်၊ အိမ့်မီမီ၊ အေးသစ္စာမြင့်၊ မြတ်သက်ဆုဝေဖြိုး၊ စန္ဒီဦး၊ ဝေမာထွန်းသိန်းတို့ ၁၃ ဦး ပါဝင်သည်။ ထောက်လု (Taolu) အားကစားနည်းမှာ လက်ရှိအချိန်တွင် ပြင်ဆင်မှုအကောင်းဆုံးအနေအထားတွင်ရှိပြီး ရွှေတံဆိပ် ခြောက်ခုရရန် မျှော်မှန်းထားကြောင်း ဝူရှူးနည်းပြတာဝန်ခံအုပ်ချုပ်သူ ဦးစိန်ဝမ်းက ပြောကြားသည်။

စာမျက်နှာ ၂ သို့ »»

အောင်ပွဲဆွတ်ခူးမည့် မြန်မာ့ခြင်းလုံး အားကစားအဖွဲ့

သတင်း-သကြ်န်မိုး

နေပြည်တော် ဒီဇင်ဘာ ၂

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ခြင်းလုံးအားကစားနည်းကို မြန်မာ၊ ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ခြင်းလုံးအားကစားနည်းကို ပွဲစဉ်လေးမျိုးဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ပွဲစဉ် (၁)သည် ခြေဖျား၊ ခြေခွင်၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ ဖမျက်တို့ဖြင့် တစ်ယောက် တစ်မျိုးစီ ခတ်ရမည့် မျိုးကွဲခတ်ပြိုင်ပွဲဖြစ်သည်။ ပြိုင်ပွဲဝင် ခြောက်ဦးသည် ခြောက်မျိုးစလုံးကို တစ်ဦးလျှင် တစ်မျိုးစီဖြင့် မတူအောင်ခတ်ရမည်ဖြစ်ပြီး ခြောက်ဦးလျှင် ခြောက်မျိုးလုံးထိအောင် ခတ်ရမည်ဖြစ်သည်။

ပွဲစဉ် (၂) သည် မျိုးတူခတ်ပြိုင်ပွဲဖြစ်ပြီး တစ်ဦးက ခြေဖျားဖြင့် စခတ်လျှင် ကျန်ငါးဦးက ခြေဖျားဖြင့် လိုက်ခတ်ရမည်ဖြစ်သည်။ ခြေခွင်နှင့်စလျှင် ခြေခွင်၊ ဒူးနှင့်စလျှင် ဒူး စသဖြင့် ပုံစံတူခတ်သွားရမည်ဖြစ်သည်။

ပွဲစဉ် (၃) သည် တစ်ကိုယ်တော်အစွမ်းပြရမည်ဖြစ်ပြီး တစ်ဦးတည်းက ခြေဖျား၊ခြေခွင်၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ဖမျက် ခြောက်မျိုးစလုံးထိအောင် ခတ်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၄) တွင် ပထမတစ်ဦးက ခြေဖျားဖြင့်စလျှင် နောက်လူက ထပ်ခြေဖျားဖြင့်လည်းကောင်း၊ ခြေခွင်ဖြင့်ခတ်လျှင် ထပ်ခြေခွင်၊ ဒူးဖြင့်စလျှင် ထပ်ဒူး(နှစ်ဆင့်ဒူး) ဖြင့်လည်းကောင်း၊ ဖဝါးဖြင့်စလျှင် နောက်ဖဝါးဖြင့်လည်းကောင်း၊ ဖနောင့်ဖြင့်စလျှင် နောက်ဖနောင့်၊ ဖမျက်ဖြင့်စလျှင် နောက်ဖမျက်တို့ဖြင့်

စာမျက်နှာ ၃ သို့ »»

ဓာတ်ပုံ-komo



မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ခြံအမှတ် လ/၅၊ သီရိမင်္ဂလာမိန်းလမ်း၊ သီရိမင်္ဂလာရပ်ကွက်၊ ဇေယျာဝတီမြို့နေ (ဦးမောင်မောင်ရွှေ)မြို့နယ်မန်နေဂျာ၊ ကုန်သွယ်လယ်ယာ(ငြိမ်း) -ဒေါ်လှလှမိုး [မြို့နယ်သ/မ(ငြိမ်း)]တို့၏သားဦး

ဗိုလ်ကြီးဇေယျာမင်းရွှေ

B.E(Mechanical)DI,D.S.T.A

B.E(Civil),M.E,Ph.D(Bridge Structure)MADI,Moscow

လက်ထောက်ကထိက၊ တပ်မတော်နည်းပညာတက္ကသိုလ်

နှင့်

ခြံအမှတ် (၉၈)၊ ဘရဏီ(၃)လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဒုတိယရဲမှူးကြီးခင်မောင်အေး(ငြိမ်း)-ဒေါ်ဟေမာလှိုင် (သဇင်ညည့်ရိပ်မွန်၊ ချောင်းသာကမ်းခြေ)တို့၏သမီးဦး

မချောစုအေး

B.C.Sc(UCSY),B.Act(YIE)

တို့၏ ၁-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် **Sedona Hotel** ၌ ကျင်းပပြုလုပ်ခဲ့သည့်မင်္ဂလာညည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူရဲမြင့်(ငြိမ်း)နှင့်ဇနီးဒေါက်တာဒေါ်တင်လေးမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌဗိုလ်မှူးချုပ် သူရမြင့်သိန်း တပ်မတော်လေ(ငြိမ်း)နှင့်ဇနီး ဒေါ်ကြည်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း) ဝန်ကြီး(ငြိမ်း)ပြည်ထဲရေးဝန်ကြီးဌာန၊ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) ရဲချုပ်(ငြိမ်း) နှင့်ဇနီးဒေါ်တင်တင်အုံး၊ ဗိုလ်မှူးကြီးလှထွန်း(ငြိမ်း)ဒုရဲချုပ်နှင့်ဇနီးဒေါ်ထားထားတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းအပေါင်းနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမိုးမြတ်နိုးဖြူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မအိသက်မွန်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မမေသက်ဇွန်၊ သတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးသက်နိုင်ဦးနှင့် ဗိုလ်ကြီးဆန်းထွဋ်တင်၊ သတို့သမီးအရံများဖြစ်ကြသော မသန္တာလင်းရွှေနှင့် မယုယုအေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်စိုးစန္ဒာထွန်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ဦးရန်ပိုင်စိုးမြန်မာ့သံစဉ်တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးချုပ်လုပ်ပြီး ဆံပင်မိတ်ကပ်အလှပြင်ဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော **Dagon Printing and Invitation Cards**၊ ပန်းအလှပြင်ဆင်ပေးပါသော **Blessings**၊ အင်းဝအပ်ချုပ်ဆိုင်နှင့် ရှုရှုရင်ဖိနပ်ဆိုင်တို့အားလည်းကောင်း၊ **Pre Wedding** ဓာတ်ပုံများနှင့် မှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံများ ရိုက်ကူးပေးပါသော **Forever**နှင့် ရွှေဆောင်ဓာတ်ပုံတိုက်မှ အဖွဲ့သားများအားလည်းကောင်း၊ စွန်းလွန်းဂူဝိပဿနာကျောင်း၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် **Summit Park View Hotel** ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအရာရှိကြီးများ၊ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ **Sedona Hotel**နှင့် **Summit Park View Hotel** တို့မှတာဝန်ရှိသူများအားလည်းကောင်း၊ လူကိုယ်တိုင် တက်ရောက်နိုင်ခြင်းမရှိသော်လည်း လက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ပြည်တွင်း၊ ပြည်ပမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ သူငယ်ချင်းအပေါင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးဇေယျာမင်းရွှေ-မချောစုအေး

တိုက်ခန်းရောင်းမည်

အမှတ် ၂၇၊ ၇-လွှာ၊ ၁၀၁လမ်း။

ဆက်သွယ်ရန်-၀၉-၃၁၂၇၂၀၀၀

သွေးသည်အသက်

မြေနှင့်အိမ်ရောင်းမည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီ၊ မဥ္ဇူလမ်း၊ (၀. ၁၁၀) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ် **RC**ကိုအမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၁၀၇၆၇၈၊ ၀၉-၄၃၀၂၇၆၃၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

